Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၆) ခရစ်နှစ် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ(၁၅) * မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## စစ်ဗိုလ်ချုပ်များအာဏာလုမှုကြောင့် တိုင်းပြည်ပျက်သုဉ်းနိုင် ဗိုလ်ရွှေမန်း ဝန်ခံပြောကြား

နအဖ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အမိန့်ဖီဆန်မှု၊ နိုင်ငံတော်ပုန်ကန်ရန် ကြိုးစားမှုတို့အတွက် ဖမ်းဆီးစစ်ဆေး နေခြင်းဖြစ်ပြီး၊ ထိုကိစ္စကို ပြင်းထန်စွာ အရေးယူသွားမည် ဖြစ်ကြောင်း တပ်မတော်ကြည်း၊ ရေ၊ လေ ပူးတွဲညှိနှိုင်းရေးမှူး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ထုတ်ဖော်ပြောကြားလိုက်သည်။



အနာဂတ်စစ်ဦးစီးချုပ်လောင်း ဗိုလ်ရွှေမန်း

အောက်တိုဘာ(၂၄) ရက်နေ့က ပြုလုပ်သည့် ရန်ကုန်ရှိ စီးပွားရေး လုပ်ငန်းပိုင်ရှင်များနှင့် တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ကြီးရွှေမန်းက ယခုလို ပြောကြားလိုက်ခြင်းဖြစ်ပြီး အခြေအနေမှာ တပ်မတော် ပြိုကွဲသွားနိုင်ရုံမျှမက မမျှော်မှန်းနိုင်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်၍ ယခုလို အချိန်မီဖမ်းဆီး လိုက်ရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါ ပြောဆိုချက်များကို နိုဝင်ဘာ (၇)ရက်နေ့တွင် စာမျက်နှာ (၁၈) မျက်နှာပါ အထူးစာစောင်အဖြစ် ထုတ်ဝေပြီး မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့်အတူ တနိုင်ငံလုံးသို့ ဖြန့်ဝေခဲ့သည်။

ထိုပြောဆိုချက်များတွင် အောက်တိုဘာဒုတိယပတ်က ဖြစ်ပွားခဲ့သည့် တရုတ်-မြန်မာနယ်စပ်၊ မူဆယ် (၁၀၅)မိုင် နမ့်ဖတ်ကားဂိတ်တွင် တာဝန်ယူထားသည့် နယ်စပ်ဒေသစည်းကမ်းထိန်းသိမ်းရေးစခန်း (နစခ)မှ ထောက်လှမ်းရေးတပ်မှူး ဗိုလ်မှူးကြည်ဇင်နှင့် နစခအဖွဲ့ဝင်များ၏ အဂတိလိုက်စားမှု၊ လာဘ်စားမှုတို့တွင် စည်းကမ်းတကျဆောင်ရွက်ရန် ဗိုလ်ချုပ်ခင်ညွန့်က တာဝန်ပျက်ကွက်ခဲ့သည့်အပြင်၊ နအဖဝန်ကြီးချုပ်နေရာနှင့် တပ်မတော်ထောက်လှမ်းရေး၊ ညွန်ကြားရေးမှူးတာဝန်တို့ကို ပူးတွဲကိုင်ထားသဖြင့် နအဖဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထောက်လှမ်းရေးတာဝန်ကို လွှဲပြောင်းပေးရန် ပြောဆိုမှုကို မနာခံဘဲ သီးခြားလူစု၍ စစ်ထောက်လှမ်းရေးမှ ဗိုလ်မှူးချုပ်များ၊ ဗိုလ်မှူးကြီးများကို ခေါ်ယူတွေ့ဆုံကာ တော်လှန်ရန် ကြိုးစားခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ပြောဆိုသွားခဲ့သည်။

လာဘ်စားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောဆိုရာတွင် တာဝန်သိပြည်သူ တဦးက နမ့်ဖတ် ကားဂိတ် လာဘ်စား မှုများကို ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး စိုးဝင်းတို့ ထံစာရေး တိုင်ကြား ခဲ့သော်လည်း တိုင်စာများမှာ ကြားဖြတ်ခံလိုက်ရသည့်အတွက် စစ်ရုံးချုပ်သို့ရောက်ရှိလာခြင်း မရှိကြောင်း၊ ထိုကိစ္စကို တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စစ်ဆေးခဲ့သည့်အခါ အမှုမှာ ထင်ထားသည်ထက် အလွန်ကြီးမားနေသည့်အတွက် ကက(ကြည်း) ရုံးချုပ်နှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းပြီး နိုင်ငံတော်အဆင့်ဖြင့် စစ်ဆေးရေးဝင်ခဲ့ကြောင်း ပြောဆိုသည်။ ထိုစစ်ဆေးတွေ့ရှိချက်အရ ကျပ်ငွေသိန်း (၂၅,၀၀၀)နှစ်သောင်းခွဲကို ငွေသားအဖြစ်သိမ်းဆည်းရမိပြီး၊ တန်ဖိုးမဖြတ်ရသေးသည့် ပစ္စည်းမျိုးစုံ သိန်း (၃၀,၀၀၀) သုံးသောင်းခန့်နှင့် ကျောက်စိမ်း (၄၂)တန်၊ ပုလဲလုံးပေါင်း (၁၃၀၀)၏ တန်ဖိုးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စုစုပေါင်း ပမာဏ ခန့်မှန်းရပင်ခက်နေကြောင်း၊ ရှင်းပြပြောကြားသည်။

ထိုတွေ့ရှိချက်များကြောင့် နစက၊ ကက (လှမ်း)နှင့် လဝက၊ ပြည်ထဲရေးတို့မှ ဝန်ထမ်းအများအပြားကိုရာထူးမှ ထုတ်ပယ်ခဲ့ပြီး၊ အနည်းဆုံး (၁၈၆)ဦးကို ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပွားမှုကို စကာပူမှပြန်လာသည့် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မကျေနပ်သည့်အတွက်အခြားတိုင်းမှူးများ၊ ဗိုလ်ချုပ်များ၏ လာဘ်စားမှုများကိုလည်း အမြန်ဖော်ထုတ်ရမည်ဟု ထောက်လှမ်းရေး နှင့် နစကတပ်များကို တန်ပြန်အမိန့်ပေးခဲ့ကြောင်း၊ ယခုလို ပြုမူဆောင်ရွက်မှုသည် တပ်မတော် ပြိုကွဲသွားနိုင်ပြီး၊ မမျှော်မှန်းနိုင်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို ရာထူးမှဖယ်ရှားပြီး အရေးယူရခြင်းဖြစ်ကြောင်း ပြောဆိုရှင်းလင်းသွားခဲ့သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နအဖဝန်ကြီးချုပ်အဖြစ် (၁၄)လကြာ တာဝန်ယူခဲ့ချိန်တွင် ညွှန်ကြားရေးမှူးအဖြစ် ၎င်းတာဝန်ယူထားသည့် ကက(လှမ်း) စစ်ထောက်လှမ်းရေးနှင့် ကက (ကြည်း) ကာကွယ်ရေးတပ်များ အကြား အာဏာနှင့်အကျိုးစီးပွား အားပြိုင်မှုကြီး ဖြစ်နေကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ယခုလို ရာထူးမှဖယ်ရှားခံလိုက်ရပြီးနောက် ဖမ်းဆီးအရေးယူမှုးပါခံလိုက်ရခြင်း ဖြစ်သည်။ လစ်လပ်သွားသည့် ဝန်ကြီးချုပ်နေရာတွင် ဒီပဲယင်းလုပ်ကြံမှုကြီးတွင် အဓိကကြိုးကိုင်သူအဖြစ် လူသိများကျော်ကြားသူ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး စိုးဝင်းကို အစားထိုးခန့်လိုက်သည်။

(၂၂)နေ့က ဖျက်သိမ်းလိုက်သည့် အမျိုးသား ထောက်လှမ်းရေးအဖွဲ့နှင့် ပတ်သက်၍ ၂၀၀၃ အောက်တိုဘာလကမှ ဗိုလ်ချုပ်ကြီးရာထူး တိုးမြှင့်ခံခဲ့ရပြီး ထိပ် ပိုင်းနေရာ ရောက်လာသည့် နအဖ ဥက္ကဋ္ဌ၏ လက်ရုံး တဆူအဖြစ်



ဒီပဲယင်းအာဏာပါးကွပ်သား ဗိုလ်စိုးဝင်း

သတ်မှတ်ခြင်းခံရသူ ဗိုလ်ချုပ်ကြီး ရွှေမန်းက ဆက်လက်ပြောကြားရာတွင် လာဘ်ယူ

စာမျက်နှာ (၁၀)၊ ကော်လံ (၄)သို့...

## လူ့ဘောင်အဖွဲ့အစည်းကောင်းမွန်မျှတရေးဆောင်ရွက်မှု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ငွေစင်နှင်းဆီဆုချီးမြှင့်ခံရ

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက်အစိုးရမဟုတ်သည့် SOLIDER (ခေါ်) တရားမျှတသော လူ့ဘောင်ဖော်ဆောင်ရေးအဖွဲ့က ၂၀၀၄ ခုနှစ် အတွက် (Silver Rose) ငွေစင်နှင်းဆီဆုကို မြန်မာ့ဒီမိုကရေစီရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နေသည့်



ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စမ်းစမ်း

အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်အား ဂုဏ်ပြုပေးအပ်လိုက်သည်။

ထိုဆုပေးပွဲအခမ်းအနားကို ဥရောပသမဂ္ဂအဆောက်အဦးတွင် နိုဝင်ဘာ(၉) ရက်နေ့က ကျင်းပခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား ပြည်ပရောက် ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းက ဆုတက်ရောက်ယူခဲ့သည်။

ထိုအခမ်းအနားတွင် ဥရောပနိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်ဟောင်းများ၊ ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌဟောင်းများ၊ ဥရောပ ပါလီမန်ကိုယ်စားလှယ်များအပါအဝင်ပရိသတ် (၃၀၀)ခန့် တက်ရောက်ခဲ့ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား ဒေါ်စမ်းစမ်းက အခမ်းအနားအဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့သည် ကမ္ဘာလူ့ဘောင်အဖွဲ့အစည်းအတွက် ကောင်းမွန်မျှတစွာ ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသည့် လူတဦးချင်းကိုဖြစ်စေ၊ အဖွဲ့အစည်းတခုကိုဖြစ်စေ ရွေးချယ်ပြီး (၂၀၀၀)ခုနှစ်မှစတင်ကာ ငွေစင်နှင်းဆီဆုကို နှစ်စဉ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ဆုရွေးချယ်ရေးအဖွဲ့တွင် ဥရောပသမဂ္ဂမှ တာဝန်ရှိသူများပါဝင်ပြီး ဆုရရှိသောအဖွဲ့အစည်းများကို ဥရောပသမဂ္ဂသာမက ကမ္ဘာကပါ အထူးအာရုံစိုက်စေ ရန်ရည်ရွယ်၍ ပေးအပ်ရခြင်းဖြစ်ကြောင်း အဖွဲ့၏ပြန်ကြားရေးတာဝန်ခံ မစ္စကာရိုလိုင်းနားက ဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် "မြန်မာ့ဒီမိုကရေစီအရေးအတွက် မျှတသော လူဘောင်အဖွဲ့အစည်းအတွက် အရေးကြီးတယ်" လို့ယူဆတဲ့အတွက် ယခုလို ဆုပေးအပ်ရခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယခုနှစ်အတွက် ငွေစင်နှင်းဆီ ဆုကို အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်နှင့်အတူ၊ ယူကရိန်းနိုင်ငံမှ ကူညီထောက်ပံ့ရေးအဖွဲ့၊ မိုးဆမ်းဘစ်မှ အမျိုးသမီးနှင့် ကလေးသူငယ်အရေးဆောင်ရွက်သူ ဂရစ်ရှင်မယ်ရှယ်နှင့် အီတလီနိုင်ငံမှ လူမှုအဖွဲ့အစည်း ဦးဆောင်သူ တွန်ဖယ်နယ်ကိုရိုတို့ကို ရွေးချယ်ပေးအပ်ခဲ့သည်။

Solider အဖွဲ့၏ ဒါရိုက်တာ ဂျန်ဘီယက်ရိုက မြန်မာ့ဒီမိုကရေစီရေးကို ဦးဆောင်နေသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကဲ့သို့သော အဖွဲ့အစည်းတခုကို ဆုပေးရသည့်အတွက် ကျေနပ်အားရမိကြောင်းနှင့် မြန်မာနိုင်ငံတွင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အစိုးရတရပ် အမြန်ဆုံးပေါ်ပေါက်မည်ဟု ယုံကြည်ကြောင်း ပြောကြားသွားသည်။ ❖

## မင်းဆိုးကို ''မိုးကြိုး'' ပစ်ပြီ

### “ပြည်တွင်းစစ်ကို တားဆီး၊ ဒီမိုကရေစီရေးကို ဦးတည်”

ဝန်ကြီးချုပ် ဗိုလ်ခင်ညွန့်ကို အောက်တိုဘာလ (၁၉)ရက်နေ့က ကျန်းမာရေးအခြေအနေအရဟုဖော်ပြကာ ဗိုလ်သန်းရွှေလက်မှတ်ထိုး၍ တာဝန်မှအနားယူခွင့်ပေးလိုက်သည်ဟု ဆိုသည်။ အောက်တိုဘာ (၂၄)ရက်နေ့တွင် ဗိုလ်ရွှေမန်းက ဗိုလ်ခင်ညွန့်ကို ထုတ်ပစ်ရသည့် အဓိကအကြောင်းရင်းမှာ အမိန့်နာခံမှုမရှိခြင်းနှင့် အဂတိလိုက်စားမှု၊ လာဘ်ယူမှုများနှင့် ပတ်သက်ဆက်စပ် တာဝန်ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ပြောင်းလဲပြောကြားခဲ့သည်။ ထို့အပြင် တပ်မတော်ပြိုကွဲမှုအန္တရာယ် ဖြစ်ပေါ်စေနိုင်သည့်အပြင် နိုင်ငံတော်အတွက်ပါ လွန်စွာ အန္တရာယ်ကြီးသည့်အခြေအနေကို ဦးတည်နေသဖြင့် ဗိုလ်ခင်ညွန့်အား တာဝန်မှ အနားပေးလိုက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပိုမို၍ပွင့်ကျလာသည့် အချက်က မည်မျှအတိုင်းအတာအထိ အန္တရာယ်ကြီးသည်ကိုပြောရန် အချိန်ရောက်ပါက ပြောသင့်ပါက ထပ်မံ၍ ပြောဦးမည်ဟု ဆိုလာခြင်းဖြစ်သည်။

စစ်အုပ်စုအာဏာယူလာသည့် ၁၉၆၂ခုနှစ်မှစ၍ နှစ်ပေါင်း ၄၂နှစ်အတွင်း ဤကာလ စစ်အုပ်စုအကွဲအပြဲသည် မြန်မာပြည်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ဒေသတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအား စစ်အုပ်စုဆက်လက်တည်ရှိမှုက ကြီးမားစွာအန္တရာယ်ပြုလျက်ရှိသည်ဆိုသည့်အချက်ကို သက်သေထူလိုက်ခြင်းဖြစ်သည်။ ၁၉၈၇–ခုနှစ် ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘ (၁၄)ဦးဂိုဏ်းအား ဖြုတ်ပစ်ခြင်း၊ ဗိုလ်တင်ဦးအား လုပ်ကြံခြင်းတို့ထက် ပိုမိုနက်ရှိုင်းစွာ စစ်အုပ်စုအတွင်း စေ့စပ်ညှိနှိုင်းမရတော့သည့် ပဋိပက္ခ၏သင်္ကေတလက္ခဏာလည်း ဖြစ်ပေသည်။ စစ်အုပ်စုအတွင်း ဂိုဏ်းတဂိုဏ်းနှင့်တဂိုဏ်း အကြားသာမက တဦးနှင့်တဦးကြား ယုံကြည်မှု (Trust) ကွယ်ပျောက်သွားခြင်းက စစ်အုပ်စုကျဆုံးခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်သည်။ အထူးသဖြင့် စစ်အုပ်စု၏ ရာထူးဂုဏ်သိမ်များသည် ရေပွက်ပမာမျှသာ ဖြစ်သည်ဟုခံစားရသဖြင့် အများစုမှာ တာဝန်ကြီးကြီး ပေးခြင်းခံရလျှင် မြန်မြန်အဖြုတ်ခံရဖို့ သေချာသလောက်ရှိနေပြီ ဟူသောစိုးရိမ်မှုက ကြီးစိုးလျက်ရှိနေသည်။ မိမိကိုယ်မိမိလည်း မယုံ၊ မိမိလုပ်သည့်အလုပ်ကိုလည်းမယုံ၊ စစ်အုပ်စုအတွင်း အချင်းချင်းကိုလည်းမယုံ၊ စသည်ဖြင့် မယုံကြည်ခြင်း ဝဲသြဃသံသရာ၏ အကျိုးဆက်အဖြစ် စိတ်ကျဝေဒနာကိုခံစားနေကြရသည့် ယနေ့ကာလတပ်မတော်သားများ၏ ဘဝမှာ အဆိုးဆုံးကာလသို့ ဆိုက်ရောက်လျက်ရှိသည်။

တဖက်ကကြည့်ပြန်လျှင်လည်း အာဏာကို အာသာငမ်းငမ်းတပ်မက်လျက် အာဏာနှင့် အရင်းအနှီးကို ပေါင်းစပ်လိုသော စစ်တပ်ကို ကိုယ်ကျိုးအတွက် အသုံးချ၍ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်လမ်းစဉ်ဖြင့် သွေးနားထင်ရောက်နေသော စစ်ဗိုလ်လက်သစ်များ၏ အာဏာလုပွဲမှာ ရှောင်လွှဲ၍မရနိုင်တော့ပေ။ ဤသို့ဖြစ်လာလျှင် စစ်တပ်ကား ဝါးအစည်းပြေသကဲ့သို့ ရှိမည်။ နယ်မြေအလိုက် စစ်တိုင်းမှူးအမည်ခံ စစ်ဘုရင်တို့အကြား မနနှင့် အာဏာခွဲဝေပုံမသင့်တင့်ပါက တိုင်းပြည်မှာ အဆုံးစွန်မှောင်မိုက်သော ချောက်ကမ်းပါးသို့ ရောက်ရှိမည်။ ဗိုလ်နေဝင်း၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေစသော စစ်အာဏာရူးတို့က စစ်တပ်ကို၊ အာဏာကို အကြမ်းနည်းဖြင့် ရယူရေးအမွေဆိုးကို ပေးခဲ့သည်။ ငါသိငါတတ် ဘဝင်မြင့်စိတ်ထားမျိုးသာမက လူတကာလက်အုပ်ချီမှ နေသာထိုင်သာရှိသည့်စိတ်ထားမျိုးသွတ်သွင်းပေးခဲ့သည်။ အစွန်းရောက်လူမျိုးရေးဝါဒ သွတ်သွင်းခံထားရလျက် တလွဲဆံပင်ကောင်း မျိုးချစ်စိတ်ဖြင့် ပြောင်းလဲနေသည့် နိုင်ငံတကာအခြေအနေကို သိမြင်နိုင်စွမ်းမရှိသော နွားခြေရာခွက်ထဲမှဖားသူငယ် လက္ခဏာဆောင်နေလျက်ရှိသည့် စစ်ဗိုလ်ချုပ်များ၏လက်တွင် တိုင်းပြည်၏ကံကြမ္မာကို ဝကွက်အပ်ထားရသည့်အဖြစ်မှာ ရင်နင့်ဖွယ်ဖြစ်သည်။ စစ်တပ်အတွင်း ဗိုလ်ခင်ညွန့်လက်သစ်များရှိနေသလို ဗိုလ်ရွှေမန်းပေါက်စများက တန်းစီနေသည်။ ဤသည်မှာ မြန်မာစစ်တပ်၏ ထူးခြားသောလက္ခဏာဖြစ်သည်။ သူတို့၏ ပဋိပက္ခမှာ ပိုမိုပြင်းထန်လာလျက် ပေါက်ကွဲမည့်အခြေအနေသို့ ဦးတည်နေသည်။ တပ်မတော်ကို အချိန်မီပြုပြင်ပြောင်းလဲနိုင်သည့်အခြေအနေမျိုးဖြစ်ပေါ်မလာပါက တိုင်းပြည်၏ ရှေ့ရေးမှာ မတွေးဝံ့စရာ အန္တရာယ်ဖြစ်သည်။ ဗိုလ်ရွှေမန်း၏မှတ်ချက်ကို ဆင့်ပွားအနက်ကောက်သော် စစ်ဗိုလ်များ အာဏာလုမှုကြောင့် စစ်တပ်တွင်းပြိုကွဲလျက် ပြည်တွင်းစစ်ဖြစ်လာတော့မည်ဟူသည့် အဓိပ္ပာယ်ဖြစ်သည်။

ယင်းကဲ့သို့သော တမျိုးသားလုံး ဘေးအန္တရာယ် ကြုံတွေ့ရတော့မည့်အခြေအနေ၊ တနည်းအားဖြင့် စစ်အုပ်စုတွင်း အာဏာလုပွဲကြောင့် ပြည်တွင်းစစ်ဖြစ်ရတော့မည့်ကာလကို ကာကွယ်တားဆီးရေးသည် တမျိုးသားလုံး၏ သမိုင်းတာဝန်ဖြစ်သည်။ အထူးသဖြင့် စစ်တပ်တွင်း တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည်။ ဖိလစ်ပိုင်ကဲ့သို့ပင် မြန်မာ ဗိုလ်ချုပ် ဖီဒယ်ရာမို့စ်ပေါ်ပေါက်ရေးကို အချိန်မီလုပ်နိုင်မည်လား။ သို့တည်းမဟုတ် ယနေ့တပ်မတော်သည် ပြည်သူ့တပ်မတော်လား၊ အာဏာရူးဗိုလ်တစု၏ လက်ကိုင်ဒုတ်(တုတ်)တပ်မတော်လား ဆိုသည်ကို သမိုင်းကစကားပြောလိမ့်မည်။ အရေးကြီးသည်မှာ ပြည်သူလူထုကြီး၏စုစည်းညီညွတ်သောအင်အားဖြင့် ပြည်တွင်းစစ်ကို တားဆီးနိုင်ရန်အတွက် စစ်တပ်ပြုပြင်ပြောင်းလဲရေးကို အချိန်မီဆောင်ရွက်ရန်နှင့် နောင်ခေတ်အဆက်ဆက် မည်သည့်အာဏာရှင်စနစ်ဆိုးမျှ မပေါ်ပေါက်စေမည့် ဒီမိုကရေစီပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်အချိန် ဖြစ်ပါကြောင်း။ ❖

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖအာဏာပိုင်များနှင့် ရွေးကောက်ပွဲကော်မရှင်ကို တရားစွဲဆို



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့်
အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား မတရားဖမ်းဆီးထားမှု၊ အဖွဲ့ချုပ်ရုံးများ ပိတ်ပင်ခံထားရမှုတို့နှင့် ပတ်သက်၍ နအဖ အာဏာပိုင်များနှင့် ပါတီစုံအထွေထွေရွေးကောက်ပွဲကော်မရှင်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြီးခဲ့သည့် အောက်တိုဘာလ(၁၄)ရက်နေ့တွင် တရားစွဲဆိုလိုက်ကြောင်း သိရသည်။

ထိုသို့ တရားစွဲဆိုရာတွင် အဖွဲ့ချုပ်ရုံးများအား ယာယီချိတ်ပိတ်ထားသည့်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို (၂၀၀၀)ပြည့်နှစ် တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၅(က)နှင့်၎င်း၊ နအဖ အာဏာပိုင်တို့အား တရားစွဲဆိုရာတွင် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို ဖမ်းဆီးချုပ်နှောင်ထားသည့်အပေါ် လျှို့ဝှက်ထားသည့်အပြင် ယနေ့တိုင် နေအိမ်အသီးသီးတွင် မတရားချုပ်နှောင်ထားခြင်းတို့အတွက်၎င်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၂၀၀)တို့အရ ရန်ကုန်မြို့ တရားရုံး ချုပ်တွင် ဦးတိုက်လျှောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ချုပ်နှောင်ထားရာတွင် မည်သည့်ပုဒ်မ မည်သည့်တရားဝင် အကြောင်းပြချက်မှမရှိဘဲ ဖမ်းဆီးထားခြင်းသည် နအဖ အာဏာပိုင်များအနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၃၄၄)နှင့် (၃၄၆)တို့ကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည့်အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက တရားလိုပြုလုပ်ကာ ယခုလိုတရားစွဲဆိုခြင်းဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် အဆိုပါ အမှုနှစ်မှုလုံးကို တရားရုံးချုပ်ပြစ်မှုဆိုင်ရာ တာဝန်ရှိသူက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က)နှင့် အကျုံးမဝင်သည့်အတွက် လက်ခံပေးရန် မဖြစ်နိုင်ကြောင်း အကြောင်းပြချက်ဖြင့် ပယ်ချခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်ဥပဒေအထောက်အကူပြုအဖွဲ့ဝင် ဦးသိန်းညွန့်က ‘ကျင့်ထုံးပုဒ်မ(၂၀၀)ဆိုတာ တရားလိုကိုယ်တိုင် ဦးတိုက်လျှောက်ထား စွဲဆိုတဲ့အမှုမှာ တရားသူကြီးက ဦးတိုက်လျှောက်ထားတဲ့သူကို ချက်ချင်းကျမ်းကိုင်စစ်ဆေး၍ ထွက်ဆိုချက်ကို ရေးမှတ်ရမယ်၊ နောက်တချက်က ဦးတိုက်လျှောက်ထားတဲ့လူက လက်မှတ်ရေးထိုးမယ်။ ပြီးရင် တရားသူကြီးကိုယ်တိုင် လက်မှတ်ရေးထိုးရမယ်၊ အခု ပယ်လိုက်တာက အဲဒီအချက်များနဲ့မညီညွတ်တာကို တွေ့ရပါတယ်’ဟု မှတ်ချက်ချပြောဆိုခဲ့သည်။ ဆက်လက်၍ ထိုပယ်ချချက်သည် တရားဥပဒေအရ ညီညွတ်ခြင်းရှိမရှိကို ပြန်လည်သုံးသပ်ပြီး အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို တင်ပြသွားမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံသို့ ပြောကြားခဲ့သည်။ ❖

## “တိုင်းရင်းသားနိုင်ငံရေးပါတီများက ပြန်လည်ရွေးကောက်ခံရသည့် သမ္မတဘုရှ်ထံ သဝဏ်လွှာပို့”

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျော့ဒဗလျူဘုရှ် ပြန်လည်အရွေးခံရသည့်အတွက် မြန်မာ့ဒီမိုကရေစီရေးကို ယခင်ကထက် ပိုမိုအကူအညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း တိုင်းရင်းသားနိုင်ငံရေးပါတီများက သဝဏ်လွှာပေးပို့လိုက်ကြောင်း သိရသည်။

ထိုသဝဏ်လွှာကို တိုင်းရင်းသားနိုင်ငံရေးပါတီ (၂၁)ခုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (ယူအဲန်အယ်လ်ဒီ)က ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးသို့ သွားရောက်ပေးအပ်ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

သဝဏ်လွှာတွင် ဂျော့ဒဗလျူဘုရှ် ပြန်လည်ရွေးချယ်ခံရသည့်အတွက် ဝမ်းမြောက်ကြိုဆိုကြောင်းနှင့် မြန်မာပြည် ဒီမိုကရေစီရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်ဟု ဆိုသည်။ ထို့ပြင် တိုင်းရင်းသားအားလုံး တို့၏ဆန္ဒအရ ဖယ်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးကို ဒီမိုကရေစီနည်းလမ်းတကျ ကူညီနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

ယူအဲန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးထောင်ကိုထန်းက“ဘာလို့ဒီလိုအားပေးကြတာလဲဆိုရင် ဂျော့ဒဗလျူဘုရှ်ဟာ ပြဿနာတွေကို ဆုံးဖြတ်တဲ့နေရာမှာ ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ ဆုံးဖြတ်တယ်။ နံပါတ်(၂)အနေနဲ့ ကမ္ဘာမှာရှိတဲ့ အာဏာရှင်ဟူသမျှကို သူကကြည့်မရဘူး” ဟုပြောဆိုခဲ့ပြီး “အာဏာရှင်တွေကိုဖယ်ရှားဖို့ သူဆက်လက်ဆောင်ရွက်မယ်လို့ ကျနော်တို့မျှော်လင့်ပါတယ်”ဟု ဒီဗွီဘီကို ပြောကြားခဲ့သည်။

အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း သဝဏ်လွှာတစောင်ပေးပို့ ဖွယ်ရှိကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ကဆိုသည်။ ရွေးကောက်ပွဲ အနိုင်ရပါတီများက သမ္မတဘုရှ်ထံ သဝဏ်လွှာများ ပေးပို့နေသော်လည်း စစ်အုပ်စုက သမ္မတရွေးကောက်ပွဲရလဒ်အတွက် ယခုအချိန်အထိ တစုံတရာပြောဆိုခြင်း မရှိသေးကြောင်း သိရသည်။



# ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် ကွယ်လွန်ရှာပြီ



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်

လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီး ဗိုလ်မှူးအောင်ခေါ် သခင်စံလှိုင် အသက်(၉၅)နှစ်သည် နိုဝင်ဘာ(၉)ရက် နေ့ညနေပိုင်းက လူကြီးရောဂါဖြင့် ရန်ကုန်မြို့ နေအိမ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

သက်ရှိထင်ရှားရှိနေသည့် ရဲဘော်သုံးကျိပ်ဝင်(၃)ဦးတို့အနက် ဗိုလ်မှူးအောင် ကွယ်လွန်သွားသည့်အတွက် ယခုအခါ လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်ရဲထွဋ်နှင့် ဗိုလ်မှူးချုပ်ကျော်ဇော တို့သာ သက်ရှိထင်ရှား ကျန်ရှိတော့သည်။

ဗိုလ်မှူးအောင် ကွယ်လွန်သွားသည့်အတွက် အသက်(၈၃)နှစ်အရွယ်ရှိပြီဖြစ်သည့် ဗိုလ်ရဲထွဋ်က "လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားလုပ်တာရယ်၊ သတ္တိရှိစွာလုပ်တာရယ်၊ ဒီလိုလုပ်တဲ့အတွက် လွတ်လပ်ရေးအတွက် သူရဲကောင်းအာဇာနည်လို့ အများက သတ်မှတ်ကြတယ်လေ၊ အဲဒီလို သတ်မှတ်တကည်းက သူကတကယ်လည်းလုပ်ခဲ့တဲ့အတွက် လွတ်လပ်ရေးအတွက် သူရဲကောင်းအာဇာနည်အမှန်ပဲ"ဟု အမှတ်တရ မှတ်တမ်းတင် ပြောကြားသွားခဲ့သည်။

တရုတ်–မြန်မာနယ်စပ်တနေရာရောက် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောကလည်း 'ဗိုလ်မှူးအောင်ရယ်၊ ဗိုလ်ရန်အောင်ရယ်၊ ဗိုလ်ရဲထွဋ်ရယ်၊ ကျနော်တို့ဟာ အတော်ရင်းနှီးတဲ့ ရဲဘော်ရဲဘက်များ ဖြစ်ကြပါတယ်။ ဗမာ့တပ်မတော်မှာလည်း နှစ်ပေါင်းများစွာအတူ အမှုထမ်းခဲ့ကြတဲ့ သူများဖြစ်ကြပါတယ် 'ဟု ပြောကြားခဲ့ပြီး 'သူ့ဘဝမှာ တိုင်းပြည်အပေါ်လူမျိုးအပေါ် တာဝန်ကျေခဲ့ပါပြီ 'ဟု ဂုဏ်ပြုပြောကြားခဲ့သည်။

ဗိုလ်မှူးအောင်သည် မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရှတ်ရှတ်ချွန်ချွန် စွန့်စွားပေးဆပ်ပါဝင်ခဲ့ပြီး ယနေ့ ကွယ်လွန်ချိန်အထိ မြန်မာ့ဒီမိုကရေစီရေး ဒုတိယလွတ်လပ်ရေး တိုက်ပွဲကြီးတွင်လည်း အဖွဲ့ဝင် (၂၃)ဦးပါ လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ကို ဖွဲ့စည်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည် ပြန်လည်တည်ဆောက်ရေးတို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်အုပ်စုခေါင်းဆောင်များ အမြန်ဆုံး တွေ့ဆုံဆွေးနွေးရန် အကြိမ်ကြိမ်သတိပေး တောင်းဆိုခဲ့သူဖြစ်သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အဖွဲ့ချုပ်ဝင်များဆုတောင်းပွဲကျင်းပ

ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး ဆုတောင်းပွဲမျိုးကို အဖွဲ့ချုပ်လူငယ်များစုပေါင်း၍ ရွှေတိဂုံဘုရားအင်္ဂါထောင့်တွင် လစဉ် အပတ်စဉ် ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါဆုတောင်းပွဲများကို မည်သူတဦး တယောက်ကမှ ဦးဆောင်ခြင်းမဟုတ်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း အဖွဲ့ချုပ်ဝင်များက ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ်သွားရောက်ကာ ဆုတောင်းကြခြင်း ဖြစ်သည်ဟု သင်္ဃန်းကျွန်းမြို့နယ်မှ အဖွဲ့ချုပ်ဝင်လူငယ်တဦးက ဒီဗွီဘီသို့ပြောကြားသည်။



အဖွဲ့ချုပ်လူငယ်များ၏ အင်္ဂါထောင့် ဆုတောင်းပွဲကိုတွေ့ရစဉ်

ထိုဆုတောင်းပွဲတွင် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံများအရ ငါးပါးသီလခံယူ၍ ဘုရားဝတ်ပြုဆုတောင်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ခေါင်းဆောင်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အပါအဝင် နိုင်ငံရေး ယုံကြည်ချက်ကြောင့် မတရားဖမ်းဆီးခြင်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံးလွတ်မြောက်ရေးကို ဆုတောင်း ကြခြင်းဖြစ်ကြောင်း အဆိုပါလူငယ်က ဆက်လက်ပြောကြားခဲ့သည်။

အလားတူ မကွေးတိုင်း၊ ချောက်မြို့နယ်မှ အဖွဲ့ချုပ်ဝင်များကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် မြို့နယ်ပဋ္ဌာန်းပွဲသို့ ပဒေသာပင်လှူဒါန်းခဲ့ကြောင်း သိရသည်။❖

# ပေါက်စရေးသားသည့် ဆောင်းပါးပါအချက်များ မှန်ကန်မှုမရှိဟု မန်းတိုင်းအဖွဲ့ချုပ်တုံ့ပြန်

မန္တလေးတိုင်း၊ အမရပူရမြို့နယ်က ရေဘေးဒုက္ခသည်များကို အခမဲ့ဆေးဝါးကုသပေးပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်



အဖွဲ့ချုပ်မှ ရေဘေးဒုက္ခသည်များအား အကူအညီများပေးနေစဉ်

မြောက်ရေး လူထုသဘောထား လက်မှတ်ထိုးခိုင်းနေသူဟူသော ပေါက်စ၏ မြန်မာ့အလင်းဆောင်းပါးသည် မှန်ကန်မှုမရှိကြောင်း မန္တလေးတိုင်း၊ အဲန်အယ်လ်ဒီအဖွဲ့ချုပ်က အောက်တိုဘာ (၁၈)ရက်နေ့တွင် တုံ့ပြန်ပြောဆိုလိုက်သည်။

"ယခုလိုရေဘေးဒုက္ခသည်တွေ၊ ဖျားနာနေတဲ့ လူတွေအပေါ်မှာ အသုံးချပြီးတော့ လက်မှတ်ထိုးခိုင်းဖို့ လုံးဝမလုပ်ဘူးဆိုတာ ကျမတို့အနေနှင့် ပြောနိုင်ပါတယ်"ဟု မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြက ဒီဗွီဘီနှင့်မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်း ရေကြီးမှုများတွင် အာဏာပိုင်များက အကူအညီမပေးသောကြောင့် မန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ဒေါက်တာဒေါ်ယုယုမေတို့က ရေဘေးဒုက္ခသည်များကို အကူအညီပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ သို့ရာတွင် ဆောင်းပါးရှင် ပေါက်စပြောသလို လက်မှတ်ထိုးခိုင်းခဲ့ခြင်း မရှိကြောင်း၊ ဒေသခံများ၏ ပြောဆိုချက်ကို ကိုးကား၍ ဒီဗွီဘီက ထုတ်လွှင့်သွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လက်မှတ်ထိုးသော ပြည်သူလူထုသည် အာဏာပိုင်နှင့် ကြံ့ဖွံ့အဖွဲ့ဝင်များက ခြိမ်းခြောက်မှုအမျိုးမျိုး ပြုလုပ်နေသော်လည်း အဖွဲ့ချုပ်ဗဟိုရုံးချုပ်တွင် လာရောက်လက်မှတ်လာထိုးသူများ ယနေ့တိုင်ရှိနေဆဲဖြစ်ကြောင်း အဲန်အယ်လ်ဒီ ပြောခွင့်ရ ဦးလွင်က သတင်းဌာနများကို ပြောကြားခဲ့သည်။

❖

# အဖွဲ့ချုပ်ဝင်များ၏လှုပ်ရှားမှုများ ပိုမိုစောင့်ကြည့်ခံနေရ

**နိုဝင်ဘာ(၃)ရက်။( ဒီဗွီဘီ )**

နအဖစစ်အုပ်စုအတွင်း အကွဲအပြဲနှင့် ရာထူးအပြောင်းအလဲများ ဖြစ်ပေါ်နေသော်လည်း ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအပေါ် ဖိနှိပ်ချုပ်ခြယ်မှုများမှာ ပြောင်းလဲသွားခြင်းမရှိသည့်အပြင် နှောင့်ယှက်မှုများ ပိုမိုတိုးမြင့်လာကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်တွင် အောက်တိုဘာလ (၃၁)ရက်နေ့က ပြုလုပ်သည့် အဖွဲ့ချုပ်မြို့နယ်စည်း၊ အဖွဲ့ဝင်များ၏ တွေ့ဆုံပွဲ၌ အဖွဲ့ချုပ်ဗဟို၏ကြေညာချက်များကို ဖတ်ကြားဆွေးနွေးနေစဉ် နယ်မြေခံရဲတပ်ဖွဲ့မှ ဒုရဲအုပ်နိုင်အောင်နှင့် ရဲတပ်ကြပ်သန်းဇော်တို့အဖွဲ့ ဝင်ရောက်လာပြီး စာရွက်စာတမ်းများကို လုယူသည်အထိ ရိုင်းပြစွာပြုမူခဲ့ပြီး၊ ဆွေးနွေးပွဲကို ချက်ချင်းရပ်ဆိုင်းပေးရန်ပြောဆိုခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းအဖွဲ့ချုပ် စည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြ၏ ပြောဆိုချက်အရ ထိုနေ့ (၁၁)နာရီအချိန်က အဖွဲ့ချုပ်ဝင် (၂၂)ဦးတို့ ဆွေးနွေးပွဲပြုလုပ်နေစဉ် အဆိုပါရဲအုပ်နှင့် ရယက အဖွဲ့ဝင်များရောက်ရှိလာပြီး ဗဟို၏ ကြေညာချက်ကို ရဲနယ်ထိန်းမောင်လှဆိုသူက အတင်းလုယူခဲ့ပြီး ဆွေးနွေးပွဲကို ဆက်မလုပ်ရန်တားမြစ်သည့်အတွက် ရပ်ဆိုင်းလိုက်ရကြောင်း သိရသည်။ ထို့နောက် ထိုကြေညာချက်ကို ရဲကမိတ္တူကူးပြီးတော့မှ ပြန်ပေးခြင်း ဖြစ်ကြောင်းကိုလည်း ဒေါ်ဝင်းမြမြက ဆက်လက်ပြောကြားသွားသည်။

ယခုလို လာရောက်တားမြစ်ချိန်တွင် မည်သည့်အကြောင်းကြောင့်ဆိုသည်ကို မသိလိုက်ရသည့်အတွက် မြို့နယ်အဖွဲ့ချုပ် ခေါင်းဆောင်များက သွားရောက်စုံစမ်းသည့်အခါ ဥက္ကဋ္ဌဦးကျော်စွာဆိုသူက ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဆွေးနွေးပွဲလုပ်သည့်အတွက် ယခုလိုတားမြစ်ခြင်းဖြစ်ကြောင်းပြန်လည်ပြောဆိုပြီး စာနှင့်ကြိုတင်အကြောင်းကြားမှ ခွင့်ပြုနိုင်မည်ဟုဆိုခဲ့သည်။

မန္တလေးတိုင်းရှိ မြို့နယ်အဖွဲ့ချုပ်ဝင်များမှာ ဒီပဲယင်းအရေးအခင်း ပြီးကတည်းက လစဉ်ပုံမှန်တွေ့ဆုံပွဲ ပြုလုပ်လာခဲ့ခြင်းဖြစ်ရာ အာဏာပိုင်များကို ကြိုတင်အကြောင်းကြားရခြင်း တကြိမ်မှ မရှိခဲ့ဟုလည်း ဒေါ်ဝင်းမြမြက ပြောဆိုသည်။ ယခုလို ဆွေးနွေးပွဲ တားမြစ်ခံရသည့်ကိစ္စကို တိုင်းအဖွဲ့ချုပ်ထံ နိုဝင်ဘာ (၁)ရက်နေ့က အကြောင်းကြားသည့်အခါ ဒေါ်ဝင်းမြမြ၏နေအိမ်ကို မြို့နယ်မယကဥက္ကဋ္ဌအပါအဝင် ကြံ့ဖွံ့အဖွဲ့ဝင်အများအပြား လာရောက်စောင့်ကြည့်နေခဲ့ကြောင်း သိရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်ဝင်းမြမြက သုံးသပ်ပြောကြားရာတွင် မယကကို ကြံ့ဖွံ့အဖွဲ့က မမှန်မကန်သတင်းများပို့သည့်အတွက် မယကအဆင့်ကပါ ယခုလို စောင့်ကြည့်ခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

အဆိုပါကိစ္စကို အဖွဲ့ချုပ်ဗဟိုသို့ အစီရင်ခံစာပို့မည်ဖြစ်ကြောင်းကိုလည်း ဒေါ်ဝင်းဝင်းမြက ဆက်လက်ပြောကြားခဲ့သည်။

အလားတူ မကွေးတိုင်း ပွင့်ဖြူမြို့နယ် အဖွဲ့ချုပ်ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညိုကိုလည်း ဒေသခံရဲအဖွဲ့က နောက်မှတချိန်လုံးလိုက်ကာ စောင့်ကြည့်နေသည့်အတွက် ဒေါက်တာအောင်မိုးညိုက စစ်ထောက်လှမ်းရေးထက်ပင် ရဲက ပိုမိုနှောင့်ယှက်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

❖

# အဖွဲ့ချုပ်ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီ ပြန်လည်ဖွဲ့စည်းပြီး

နိုဝင်ဘာလဆန်းပိုင်းက ကျင်းပခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းအစည်းအဝေးမှနေ၍ ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ရာ (၈)ရက်နေ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက စာရင်းထုတ်ပြန်လိုက်သည်။

အဖွဲ့ဝင်(၂၁)ဦးပါ အဆိုပါကော်မတီသစ်တွင် ဥက္ကဋ္ဌအဖြစ် သခင်စိုးမြင့်၊ ဒု–ဥက္ကဋ္ဌ(၁)အဖြစ် ဒေါက်တာသန်းငြိမ်း (အကျဉ်းကျနေဆဲ)၊ ဒု–ဥက္ကဋ္ဌ(၂)လစ်လပ်နေဆဲ၊ အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်၊ တွဲဘက်အတွင်းရေးမှူးအဖြစ် ဒေါက်တာသန်းဝင်းနှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးလှသိန်း၊ အမှုဆောင်များအဖြစ် မြောင်းမြဘဆွေ၊ ဦးဘစိုင်း၊ ဦးမြင့်အောင်၊ ဦးချစ်ခင်၊ ဦးမောင်မောင်လေး၊ ဦးခင်လှ၊ ဦးစိုးမြင့်(သာကေတ)၊ ဒေါက်တာမျိုးအောင်၊ ဦးတင်ရွှေ၊ ဦးဝင်းသောင်း၊ ဦးစိုးဟန်(အကျဉ်းကျနေဆဲ)၊ ဒေါက်တာ ဒေါ်မေဝင်းမြင့် (အကျဉ်းကျနေဆဲ)နှင့် အမျိုးသမီးကိုယ်စားလှယ် လစ်လပ်နေဆဲနှင့် လူငယ်ကိုယ်စားလှယ် လစ်လပ်နေဆဲ နှစ်နေရာတို့ဖြစ်ကြောင်းသိရသည်။

ယခုလို အသစ်ပြန်လည်ဖွဲ့စည်းလိုက်ခြင်းအတွက် အဖွဲ့ချုပ်လုပ်ငန်းများကို တက်ညီလက်ညီ အရှိန်မြှင့်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း တိုင်းစည်းတာဝန်ခံတဦးက ပြောဆိုသည်။ ယခုလိုပြန်လည်ဖွဲ့စည်းနိုင်ခြင်းမှာ ယခုနှစ်ပိုင်းအတွင်း ပထမဆုံးအကြိမ်ပြန်လည်ဖွဲ့စည်းမှုဖြစ်ပြီး အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း အလားတူဖွဲ့စည်းပြီး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

# ကဗျာဆရာ၊ စာရေးဆရာ အယ်ဒီတာ မောင်အောင်ပွင့်နှင့် ငြိမ်းသစ် နိုင်ငံတကာသတင်းလွတ်လပ်ခွင့်ဆုရရှိ




စာရေးဆရာ အယ်ဒီတာ မောင်အောင်ပွင့်နှင့် ငြိမ်းသစ်

အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် စီပီဂျေ (ခေါ် )သတင်းသမား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီးက ထောင်ဒဏ်နှစ် ရှည်ကျခံနေရသည့် မြန်မာနိုင်ငံသား ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာများ ဖြစ်ကြသည့် ဆရာမောင်အောင်ပွင့်နှင့် ဆရာငြိမ်းသစ်တို့နှစ်ဦးကို ယခုနှစ်အတွက် ''နိုင်ငံတကာ သတင်းလွတ်လပ်ခွင့်ဆု''ချီးမြှင့်လိုက်ကြောင်း သိရသည်။

ဆရာမောင်အောင်ပွင့်နှင့် ဆရာငြိမ်းသစ် (ခ) ဦးသောင်းထွန်းတို့သည် နိုင်ငံတွင်းပြည်သူလူထုတို့၏ နေ့စဉ်နေထိုင်မှုဘဝ အထွေထွေအခြေအနေကို ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်း၊ ပြည်နယ်အသီးသီးနှင့် နယ်စပ်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်လာများကို မှတ်တမ်းတင်ရိုက်ကူးတည်းဖြတ်ခဲ့ခြင်းတို့ကြောင့် စစ်အာဏာပိုင်များက တရားမဝင်ဗီဒီယိုရိုက်ကူးမှုနှင့် ၁၉၉၉ ခုနှစ် အောက်တိုဘာတွင် ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် (၈)နှစ်စီ ချမှတ်ခြင်းခံခဲ့ရသူများ ဖြစ်သည်။ ဆုချီးမြှင့်ခံရသူ(၅)ဦးတို့အနက် ဘရွန်ဒီနိုင်ငံမှတဦး၊ ဘီလာရုနိုင်ငံမှတဦးနှင့် အမေရိကန်နိုင်ငံမှ စာနယ်ဇင်းသမားတို့လည်း ပါဝင်ကြောင်း သိရသည်။

ဆုပေးပွဲကို နိုဝင်ဘာ (၂၃) ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသွားမည်ဖြစ်ရာ ထိုဆုပေးပွဲသို့ ဆုရှင်များကိုယ်စား ဆရာမောင်အောင်ပွင့် သားဖြစ်သူ ဖင်လန်နိုင်ငံရောက် မောင်ကြီးငြိမ်းချမ်းက တက်ရောက်လက်ခံမည်ဖြစ်သည်။

မောင်ကြီးငြိမ်းချမ်းက အဆိုပါ ဆုပေးပွဲတွင် ဖခင်ကိုယ်စား စကားပြောခွင့်ရမည်ဖြစ်ရာငင်းက ''ကျနော့်အဖေက တသက်လုံး ငြိမ်းချမ်းရေးကိုချစ်တယ်ခင်ဗျ။ ဒါကြောင့် ကျနော်ပြောရင် ငြိမ်းချမ်းရေးအကြောင်းပဲ ပြောမှာပါ။ ဗမာပြည်မှာ အမြန်ဆုံး ဒီမိုကရေစီနိုင်ငံနဲ့ လွတ်လပ်ငြိမ်းချမ်းတဲ့နိုင်ငံနဲ့ တိုင်းသူပြည်သားတွေအကုန်လုံး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တဲ့ ဘဝမျိုးကို သူလိုချင်တာကိုး အဲဒီညစာစားပွဲမှာ ငြိမ်းချမ်းရေးစကားတွေပဲ ကျနော်ပြောမှာပါ ''ဟု ဒီဗွီဘီ သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆရာမောင်အောင်ပွင့်နှင့် ဆရာငြိမ်းသစ်တို့၏ ဇနီးများကလည်း အကျဉ်းကျခံရသည့် ၎င်းတို့၏ ခင်ပွန်းသည်များအတွက် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားခဲ့ကြရာ မောင်အောင်ပွင့်ဇနီးဖြစ်သူ ဒေါ်နန်းညွန့်ရွှေက ''သူတို့ ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝအခြေအနေတွေကို အသိအမှတ်ပြုပေးတဲ့အတွက် အထူးဝမ်းသာတယ်''ဟု ထုတ်ဖော်ပြောဆိုခဲ့သလို၊ ဆရာငြိမ်းသစ်၏ ဇနီး ဒေါ်ခင်မာလာကလည်း ''ကျမတို့နိုင်ငံမှာ တကယ့်နိုင်ငံရေး အကျဉ်းသားတွေရှိနေတယ်ဆိုတာကို မီးမောင်းထိုးပြသလိုဖြစ်တဲ့အတွက် ဝမ်းသာပါတယ်''ဟု ပြောဆိုခဲ့သည်။

ဆုချီးမြှင့်ခံရသူနှစ်ဦးတို့အနက် ဆရာမောင်အောင်ပွင့်သည် (၂၀၀၁)ခုနှစ်ကလည်း ဟယ်လ်မန်ဟဲလ်မက် လူ့အခွင့်အရေးဆုကို ချီးမြှင့်ခံခဲ့ရသည်။

မကြာသေးမီရက်အတွင်းကလည်း ပြည်သူ့စာဆို ကဗျာဆရာကြီးဦးတင်မိုးကို နယ်သာလန်နိုင်ငံ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ကြီးက (၂၀၀၄)ခုနှစ်အတွက် စာပေဆု တဆုချီးမြှင့်ခြင်းခံခဲ့ရသည်။

ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်အဖွဲ့ကြီး၏ ယခုနှစ်အတွက် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် သတင်းလွတ်လပ်ခွင့် မရှိဆုံးသောနိုင်ငံစာရင်းတွင် ထိပ်ဆုံး (၃)နိုင်ငံ၌ ပါဝင်နေဆဲဖြစ်သည်။ ❖

# ဝါရင့်သတင်းစာဆရာကြီး ဦးထိန်လင်းကွယ်လွန်ရှာပြီ

ဝါရင့်သတင်းစာဆရာနှင့် နိုင်ငံရေးသမားကြီး ဗိုလ်တထောင်သတင်းစာအယ်ဒီတာချုပ်ဟောင်းဦးထိန်လင်း အသက်(၇၉–နှစ်) သည် နိုဝင်ဘာ (၄)ရက်နေ့ နံနက်စောစောပိုင်းက ရန်ကုန် ဆေးရုံကြီးတွင် နှလုံးရောဂါဖြင့် ကွယ်လွန် သွားပြီဖြစ်ကြောင်း သိရသည်။

ဦးထိန်လင်းသည် ဖက်ဆစ်တော်လှန်ရေးတွင် ဆေးတပ်ကြပ်အဖြစ် ပါဝင်ထမ်းဆောင်ခဲ့ပြီး ၁၉၄၇ တွင် ပြည်သူ့ရဲဘော်အဖွဲ့သို့ဝင်ရောက်ခဲ့ပြီးနောက် ၁၉၄၉ ခုနှစ်တွင် တောခိုခဲ့သည်။ ၁၉၅၃ ခုတွင် ဖမ်းဆီးခြင်းခံရပြီးနောက် ၁၉၅၄–၅၇ တွင် မြောင်းမြထောင်၊ ရန်ကုန်ထောင်တို့၌ အကျဉ်းကျခံခဲ့ရသည်။

ထောင်မှလွတ်ချိန်တွင် (ပမညတ) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုတွင်ပါဝင်ခဲ့ပြီး နိုင်ငံရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

ထို့နောက် ၁၉၅၈ တွင် ဗိုလ်တထောင်သတင်းစာတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ (၁၉၆၀)တွင် မြောင်းမြမြို့နယ်၊ ပမညတ အမတ်အဖြစ် ဝင်ရောက်အရွေးခံပြီး ၁၉၆၄ တွင် ဗိုလ်တထောင်သတင်းစာ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၆၅တွင် အနောက်ဂျာမနီသို့ သတင်း စာကိုယ်စားလှယ်အဖွဲ့ဝင် အနေဖြင့် သွားရောက်ခဲ့ပြီး ၁၉၆၆ တွင်'အနောက်၏ တစွန်းတစ' အမည်ရှိ စာအုပ်တအုပ်ကို ရေးသား ခဲ့သည်။

၁၉၇၀ တွင်ဖမ်းဆီးခြင်းခံရပြီး ၁၉၇၂ ပြန်လွတ်လာချိန်မှစ၍ သတင်းစာအယ်ဒီတာချုပ်ဘဝမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဦးထိန်လင်းသည် ၁၉၈၈ ခု ဒီမိုကရေစီ အရေးတော်ပုံတွင် ပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးမှုခံခဲ့သေးသော်လည်း ပြန်လည်လွတ်မြောက်လာချိန်မှ ကွယ်လွန်ချိန်အထိ ဒီမိုကရေစီရေးအတွက် မားမားရပ်တည်သွားခဲ့သည်။

မကွယ်လွန်မီ အမောဖောက်နေစဉ် ရန်ကုန်ဆေးရုံ အရေးပေါ်ဌာနသို့ ပို့ဆောင်ရန် စီစဉ်ခဲ့သော်လည်း အာဏာပိုင်များက နေအိမ်တယ်လီဖုန်းကို ဖြတ်တောက်ထားသဖြင့် အချိန်မီ မဆက်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

ဦးထိန်လင်း ကွယ်လွန်သွားခြင်းအတွက် လုပ်ဖော်ကိုင်ဖက် ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက နိုင်ငံအတွက် ဒီမိုကရေစီတိုက်ပွဲဝင်နေသူအတွက် ဆုံးရှုံးမှုကြီးတရပ်ဖြစ်ကြောင်း မှတ်ချက်ပြုပြောဆိုခဲ့သည်။

❖

# ကဗျာဆရာကြီးဦးတင်မိုး နယ်သာလန် စာပေထူးချွန်ဆုရရှိ



ကဗျာဆရာကြီး ဦးတင်မိုး

နယ်သာလန်နိုင်ငံ၊ ယဉ်ကျေးမှုနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ကြီးက မြန်မာကဗျာဆရာကြီး ဦးတင်မိုးကို ၂၀၀၄–ခုနှစ်အတွက် စာပေဆိုင်ရာ ဆုတဆုဖြစ်သည့် ဖရင့်စ်ကလော့ဆုကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ အခြားစာပေနှင့် အနုပညာရှင်(၉)ဦးတို့နှင့်အတူ စာပေဆိုင်ရာဆုကို ပူးတွဲချီးမြှင့်ခံရခြင်းဖြစ်ပြီး မြန်မာနိုင်ငံသားတဦးအနေဖြင့် ပထမဆုံးအကြိမ်ဆု ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

ဖရင့်စ်ကလော့ဆုကို (၁၉၉၇)ခုနှစ်ကစပြီး ထူးချွန်သောစာပေအနုပညာရှင်များ၊ တွေးခေါ်ပညာရှင်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများကို ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး အမ်စတာမြို့ရှိ ဘုရင့်နန်းတော်တွင် နှစ်စဉ်အခမ်းအနား ကျင်းပကြောင်း သိရသည်။

ဦးတင်မိုးသည် အသက် ၁၅ နှစ်အရွယ်မှစ၍ ကဗျာများကို စတင်ရေးသားခဲ့ပြီး ၁၉၈၈–ခုနှစ် ဒီမိုကရေစီအရေးတော်ပုံတွင် တက်ကြွစွာပါဝင်ခဲ့သည့်အပြင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် တတ်သိပညာရှင်များအဖွဲ့၌ ပါဝင်ခဲ့သည်။ ပေဖူးလွှာမဂ္ဂဇင်းအယ်ဒီတာဘဝတွင် နအဖ ဆန့်ကျင်သောကဗျာများဖော်ပြသဖြင့် အသက်၅၈–နှစ်အရွယ် ၁၉၉၁ မှ ၁၉၉၅ ဖေဖော်ဝါရီအထိ အင်းစိန်ထောင်တွင် အကျဉ်းကျခံခဲ့ရပြီး ဆရာရေးသားသည့် စာများအားလုံးကိုလည်း ပိတ်ပင်ခံခဲ့ရသည်။

ဦးတင်မိုးသည် (၁၉၅၉)ခုနှစ်တွင် 'ဖန်မီးအိမ်'ကဗျာစာအုပ်ဖြင့် စာပေဗိမာန်ဆု၊ (၁၉၇၀)တွင်'ထီးကလေးနှင့်မနီ'ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆုများ ရရှိခဲ့သည်။

❖

# သတင်းစာလွတ်လပ်ခွင့် မရှိဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံသတ်မှတ်ခံရ

မြန်မာနိုင်ငံသည် သတင်းစာလွတ်လပ်မှု မရှိဆုံးသော နိုင်ငံဖြစ်နေဆဲဖြစ်ကြောင်း ပြင်သစ်အခြေစိုက် လွတ်လပ်သောနယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ယခုနှစ်အတွက် တင်သွင်းသည့်အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြလိုက်သည်။

နိုင်ငံပေါင်း(၁၆၇)နိုင်ငံတွင် မြန်မာနိုင်ငံက အမှတ်စဉ်(၁၆၅)ဖြစ်သည်။ စစ်အုပ်စုသည် စာနယ်ဇင်းများကို မထင်လျှင်မထင်သလို ပိတ်ပင်လေ့ရှိပြီး၊ စာနယ်ဇင်းသမားများကိုလည်း ဖိနှိပ်ထောင်ချလေ့ရှိသောကြောင့်ဟု ထိုအစီရင်ခံစာက ဆိုသည်။ ဆက်လက်၍ နအဖအကျဉ်းထောင်တွင်း၌ ဝါရင့်သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်အပါအဝင် စာနယ်ဇင်းသမားများစွာတို့ နှစ်ရှည်အကျဉ်းကျခံနေပြီး၊ နာမည်ကြီးသော နအဖ၏ စာပေစိစစ်ရေးအဖွဲ့ လက်အောက်တွင်ထုတ်ဝေဖြန့်ချိရေးသားနေရမှုများမှာ ငွေမှင်သုတ်ခြင်း၊ ဆုတ်ဖြဲခြင်း၊ ကန့်သတ်ခံနေရခြင်းများဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့် လုံးဝဆုံးရှုံးလျက်ရှိသည်ဟု ဆိုသည်။

ထို့အပြင် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများကို နအဖက တိုက်ရိုက်ထိန်းချုပ်ထားပြီး၊ မြန်မာတိုင်းမ်ဂျာနယ်မှာ စစ်ထောက်လှမ်းရေးနှင့် ပတ်သက်မှုရှိသဖြင့်ထုတ်ဝေခွင့် ပိတ်ပင်ခံရတော့မည်ဟု အစောပိုင်းသတင်းများ ထွက်ပေါ်ခဲ့သည်။ နအဖအတွင်း ဗိုလ်ချုပ်ကြီး ခင်ညွန့် အဖမ်းခံရပြီးနောက်ပိုင်း စစ်ထောက်လှမ်းရေးများကို အဆက်မပြတ်ဖမ်းဆီးခဲ့ပြီး ၎င်းတို့နှင့် ပတ်သတ်သောစာနယ်ဇင်း (၁၀) ကျော်လည်း အပိတ်ပင်ခံလိုက်ပြီးနောက်ပိုင်း တိုက်တိုက်ဆိုင်ဆိုင်ပင် အဆိုပါအစီရင်ခံစာ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုရက်ပိုင်း အတွင်းတွင်လည်း အဖွဲ့ချုပ်နောင်ချိုမြို့နယ် လွှတ်တော်အမတ်ဖြစ်သူ ဦးထွန်းထွန်းဦး၏ သမီးဖြစ်သူ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူထုတ်ဝေနေသည့် ရွှေပုစွန်မဂ္ဂဇင်းနှင့် ၎င်း၏ကလောင် မေသကြီန်ဟိန်းဖြင့်ရေးသည့် စာအားလုံးကိုစာပေစိစစ်ရေးက ထုတ်ဝေခွင့် ပိတ်ပင်လိုက်သည်ဟု သတင်းများကဆိုသည်။ မြန်မာနိုင်ငံသည် နယ်ခြားမဲ့ သတင်းသမားများအဖွဲ့၏ ယမန်နှစ် အစီရင်ခံစာတွင်လည်း စာပေလွတ်လပ်ခွင့် အဆိုးရွားဆုံး ကမ္ဘာ့(၁၀)နိုင်ငံစာရင်းဝင် စိုးရိမ်ဖွယ်နိုင်ငံတနိုင်ငံအဖြစ် စာရင်းဝင်ခဲ့သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ရန် အီးယူ ထပ်မံတောင်းဆို

အာဆီယံနိုင်ငံများအနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် မြန်မာစစ်အုပ်စုကို ဖိအားပေးသွားကြဖို့လိုအပ်ကြောင်း အီးယူ (ဥရောပသမဂ္ဂ)က ပြီးခဲ့သည့်လ (၂၈)ရက်နေ့တွင် ထပ်မံတောင်းဆိုလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေသည့် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး ဘားနက်တောက အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ထိုသို့တောင်းဆိုလိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ အီးယူ၏သဘောထားရပ်တည်ချက်ကိုလည်း ပြောပြခဲ့ကြောင်းသိရသည်။

အီးယူအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းမရှိသေးသ၍ စစ်အုပ်စုအပေါ်ဒဏ်ခတ်ပိတ်ပင်ထားမှုများကို ဆက်လက်ဖိအားပေးလုပ်ဆောင်သွားမည်ဟုလည်း ဘားနက်တောက သတင်းထောက်များကို ပြောကြားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမှလာသည့် သတင်းများအရသိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုသည့် ကမ္ဘာကျော် အဆိုတော်များ သီချင်းခွေထုတ်




For The Lady **သီချင်းခွေ၏ မျက်နှာဖုံး**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ သတ္တိကိုဂုဏ်ပြုရင်း၊ မြန်မာပြည်သူများလွတ်မြောက်ရေးကို ရည်ရွယ်၍ ကမ္ဘာကျော်အဆိုတော် (၂၇)ဦး ပါဝင်သီဆိုထားသော For The Lady သီချင်းအခွေကို စက်တင်ဘာ (၂၆)နေ့မှစ၍ အမေရိကန်နှင့် ကနေဒါနိုင်ငံများတွင် စတင်ဖြန့်ချိရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

စီဒီ (၂)ချပ်ပါ အဆိုပါသီချင်းခွေတွင် Paul Mecartney, Sting, Eric Clapton, Bono, Pearl Jam, Michael Stipeနှင့် မွန်းအောင်တို့ပါဝင် သီဆိုထားပြီး ယူတူးအဖွဲ့ခေါင်းဆောင်၏ Walk On သီချင်း၊ မွန်းအောင်၏ သွေးမုန်တိုင်းသီချင်းဟောင်းများနှင့် အခြားသီချင်းအသစ်များ ပါဝင်သည်။ Walk On သီချင်းမှာ (၂၀၀၂) ဂရမ်မီဆုရ သီချင်းဖြစ်ပြီး မွန်းအောင်၏ သွေးမုန်တိုင်းမှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ကဗျာဟု သိရသည်။

"ဂီတဆိုတာ သံကန်လန့်ကာကို ဆုတ်ဖြဲဖို့ အထောက်အပံ့ပါ။ မြန်မာတွေလွတ်မြောက်ဖို့ကူညီပါလိမ့်မယ်"ဟု Eric Clapton က ပြောကြားခဲ့သည်။ ထိုခွေကို နိုင်ငံတွင်းမဝင်ရောက်ရေးအတွက် နအဖကနယ်စပ်ဂိတ်များတွင် စစ်ဆေးနေသည်ဟု သိရသည်။ For The Lady အယ်လ်ဘမ် ရောင်းရငွေကို အမေရိကန်အခြေစိုက် US Campaign For Burma ကို လှူဒါန်းမည်ဖြစ်ကြောင်း သိရပြီး မြန်မာပြည်လွတ်မြောက်ရေးအတွက် အသုံးချသွားမည်ဟုသိရသည်။ ❖

# လူ့အခွင့်အရေးအခြေအနေကောင်းအောင်အရင်မလုပ်ဘဲ အသွင်ကူးပြောင်းရေးမဖြစ်နိုင် ကုလသမဂ္ဂတတိယကော်မတီညီလာခံသို့ ယမန်နေ့အစီရင်ခံစာတင်သွင်း

မြန်မာနိုင်ငံတွင် လူအခွင့်အခြေအနေများ ဆိုးရွားလျက်ရှိနေသေးကြောင်း လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ ပင်ဟေးရိုးက ကြားဖြတ်အစီရင်ခံစာတစောင် တင်သွင်းခဲ့သည်။



**မစ္စတာ ပင်ဟေးရိုး**

ပင်ဟေးရိုးက နအဖတပ်အတွင်းရာထူးအပြောင်းအလဲပြုလုပ်၍ အဆင့်(၇)ဆင့်ပါသော လမ်းပြမြေပုံအတိုင်း ဆက်လက် လုပ်ဆောင်သည်ဖြစ်စေ၊ အမျိုးသားညီလာခံလမ်းကြောင်းကို ဆက်လက်ပြုလုပ်မည်ဖြစ်စေ၊ လူ့အခွင့်အရေး အခြေအနေကောင်းမွန်အောင် လုပ်နိုင်ခြင်းမရှိပါက အောင်မြင်သည့် အသွင်ကူးပြောင်းရေး ဖြစ်လာမည်မဟုတ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ထောက်ပြထားသည်။

ထို့အပြင် "နအဖအာဏာပိုင်တွေအနေနဲ့အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို တဆင့်ပြီးတဆင့် လုပ်ဆောင်သွားဖို့လိုပါတယ်။ ပထမအဆင့်ကတော့ နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရမှာဖြစ်ပြီး၊ အကျဉ်းသားတွေ လွတ်မြောက်လာခြင်းဖြင့် နိုင်ငံပြန်လည်ထူထောင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ယုံကြည်မှုတွေပိုရလာမယ်"ဟု ထိုအစီရင်ခံစာက ဆိုသည်။

မစ္စတာပင်ဟေးရိုးက ထိုသို့ဝေဖန်မှုများပြုလုပ်ခဲ့သော်လည်း မိမိအနေဖြင့် မြန်မာ့ဒီမိုကရေစီရေးအတွက် လိုအပ်သည့်အကူအညီများ ဆက်လက်ပေးသွားမည်ဟု ဆိုသည်။

စိတ်တိုင်းကျ ရွေးချယ်ထားသောကိုယ်စားလှယ်များဖြင့် နအဖ က ကျင်းပခဲ့သော အမျိုးသားညီလာခံသည် ယခုအခါ ရပ်တန့်ထားရပြီး လာမည့်နွေဦးရာသီတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း နအဖ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ညောင်နှစ်ပင်ညီလာခံကျင်းပရေးကော်မတီအစည်းအဝေးတွင် မကြာခင်က ပြောကြားခဲ့သော်လည်း နေ့ရက်အတိအကျသတ် မှတ်နိုင်ခြင်းမရှိသေးပေ။ ❖

# တောင်းဆိုမှုမလိုက်လျော၍ နအဖနှင့်ပူးပေါင်းဆောင်ရွက်ရန် ခက်ခဲဟု အိုင်အယ်လ်အိုက ဆို

အိုင်အယ်လ်အိုကို သတင်းပေးမှုဖြင့် အကျဉ်းကျခံနေရသူ (၃) ဦးကို ချက်ချင်းပြန်လွှတ်ပေးရန် အာဏာပိုင်များထံ တောင်းဆိုထားသော်လည်း ယနေ့အချိန်အထိ ပြန်လွှတ်ပေးခြင်းမရှိ၍ စိတ်ပျက်မိကြောင်း အိုင်အယ်လ်အိုအရာရှိကြီးတဦးက ပြောဆိုလိုက်သည်။

နိုဝင်ဘာ (၄)ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာတွင် စတင်ကျင်းပနေပြီဖြစ်သည့် အိုင်အယ်လ်အို (နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ကြီး) အုပ်ချုပ်ရေးအဖွဲ့၏ အစည်းအဝေးတွင် အမှုဆောင်ညွှန်ကြားရေးမှူး ကာရီတာပါဒီကိုက ယခုလိုပြော ကြားလိုက်ခြင်း ဖြစ်သည်။

စစ်အာဏာပိုင်များ၏ အဓမ္မလုပ်အားခိုင်းစေမှုများကို အိုင်အယ်လ်အိုသို့ သတင်းပေးခဲ့မှုဖြင့် ဦးမင်းကြည်၊ ဦးအေးမြင့်နှင့် ဦးရွှေမန်းတို့ကို အပြစ်မရှိသဖြင့် ချက်ချင်းလွှတ်ပေးရန် အိုင်အယ်လ်အိုအဖွဲ့က ယခုနှစ် မတ်လ (၁၈)ရက်နေ့နှင့် (၂၉)ရက်နေ့များတွင် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် စစ်အုပ်စုကို အရေးတောင်းဆိုခဲ့သည်။

ထိုသို့ တောင်းဆိုခဲ့သည့်အတွက် သေဒဏ်အပြစ်ပေးခြင်းခံနေရရာမှ တဦးကို ထောင်ဒဏ်(၅)နှစ်နှင့် အခြား(၂) ဦးကို ထောင်ဒဏ် (၂)နှစ်စီ လျော့ချခဲ့သည့်အတွက် အိုင်အယ်လ်အိုက ကြိုဆိုသော်လည်း၊ ၎င်းတို့အားလုံး အပြစ်မရှိသည့်အတွက် လုံးဝချက်ချင်းလွှတ်ပေးရမည်ဟု မစ္စတာတာပါဒီကိုက ပြောကြားသည်။ ပြန်လွှတ်ပေးခြင်းမရှိပါက အိုင်အယ်လ်အိုအနေဖြင့် နအဖနှင့် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေမှာ လွယ်ကူလိမ့်မည်မဟုတ်ဟု ထည့်သွင်းပြောဆိုသွားသည်။

သီတင်း(၂)ပတ်ကြာပြုလုပ်မည့် အဆိုပါအစည်းအဝေးတွင် နအဖအာဏာပိုင်များက ယခုအချိန်အထိ ကျူးလွန်နေသည့် အဓမ္မလုပ်အားခိုင်းစေမှုများကို အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ပြီး အစည်းအဝေးပြီးဆုံးချိန်တွင် ဆုံးဖြတ်ချက်ချနိုင်လိမ့်မည်ဟု ၎င်းက ဆိုသည်။

အကျဉ်းကျခံနေရသူ (၃)ဦးတို့ကို အာဏာပိုင်များက နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲဆို၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားခံက ၂၀၀၃ နိုဝင်ဘာ(၂၈)ရက်တွင် သေဒဏ်အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

# နအဖကို အာဆီယံက ထုတ်ပယ်ရန် အဖွဲ့ဝင် (၈)နိုင်ငံတို့မှ ဒီမိုကရက်များက တောင်းဆို



**အာဆီယံစည်းဝေးပွဲ မြင်ကွင်း**

နအဖ စစ်အုပ်စုကို အာဆီယံအဖွဲ့မှ ထုတ်ပေးရန် အဖွဲ့ဝင်(၈)နိုင်ငံတို့မှ ဒီမိုကရေစီထောက်ခံအားပေးသူများက နိုဝင်ဘာ (၂)ရက်နေ့တွင် တောင်းဆိုလိုက်ကြောင်းသိရသည်။

မြန်မာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းတို့မှ ဒီမိုကရေစီထောက်ခံအားပေးသူများက ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင်ပြုလုပ်သည့် အစည်းအဝေးတခုတွင် တောင်းဆိုလိုက်ခြင်းဖြစ်သည်ဟု စင်ပြိုင်အာဆီယံအဖွဲ့ခေါ် အော့တ်အာဆီယံအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုအဖွဲ့၏ တာဝန်ခံဖြစ်သူ မစ္စဒယ်ဘီစတောဟတ်က မြန်မာနိုင်ငံကို နိုင်ငံရေးအခြေအနေကောင်းလာသည့်အထိ အာဆီယံမှ ထုတ်ပစ်သင့်ကြောင်း၊ နအဖ စစ်အုပ်စု၏ နိုင်ငံတွင်းလူ့အခွင့်အရေးအခြေအနေ ပိတ်ပင်ထားမှုသည် ယခင်ကထက် ပိုဆိုးရွားလာကြောင်း၊ ဒေသတွင်းနိုင်ငံများအား ကတိများအမျိုးမျိုးပေး၍ မကြာခဏလိမ်လည်နေသည့်အတွက် မြန်မာပြည်ပြဿနာများ ပိုမိုကြုံတွေ့နေရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် လက်တွေ့ထုတ်ပယ်ခြင်း၊ မထုတ်ပယ်ခြင်းထက် လုပ်သင့်သည့်နည်းလမ်းကို မိမိတို့ပြောဆိုခြင်းသာဖြစ်သည်ဟု မစ္စဒယ်ဘီစတောဟတ်က ဆက်လက်ပြောဆိုခဲ့ပြီး အာဆီယံအဖွဲ့မှ မြန်မာနိုင်ငံထုတ်ပယ်ရေးကို လက်ခံလာရေးအတွက် စည်းရုံးလှုံ့ဆော်မှုများနှင့် ဆော်ဩမှုများကို ဆက်တိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုလှုပ်ရှားမှုများကိုလာမည့် သီတင်း (၂)ပတ်မှ စတင်ကာ ပိုမိုပြင်းထန်သည့် ဖိအားပေးမှုများဖြင့် ပြုလုပ်သွားမည်ဟု သိရသည်။

ဆက်လက်၍ နအဖ စစ်ဗိုလ်ချုပ်ကြီးများ၏ လမ်းပြမြေပုံ(၇)ချက်သည် ဒီမိုကရေစီလမ်းကြောင်းကိုသွားရာတွင် အချိန်ဆွဲရန်နည်းလမ်းအဖြစ်သာ လုပ်ဆောင်နေသည့်အတွက် အားရစရာမရှိဟု ဆိုလိုက်သည်။

မစ္စဒယ်ဘီက အာဆီယံအဖွဲ့တွင်မြန်မာကို ဆက်လက်ခံထားမည်ဆိုပါက တိုင်းပြည်မှာ ပိုမိုဆိုးဝါးလာနိုင်သည့်အတွက် ချက်ချင်းထုတ်ပစ်သင့်နေပြီဟု ပြောဆိုသွားခဲ့သည်။❖

# နအဖအပေါ် စီးပွားရေးပိတ်ဆို့ရန် အာဆမ်ဆုံးဖြတ်ချက် အမေရိကန်ကြိုဆို

အီးယူ-အာဆီယံ (၃၈)နိုင်ငံ ခေါင်းဆောင်များ၏ သီးခြားထုတ်ပြန်ကြေညာချက်အပေါ် အမေရိကန်က ထောက်ခံကြိုဆိုလိုက်ပြီး ပိုမိုပြင်းထန်သည့် အရေးယူမှုများ ဆောင်ရွက်သွားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရစ်ချက်ဘောက်ချာက အောက်တိုဘာ (၁၈)ရက်နေ့တွင် ထပ်မံတိုက်တွန်း ပြောကြားလိုက်သည်။ မစ္စတာရစ်ချတ်ဘောင်ချာက ဒီပဲယင်းလုပ်ကြံမှုပြီးကတည်းကစ၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိုးရွားမှုများ ပိုမိုဆိုးရွားလာကြောင်းနှင့် စိုးရိမ်ပူပန်ဖွယ်အခြေအနေများ ရှိနေကြောင်းများကိုပါ ထည့်သွင်းပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား အီးယူ-အာဆီယံ အစည်းအဝေးမစမီ ပြန်လွှတ်ပေးရန်နှင့် အီးယူက တောင်းဆိုခဲ့သော်လည်း ထူးခြားမှုတစုံတရာ မရှိခဲ့သည့်အတွက် နအဖအားဒဏ်ခတ်သည့်အနေဖြင့် ပိတ်ဆို့မှုအချို့ကို ပြုလုပ်ခဲ့သည်။ ၎င်းတို့တွင် ဗိုလ်မှူးချုပ်အဆင့်နှင့်အထက် အစိုးရအရာရှိနှင့် ၎င်းတို့၏ မိသားစုဝင်များအား ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံများမှ ကုမ္ပဏီများအားလုံး ရင်းနှီးမြှုပ်နှံမှုများ ထပ်မံမပြုလုပ်ရေးနှင့် မြန်မာနိုင်ငံကို လက်နက် မရောင်းချရေးတို့ အတည်ပြုဆုံးဖြတ်ချက်ချခဲ့သည်။

သို့သော် ဂျပန်ဝန်ကြီးချုပ် ကိုအိဇူမီ၏ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးမှ အပြန် သတင်းစာရှင်းလင်းပွဲတွင် ဤသို့ စီးပွားရေးပိတ်ဆို့မှုများသည် နအဖအား တိုက်ရိုက်ထိခိုက်မှုမရှိဘဲ သာမန်လူတန်းစားကိုသာ ထိခိုက်စေသည်ဟုထင်မြင်ကြောင်း၊ ထို့ကြောင့် နအဖစစ်အုပ်စုကို ဖြောင်းဖျပြောဆိုမှုသာ ပြုလုပ်သင့်ကြောင်း ပြောကြားခဲ့သည်။



**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရစ်ချက်ဘောက်ချာ**

အမေရိကန်နိုင်ငံက မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ယခုနှစ် ဇူလိုင် (၂၈)ရက်ကတည်းက ပြုလုပ်ခဲ့ပြီး အီးယူက အောက်တိုဘာ(၂၆)ရက်နေ့တွင် စတင်၍ အရေးယူတော့မည်ဖြစ်သည်။ အီးယူအနေဖြင့် မြန်မာ့နိုင်ငံရေးတွင် တိုးတက်မှုတစုံတရာ မတွေ့ရသေးသ၍ စစ်အစိုးရအပေါ် ဆက်လက်ဖိအားပေး အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု အင်ဒိုနီးရှားရောက် ဒတ်ချ် နိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာ (၂၈) ရက်နေ့ အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။❖

# မိုးကြိုးသတင်းစဉ်နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွေ့ဆုံခန်း

**မေး။ ။ ဗိုလ်ချုပ်ခင်ညွန့်ကို ဝန်ကြီးချုပ်တာဝန်ကရော၊ တပ်မတော်ထောက်လှမ်းရေးမှူးတာဝန်ကပါ ဖယ်ရှားလိုက်ပြီး၊ လူသစ်တွေနဲ့ အစားထိုးလိုက်တဲ့ ဒီကနေ့ဖြစ်ရပ်တွေအပေါ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့အမြင်ကို သိပါရစေ။ ဘာရည်ရွယ်ချက်နဲ့ ဒီလိုအပြောင်းအလဲလုပ်လိုက်တာလို့ ယူဆပါသလဲ။**

**ဖြေ။** ။ ဒါဟာ စစ်အာဏာရှင်တွေရဲ့ သမိုင်းမှာတော့ သိပ်ထူးဆန်းတဲ့ကိစ္စတွေ မဟုတ်ပါဘူး။ ဖြစ်ရိုးဖြစ်စဉ်တွေထဲက တခုပါပဲ။ အဲန်အယ်လ်ဒီရဲ့ ပြောရေးဆိုခွင့်ရှိသူ အန်ကယ်လ်ဦးလွင် ပြောသလိုပါပဲ။ ဗိုလ်ချုပ်သန်းရွှေအတွက် အစဉ်မပြေတဲ့သူ (In-convenient) ဖြစ်တဲ့သူကို ဖယ်ရှားပြီး သူ့အတွက် အစဉ်ပြေတဲ့သူ (Convenient) ဖြစ်တဲ့သူနဲ့ အစားထိုးလိုက်တာပါ။ ရိုးရိုးလေးပါပဲ။ စစ်အုပ်စုအတွင်း အာဏာလွန်ဆွဲပွဲ (Power Struggle)တပွဲပါပဲ။ ဗိုလ်ခင်ညွန့်ရဲ့လက်တံတွေ ပိုရှည်လာတယ်။ သူတို့ကိုတောင် ကျော်ကောင်း ကျော်သွားနိုင်တယ်လို့ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး အုပ်စုက ယူဆလာတဲ့အတွက် အခုလို လက်ဦးမှုရှိရှိ ဖယ်ရှားလိုက်တာပါ။ ဖယ်မယ့် ဖယ်တော့လည်း အမိန့်မနာခံမှု၊ စစ်စည်းကမ်းဖောက်ဖျက်မှု၊ အကျင့်ပျက် အဂတိလိုက်စားမှု စတဲ့ စွဲချက်တွေနဲ့ တိတိကျကျ ပြတ်ပြတ်သားသားကို ဖယ်ရှားလိုက်တာပါ။

၁၉၉၂ ခုနှစ်က ဗိုလ်စောမောင်ကို ဖယ်ရှားလိုက်ပြီး ၁၉၉၇ ခုနှစ်က ဗိုလ်ချုပ် (၁၄)ယောက်ကို တပြိုင်နက်တည်း ချောင်ထိုးဖယ်ရှားပစ်ခဲ့ဖူးပါတယ်။ (၁၆)နှစ်လုံးလုံး တပ်မတော် ထောက်လှမ်းရေးမှူးချုပ်အဖြစ် အတိအကျပြောရရင် အနှစ်(၂၀)ဆက်တိုက် တာဝန်ယူလာသူကို ရုတ်တရက်ဆွဲဖြုတ်ချလိုက်ရတယ်ဆိုတာကိုက စစ်အုပ်စုထဲမှာ စည်းရုံးရေးတွေ ဘယ်လောက် ဖရိုဖရဲဖြစ်နေပြီလဲဆိုတာ တော်တော်မြင်သာပါတယ်။

**မေး။ ။ ဗိုလ်ချုပ်ခင်ညွန့်ကို Mod-erate ဖြစ်တယ်၊ ပျော့ပြောင်းသူဖြစ်တယ်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ စိတ်အားထက်သန်သူဖြစ်တယ် စသဖြင့် တချို့ပြောနေကြပါတယ်။ အဲဒီအပေါ်မှာ ဘယ်လိုပြောချင်ပါသလဲ။**

**ဖြေ။** ။ ကျနော်တို့ပါတီအနေနဲ့ကတော့ ဒီအယူအဆကို လုံးဝလက်မခံပါဘူး။

၉၀-ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အခုထိ ပစ်ပယ်ထားတာ၊ အနိုင်ရပါတီကို နည်းမျိုးစုံနဲ့ ကန့်သတ်ချုပ်နှောင်ထားတာ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး အပါအဝင် နိုင်ငံရေးအကျဉ်းသား (၁,၄၀၀)ကျော်ကို ဖမ်းဆီးထားတာ၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို အဲန်အယ်လ်ဒီအပါအဝင် အင်အားစုအသီးသီးကရော၊ ကုလသမဂ္ဂနဲ့ မစ္စတာကိုဖီအာနန် အပါအဝင် နိုင်ငံတကာကပါ ဆောင်ရွက်ဖို့ တင်ပြတိုက်တွန်း တောင်းဆိုတာကို မသိကျိုးကျွန်ပြုထားပြီး ဘာမှအဖြေမထွက်နိုင်တဲ့ ညောင်နှစ်ပင်ညီလာခံကို ဇွတ်ကျင်းပနေတာ၊ ကျောင်းသားလှုပ်ရှားမှု၊ လူထုလှုပ်ရှားမှုများကို ထောက်လှမ်းရေးကွန်ရက်နဲ့ မျက်ခြေမပြတ်စောင့်ကြည့်ပြီး ဖြိုခွဲဖျက်ဆီးဖို့ ကြံစည်နေတာ၊ သပိတ်ကိုင်ဆောင်ကြတဲ့ ဆရာတော်၊ သံဃာတော်တွေကို သင်္ကန်းဆွဲချွတ်၊ လူဝတ်လဲခိုင်း၊ စစ်ကြောရေးစခန်းမှာ ဂျွမ်းထိုးခိုင်း၊ နှစ်ရှည်ထောင်ချပစ်၊ တချို့ကို ရဲဘက်ထုတ်ပြီး အသေသတ်ခဲ့တာ၊ တိပိဋကတ်ဆရာတော် ဦးသုမင်္ဂလလို ဆရာတော်ကြီးကိုတောင် သင်္ကန်းဆွဲချွတ်ပြီး မြစ်ကြီးနားထောင်ပို့ ဒုက္ခပေးခဲ့တာ။ အဲဒီလိုလူမျိုးကို ပျော့ပြောင်းသူ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို စိတ်အားထက်သန်သူလို့ ဘယ်လိုလုပ်ပြီးသတ်မှတ်လို့ ရမလဲဗျာ။ ကျနော်တို့ပါတီအနေနဲ့တော့ သူ့ပုံရိပ်က ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်နေပါတယ်။

**မေး။ ။ဝန်ကြီးချုပ်အသစ် ဗိုလ်ချုပ်စိုးဝင်းတို့၊ အတွင်းရေးမှူး(၁) အသစ် ဗိုလ်ချုပ်သိန်းစိန်တို့က Road Map(၇) ချက်ကိုရော၊ အမျိုးသားညီလာခံကိုရော၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပေါ်လစီကိုရော မပြောင်းလဲဘူး။ ဒီအ တိုင်းဆက်သွားမယ်လို့ ပြောဆိုနေပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး သဘောထားလေး ပြောပြပေးစေချင်ပါတယ်။**



**ဖြေ။** ။ Road Map (၇)ချက်၊ အမျိုးသားညီလာခံ၊ အပစ်အခတ်ရပ်စဲရေး ပေါ်လစီတွေဟာ ဗိုလ်ခင်ညွန့်တဦးတည်းပိုင် မဟုတ်ဘူး။ နအဖ စစ်အုပ်စုပိုင်ဖြစ်တယ်၊ ဒါကြောင့် သူတို့ဒီအတိုင်းပဲဆက်သွားမှာပါလို့ ပြောဆိုသွားကြတာ ကျနော်တို့လည်း ကြားရပါတယ်။

ဒါဟာ ကြွားစရာမဟုတ်တာကို ကြွားနေတဲ့လူလို ဖြစ်နေတယ်။ နောက်တခုက သူတို့မှာ ပေါ်လစီအသစ်မရှိဘူး၊ အဟောင်းအတိုင်းပဲ ဆက်သွားမယ်ဆိုတာ ကြေညာလိုက်တာလည်း ဖြစ်ပါတယ်။

Road Map (၇)ချက်ဟာ ....

၁၉၉၅ နိုဝင်ဘာမှာ အမျိုးသားညီလာခံနဲ့ပတ်သက်ပြီး အဲန်အယ်လ်ဒီက ပြန်လည်ညှိနှိုင်းဖို့ စာတင်ခဲ့တယ်။ ဒီအတွက် ဗိုလ်ခင်ညွန့်မှာ အဖြေမရှိဘူး။ ဒါနဲ့ပဲ ၁၉၉၃ က စတင်ကျင်းပခဲ့တဲ့ ညီလာခံဟာ ရှေ့ဆက်သွားလို့ မရတော့ဘူး။ ဘာဆက်လုပ်ရမှန်းလည်းမသိဘူး။ အဲဒီလို ထွက်ပေါက်ပိတ်နေတဲ့ အနေအထားကနေ ဒီပဲယင်းမှာ အကြမ်းဖက်သတ်ဖြတ်ပြီး ခေါင်းဆောင်တွေ ဖမ်း၊ ထောက်ခံသူတွေဖမ်း၊ ရုံးခန်းတွေ ပိတ်ပစ်ပြီး စစ်အုပ်စုစိတ်တိုင်းကျ ရေးဆွဲလိုက်တာ ဖြစ်ပါတယ်။ ၉၀-ခုနှစ် ရွေးကောက်ပွဲ ရလဒ်ကို ပစ်ပယ်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာရေးဆိုတဲ့ တင်ပြတောင်းရဆိုချက်ကိုလည်းမသိ ကျိုးကျွန်ပြုလိုက်တာ ဖြစ်တယ်။ ဘယ်နိုင်ငံရေးပါတီ၊ ဘယ်အဖွဲ့အစည်းကိုမှ ညှိနှိုင်းတိုင်ပင်ခြင်း၊ သဘောထား ရယူခြင်း မရှိဘဲ စစ်အုပ်စုတစုတည်းအလိုကျ တဖက်သတ်ရေးဆွဲထားတာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျနော်တို့ ပါတီအနေနဲ့ Road Map (၇)ချက်ကို လက်မခံပါဘူး။ ညောင်နှစ်ပင် အမျိုးသား ညီလာခံဟာ ၁၉၉၆ ခုနှစ်ကရပ်သွားတဲ့ အမျိုးသားညီလာခံကို ဆက်လုပ်တာ ဖြစ်ပြီး အခြေခံမူ (၁၀၄)ချက်နဲ့ ဦးတည် ချက်(၆)ရပ်ရဲ့အောက်မှာ ကျင်းပနေတာ ဖြစ်ပါတယ်။ တိုင်းပြည်နှင့် ပြည်သူလူထုကြီး၏ အကျိုးကိုရှေ့ရှုပြီး အဲန်အယ်လ်ဒီက သဘောထားကြီးစွာဖြင့် အလိုက်လျောနိုင်ဆုံးအထိ ညှိနှိုင်းခဲ့တာကိုတောင်ပယ်ချခဲ့ပြီး ဘယ်သူ ပါပါ၊ မပါပါ တက်တဲ့သူနဲ့ ကျင်းပသွားမယ်ဆိုပြီး တဖက်သတ် ဇွတ်တရွတ် ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် ဦးတည်ချက် (၆)ရပ်အနက် နံပါတ်(၆) အချက်ဖြစ်တဲ့ 'အနာဂတ် နိုင်ငံရေးဦးဆောင်မှုအခန်းမှာ တပ်မတော်မှ ပါဝင်တာဝန်ယူရေး'ဆိုတာကို ကျနော်တို့ လုံးဝလက်မခံနိုင်ပါဘူး။ ဒါဟာ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာကိုပဲ အာမခံ အတည်ပြုပေးဖို့ လောဘတကြီး တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဲန်အယ်လ်ဒီအပါအဝင် ရွေးကောက်ပွဲနိုင် ပါတီတွေက မတက်ရောက်နိုင်ကြောင်း ငြင်းဆိုခဲ့ကြတာ ဖြစ်ပါတယ်။ ညောင်နှစ်ပင်ညီလာခံဟာ ကနေ့အခြေအနေအတွက် ဘယ်လိုအဖြေကောင်းမှ ထွက်လာနိုင်မှာမဟုတ်ဘဲ ဆိုးသထက်သာ ဆိုးသွားစေမှာ ဖြစ်ပါတယ်။ ဗိုလ်ခင်ညွန့်ပဲ လုပ်လုပ်၊ ဗိုလ် စိုးဝင်းပဲလုပ်လုပ်၊ ဘယ်သူပဲလုပ်လုပ်ပါ။ ပြည်သူလူထုကြီးရဲ့ဆန္ဒနဲ့ ဆန့်ကျင်တဲ့အရာမှန်သမျှ ကျနော်တို့ ပါတီက ဆန့်ကျင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ကနေ့အခြေအနေမှာ တပ်မတော်ကို ဘယ်လိုသဘောထားပေးချင်ပါသလဲ။**

**ဖြေ။** ။ ကနေ့တိုင်းပြည်က ရင်ဆိုင်ကြုံတွေ့နေရတဲ့ စီးပွားရေးအကျပ်အတည်းဟာ ဘယ်အခါကထက်မဆို အဆိုးဆုံးအခြေအနေထိ ကျဆင်းနေပါပြီ။ တပ်မတော်ဟာလည်း ဘယ်အခါထက်မဆို လူထုရဲ့ချစ်ခင်မှု ယုံကြည်အားကိုးခံရမှုတွေ၊ လက်လွတ် အဆုံးရှုံးရဆုံး အခြေအနေကို ကျဆင်းနေပါပြီ။ တကယ်ဆိုရင် တပ်မတော်ဆိုတာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကြီးအတွင်းမှာ ပြည်သူတွေအတွက် အသက်ပေးကာကွယ်ခဲ့တဲ့ သမိုင်းအစဉ်အလာကြီးခဲ့တာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်း ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက်ပိုင်းမှ ဗိုလ်နေဝင်းရဲ့ တလက်ကိုင်တပ်အဖြစ် ရုပ်ဖျက်ခံရလို့ တန်ဖိုးကျလာခဲ့ရတာပါ။ ဒီနေ့ဆိုရင် စစ်အုပ်စုတစုကို အကာအကွယ်ပေးဖို့အတွက် ပြည်သူကို ရက်ရက်စက်စက် ဖိနှိပ်နေရတဲ့ တပ်အဖြစ် ဂုဏ်သိက္ခာ အကြီးအကျယ်ကျဆင်း နေရပါပြီ။

ဒီတပ်ထဲမှာပဲ.... တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်သွားချင်တဲ့ တပ်မှူး၊ တပ်သားတွေ ရှိနေတယ်ဆိုတာ ကျနော်တို့ နားလည်ပါတယ်။ ၈၈ အရေးတော်ပုံကြီးအတွင်းမှာ လူထုကြီးနှင့် ပူးပေါင်းလက်တွဲလာတာ၊ ၉၀-ခုနှစ် ရွေးကောက်ပွဲမှာ တပ်ရေိယာ မဲဆန္ဒနယ်မြေတွေမှာကိုပဲ အဲန်အယ်လ်ဒီကို အပြတ်အသတ်နိုင်အောင် မဲပေးခဲ့ကြတာဟာ မြင်သာထင်သာတဲ့ သာဓက တွေပါ။ အဲဒါကြောင့် ဒီနေ့အခြေအနေဟာ တပ်မတော် ရဲ့ သမိုင်းအစဉ်အလာကို ပြန်လည်ဆယ်တင်ဖို့အတွက် အခွင့်အခါကောင်း ဖြစ်ပါတယ်။ ဒီအခွင့်အခါကောင်းကို အရယူကြပါလို့ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြတဲ့ တပ်မှူး၊ တပ်သားများကို ကျနော်တို့အနေနဲ့ ပန်ကြားလိုပါတယ်။ လူထုကြီးနဲ့လက်တွဲပြီး ကနေ့အခြေအနေကို အားလုံးပါဝင်ဆွေးနွေးအဖြေရှာ ကျော်လွှားကြပါစို့လို့ အကြံပြု ပြောကြားလိုပါတယ်။

**မေး။ ။ အပစ်အခတ်ရပ်ရေး လုပ်ထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ပတ်သက်တဲ့သဘောထားကို သိပါရစေ။**

**ဖြေ။ ။**ကျနော်တို့နိုင်ငံမှာ ပြည်တွင်းစစ်ကြီးက လွတ်လပ်ရေးနဲ့အမျှ ရှည်ကြာခဲ့ပါပြီ။ အခုဆိုရင် နှစ်(၅၀)ကျော်ခဲ့ပြီ။

ပြည်တွင်းစစ် ဘာ့ကြောင့်ဖြစ်ရသလဲ။ ဘာ့ကြောင့် ဒီလောက်ရှည်ကြာနေရတာလဲ။ နည်းနည်း စဉ်းစားကြည့်ချင်ပါတယ်။ ကျနော်တို့ပါတီရဲ့အမြင်ကတော့ .... ဒီမိုကရေစီနှင့် တန်းတူခွင့်တွေကင်းမဲ့နေလို့၊ အစိုးရအဆက်ဆက်က လက်နက်ကိုင်ပြီး အကြမ်းဖက်ဖိနှိပ်နေလို့၊ နိုင်ငံရေးအရ လွတ်လွတ်လပ်လပ် ရပ်တည်ခွင့်၊ ဖြေရှင်းခွင့် မပေးခဲ့လို့၊ မိမိကိုယ်ကိုကာကွယ်ဖို့ မလွှဲမရှောင်သာ လက်နက်ကိုင်ခဲ့ကြရတာ ဖြစ်ပါတယ်။ အစိုးရအဆက်ဆက်က ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအပေါ်မှာ ရိုးရိုးဖြောင့်ဖြောင့် သဘောထားမှန်ကန်စွာ မချဉ်းကပ်ခဲ့လို့၊ မဖြေရှင်းခဲ့လို့၊ နိုင်ငံရေးအရ အမြတ်ရရေးလောက်ကိုသာ အာရုံထားပြီးလုပ်ခဲ့ကြလို့ ဒီလောက်ထိရှည်ကြာခဲ့ရတာဖြစ်ပါတယ်။

ဒီအတွက် ပြည်တွင်းငြိမ်းချမ်းရေး အစစ်အမှန်ရဖို့ဆိုရင် နိုင်ငံရေးအရ အသေအချာ စကားပြောကြရမှာ ဖြစ်ပါတယ်။ ဒီလိုပြောနိုင်ဖို့အတွက် လက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ပထမခြေလှမ်းအဖြစ် အပစ်အခတ်ရပ်စဲရေးကိုစပြီး လုပ်ခဲ့ကြရတာပါ။ အဲဒီကမှတဆင့် နိုင်ငံရေးအရ စကားပြောကြဖို့၊ နဝတ/နအဖ စစ်အစိုးရကို တောက်လျှောက်တင်ပြ တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမယ့် ဒီအဖွဲ့အစည်းများရဲ့ တင်ပြချက်တွေကို စစ်အစိုးရက အချိန်ဆွဲတဲ့နည်းနဲ့ ငြင်းပယ်ထားခဲ့ပါတယ်။ ဒါကြောင့်လည်း ညောင်နှစ်ပင်ညီလာခံဟာ အမျိုးသားညီလာခံရဲ့ လက္ခဏာတွေ မပြည့်စုံဘူးလို့ သိမြင်ကြပေမယ့် အဖွဲ့အစည်းများရဲ့ သဘောထားများကို တင်ပြစရာစင်မြင့်အဖြစ် သဘောထားပြီး ညီလာခံကို တက်ရောက်ခဲ့ကြတာပါ။ ဒါကို ကျနော်တို့ပါတီအနေနဲ့ အပြည့်အဝ နားလည်ပါတယ်။

အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းများက အမျိုးသားညီလာခံမှာ အားလုံးပါသင့်တယ်၊ အဲန်အယ်လ်ဒီ စတဲ့ ရွေးကောက်ပွဲအနိုင်ရပါတီကိုယ်စားလှယ်များပါ တက်ရောက်မှ ညီလာခံရဲ့အဓိပ္ပာယ်ပြည့်ဝမယ်လို့ စစ်အစိုးရကို စာတမ်းတင်တောင်းဆိုခဲ့တာကိုလည်း ကျနော်တို့ တန်ဖိုးထားပါတယ်။

> **"ဒီနေ့အခြေအနေကို တပါတီချင်း၊ အဖွဲ့အစည်းတခုချင်း ရင်ဆိုင်ဖို့ဆို တာမဖြစ်နိုင်ပါဘူး။ ဆရာဒဂုန်တာရာတို့၊ အမေလူထုဒေါ်အမာတို့၊အမျိုးသားရေး ဦးဝင်းနိုင်တို့၊ လူထုဦးစိန်ဝင်းတို့ ထောက်ပြဆွေးနွေး ကြသလို အင်အားစုတွေအားလုံးပါဝင်တဲ့ ကြီးမားကျယ်ပြန့်တဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးတခုဖွဲ့စည်းပြီး ဖြေရှင်းကျော်လွှားသွားရမှာ ဖြစ်ပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီးများ ထောက်ပြသလို NLDကို ဝန်းရံတဲ့ တပ်ပေါင်းစုကြီးတခု ဖွဲ့စည်းပြီး အမြော်အမြင်ကြီးစွာ ဖြေရှင်းကြရမှာ ဖြစ်ပါတယ်"**

ညီလာခံအတွင်းမှာလည်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ရေးကို ရည်ရွယ်တဲ့၊ ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်တည်ဆောက်ရေးကို ရည်ရွယ်တဲ့ (၇)ချက်ပါ စာတမ်းကို တင်ခဲ့ကြတယ်။ ဒါပေမယ့် ညီလာခံလုပ်ငန်းကော်မတီက အကြောင်းအမျိုးမျိုးပြ ပယ်ချခဲ့ပြီး၊ နောက်ဆုံးမှာ 'မှတ်တမ်းတင်ပါသည်'ဆိုတဲ့ အဆင့်ကိုပဲ တုံ့ပြန်ခဲ့တယ်။ ဒါက ညီလာခံ ပထမပိုင်းပါ။

အခုလည်း ၂၀၀၅ ခုနှစ် ဇန်နဝါရီမှာ ပြန်စမယ်လို့ ဆိုလာပြန်ပါပြီ။ ဒီကြားထဲမှာလည်း အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းတွေကို စစ်ရေးအရ၊ စီးပွားရေးအရ အမျိုးမျိုးခြိမ်းခြောက်တာ၊ အကြပ်ကိုင်တာ၊ အခွင့်အလမ်းတချို့ပေးပြီး သွေးခွဲသပ်လျှိုတာတွေကို ဆက်တိုက်လုပ်နေကြပါတယ်။

ဒီနေ့ကာလဟာ အဖွဲ့အစည်းတွင်း ညီညွတ်ရေး၊ အဖွဲ့အစည်း အချင်းချင်းညီညွတ်ရေး၊ အဖွဲ့အစည်းနဲ့ ကိုယ့်ပြည်သူအကြား ညီညွတ်ရေးတွေကို အစွမ်းကုန်တည်ဆောက်ပြီး မိမိယုံကြည်ချက်၊ မိမိရပ်ခံချက်တွေအပေါ်မှာ အခိုင်အမာရပ်ကြရမယ့်ကာလ ဖြစ်ပါတယ်။ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ အခြေခံလိုအပ်ချက်တွေကို ကျနော်တို့ အသေအချာ ဆုပ်ကိုင်ထားဖို့လိုပါတယ်။ ဒါကို အကြောင်းတစုံတရာကြောင့် လျှော့ပေးလိုက်ရပြီဆိုရင် စစ်အုပ်စုရဲ့ ပြည်ထောင်စုအမည်ခံ တပြည်ထောင်စနစ်အောက်မှာ ပြည်တွင်းစစ်သံသရာကြီးဆီ ပြန်ရောက်သွားနိုင်ပါတယ်။

အမျိုးသားများရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ရေးအတွက် ကျနော်တို့ပါတီဟာ ဝန်းရံ၊ ထောက်ခံ၊ လက်တွဲ တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်တွင်းကအဖွဲ့အစည်းတွေအပေါ်အမြင်လည်း နည်းနည်းလောက် ပြောပြစေချင်ပါတယ်။**

**ဖြေ။** ။ အဲန်ယ်လ်ဒီဟာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ၈၂ ရာခိုင်နှုန်းကျော်နဲ့ အနိုင်ရရှိထားတဲ့ ပါတီဖြစ်ပါတယ်။ တရားဝင်ပါတီတခုရဲ့ ဥပဒေတွင်းတိုက်ပွဲတွေကို (နအဖ)စစ်အစိုးရရဲ့ အမျိုးမျိုးသော ဖိနှိပ်မှုများကြားမှာကိုပဲ ကျားကုတ်၊ ကျားခဲ လုပ်ကိုင်နေတဲ့ ပါတီဖြစ်ပါတယ်။ ရပ်တည်ချက်လည်း မှန်ကန်ပြီး၊ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ချီတက်နိုင်ခဲ့တဲ့အတွက် အဲန်အယ်လ်ဒီဟာ ကနေ့အခြေအနေရဲ့ တပ်ဦးပါတီဖြစ်လာပြီး၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း လူထုခေါင်းဆောင်ဖြစ်လာခဲ့ပါပြီ။ လူထုရဲ့ ထောက်ခံမှု၊ မဟာမိတ်အင်အားစုအသီးသီးရဲ့ ထောက်ခံမှု၊ နိုင်ငံတကာရဲ့ ထောက်ခံမှုကို ရရှိထားတဲ့ ပါတီဖြစ်ပါတယ်။ ကျနော်တို့အနေနဲ့လည်း တိုင်းပြည်နဲ့ ပြည်သူလူထုကြီးရဲ့ အကျိုးကို ရှေ့ရှုပြီး အဲန်အယ်လ်ဒီက မှန်ကန်စွာချီတက်နေသမျှ ဝန်းရံထောက်ခံသွားမှာ ဖြစ်ပါတယ်။

ဦးခွန်ထွန်းဦးတို့ ခေါင်းဆောင်တဲ့ SNLD ၊ (၉)ပါတီ စုစည်းထားတဲ့ UNA၊ (၂၁) ပါတီ စုစည်းထားတဲ့ UNLD တို့ရဲ့ ရပ်တည်ချက်တွေနဲ့ ညောင်နှစ်ပင်ညီလာခံကိုမတက်ဘဲ NLD နှင့်အတူ တညီတညွတ်တည်း တောင့်ခံရပ်တည်နေကြတာကို ကျနော်တို့ပါတီက များစွာအလေးအမြတ်ပြုပါတယ်။

ဝါရင့်နိုင်ငံရေးသမားကြီးများရဲ့ ရပ်တည်ချက်နဲ့ လိုအပ်ရင် လိုအပ်သလို အမြင်သဘောထားတွေကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆိုနေကြတာကို ကျနော်တို့ များစွာတန်ဖိုးထားပါတယ်။ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာ(၁၆)ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့ကာလ လိုအပ်ချက်အရ ပိုမိုအားကောင်းလာအောင် တိုးချဲ့စုစည်းထားတဲ့ CRPP ကိုလည်း ကျနော်တို့ပါတီက များစွာ တန်ဖိုးထားပါတယ်။

**မေး။ ။ဒီကနေ့အခြေအနေကို ပါတီအဖွဲ့အစည်းတွေအနေနဲ့ တပ်ပေါင်းစုတခုဖွဲ့စည်းပြီး ရင်ဆိုင်ကျော်ဖြတ်သင့်တယ်လို့ဆိုတဲ့အချက်ပေါ်မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ သဘောထားကို သိပါရစေ။**

**ဖြေ။** ။ ဒီပြောဆိုချက်ဟာ အလွန်မှန်ကန်ပါတယ်။ ဒီနေ့အခြေအနေကို တပါတီချင်း၊ အဖွဲ့အစည်းတခုချင်း ရင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဆရာ ဒဂုန်တာရာတို့၊ အမေလူထုဒေါ်အမာတို့၊ အမျိုးသားရေး ဦးဝင်းနိုင်တို့၊ လူထုဦးစိန်ဝင်းတို့ ထောက်ပြဆွေးနွေးကြသလို အင်အားစုတွေ အားလုံးပါဝင်တဲ့ ကြီးမားကျယ်ပြန့်တဲ့ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးတခု ဖွဲ့စည်းပြီး ဖြေရှင်းကျော်လွှားသွားရမှာ ဖြစ်ပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီးများ ထောက်ပြသလို NLD ကိုဝန်းရံတဲ့ တပ်ပေါင်းစုကြီးတခုဖွဲ့စည်းပြီး အမြော်အမြင်ကြီးစွာ ဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးအတွက် ကျနော်တို့ပါတီက အားစိုက်ပြီး ဆောင်ရွက်သွားမှာပါ။

**မေး။ ။ တွေ့ဆုံဆွေးနွေး အဖြေရှာရေးနည်းနဲ့ပတ်သက်တဲ့ အမြင်သဘောထားကိုလည်း ပြောပြပေးပါဦး။**

**ဖြေ။** ။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာရေးဆိုတာ ကျနော်တို့ တောက်လျှောက်တောင်းဆိုနေတဲ့ နည်းနာဖြစ်ပါတယ်။ သွေးမြေကျမှုအနည်းဆုံး၊ အမျိုးသားကျေပွန်းမှု အနည်းဆုံးနည်းနာဖြစ်ပြီး ယနေ့ကမ္ဘာကြီးတခုလုံးရဲ့ တိမ်းညွှတ်မှုလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း NLD အပါအဝင် နိုင်ငံရေးအင်အားစုအားလုံးကရော ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာကရော တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ ထပ်တလဲလဲ တောင်းဆိုနေခဲ့ကြတာပါ။ (နအဖ)စစ်အစိုးရကတော့ ခေါင်းမာမြဲခေါင်းမာပြီး ညောင်နှစ်ပင်ညီလာခံကိုပဲပွဲထုတ်ဖို့ ကြိုးစားနေပြန်ပါပြီ။

တကယ်ဆိုရင် လုံလောက်တဲ့နိုင်ငံရေး ဝန်းကျင်တခုကို ဖန်တီးပြီး ....

* ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့NLDနှင့် (နအဖ)စစ်အစိုးရတို့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးကြရပါမယ်။

*တဆက်တည်းမှာ အင်အားစုအသီးသီးပါဝင်ပြီး လွတ်လွတ်လပ်လပ် တန်းတူရည်တူ တွေ့ဆုံဆွေးနွေး အဖြေရှာကြရမှာ ဖြစ်ပါတယ်။

ဒီအတိုင်းဆောင်ရွက်သွားနိုင်ဖို့ ကျနော်တို့ပါတီဟာ အခြားသောမဟာမိတ်များနဲ့အတူ၊ လူထုကြီးနဲ့အတူ နိုင်ငံတကာရဲ့ ဝန်းရံထောက်ခံမှုနဲ့အတူ နည်းသဏ္ဍာန်ပေါင်းစုံဖြင့် တောင်းဆိုတိုက်ပွဲဝင်သွားမှာပါ။

**မေး။ ။ လူထုလှုပ်ရှားမှုကို စစ်အစိုးရအဆက်ဆက်က ကြောက်လန့်ကြတယ်။ မပေါ်ပေါက်အောင်လည်း အမျိုးမျိုးတားဆီးဖို့ အားထုတ်ကြတယ်။ ဘာကြောင့်လို့ ထင်ပါသလဲ။**

**ဖြေ။** ။ လူထုကြီးကို ဖိနှိပ်နေသမျှ၊ လူထုကြီးက မလွတ်မြောက်သေးသမျှ လူထုတိုက်ပွဲ၊ လူထုလှုပ်ရှားမှုတွေဆိုတာ ပေါ်နေမှာပါ။ ရှောင်လွှဲလို့ မရပါဘူး။ ၈၈ လူထုလှုပ်ရှားမှုကြီးက (မဆလ)တပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းနိုင်ခဲ့ပြီး၊ ၉၀ ရွေးကောက်ပွဲရလဒ်အပါအဝင် အခြေအနေသစ်တခု သမိုင်းရေးအဆင့်သစ်တခုကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း စစ်အစိုးရအဆက်ဆက်က ကြောက်လန့်တကြား တားဆီးနေကြတာပါ။

ကနေ့ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အမေလူထုဒေါ်အမာ ပြောသလို တည်းတည်းလေးပဲ လိုပါတော့တယ်။ အချိန်မရွေး ပေါက်ကွဲသွားနိုင်တယ်။ (နအဖ)စစ်အုပ်စုက ခေါင်းမာနေမယ်၊ လောဘကြီးမြဲ ကြီးနေမယ်၊ လူထုဆန္ဒကို ဆက်လက်ပစ်ပယ်နေမယ်ဆိုရင် လူထုကြီးရဲ့ ဒဏ်ခတ်တာကို မုချခံရပါလိမ့်မယ်။ ဒီအချိန်မှာ ကျနော်တို့ပါတီဟာ လူထုကြီးနဲ့အတူ ဟန်ချက်ညီ ပေါင်းစပ်လှုပ်ရှားသွားနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ အခြေခံမူတွေနဲ့ အနာဂတ်ရည်မှန်းချက်တွေကို အကျဉ်းလောက်ဆွေးနွေးပေးစေချင်ပါတယ်။**

**ဖြေ**။ ။ ကျနော်တို့ပါတီဟာ ....

* စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး

* ဒီမိုကရေစီရေး

* ပြည်တွင်းငြိမ်းချမ်းရေး

* အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သော ပြည်နယ်ပေါင်းစု ပြည်ထောင်စုတည်ဆောက်ရေး ဆိုတဲ့ အခြေခံမူ(၄)ချက်ကို အခိုင်အမာကိုင်စွဲပြီး "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ဆိုတဲ့စိတ်ဓာတ်နဲ့ ပြည်သူကို ထာဝရ အလုပ်အကျွေးပြုသွားမှာ ဖြစ်ပါတယ်။

ကျနော်တို့ပါတီရဲ့အလံတော်မှာ ကြယ်လေးလုံး ပါဝင်ပါတယ်။ အဲဒီ ကြယ်လေးလုံးဟာ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစားနဲ့ အမျိုးသားနေရှင်ဆိုတဲ့ လူတန်းစား(၄)ရပ်ကို ကိုယ်စားပြုထားတာပါ။ အဲဒါကြောင့် ကျနော်တို့ပါတီဟာ လူထုလူတန်းစားအလွှာအသီးသီးနှင့် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကို ဘယ်ကာလမှာမဆို ကာကွယ်အကူအညီပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုကြီးဘက်က ရဲဝံ့ပြတ်သားစွာ ထာဝရရပ်တည်သွားမှာ ဖြစ်ပါတယ်။

ဒီလောက်ပါပဲ။ မိုးကြိုးသတင်းစဉ်ကို အများကြီး ကျေးဇူးတင်ပါတယ်။

❖

ကိုငွေလင်း

တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ



# နအဖ၏ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ နိုင်ငံများစွာက သပိတ်မှောက်

ဒီဇင်ဘာ (၄)ရက်နေ့တွင် မြန်မာက အိမ်ရှင်အဖြစ်ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ထိပ်သီးညီလာခံကြီးအား ဂျပန်နှင့် အခြားနိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ မတက်ရောက်တော့ဟု သိရသည်။

ထို့အပြင် ညီလာခံကြီးအား အကုန်အကျခံ ဆောင်ရွက်ပေးမည့် အစီအစဉ်များအားလုံးကလည်း ဂျပန်(နန်ပူဆူရု) ဗုဒ္ဓဘာသာအသင်းကြီးက ဖျက်သိမ်းလိုက်ပြီဖြစ်သည်။

နိုင်ငံပေါင်း(၄၀)ကျော်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးအပါး (၃၀၀၀)ကျော် တက်ရောက်ရန်ရှိသော အဆိုပါညီလာခံကို ၂၀၀၂ ခုနှစ်ကတည်းက စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

နန်ပူဆူရု ဗုဒ္ဓဘာသာအသင်းကြီးသည် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားလိုက်ပြီးနောက်ပိုင်း ညီလာခံမတက်ရောက်ရန် ထိုသို့ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ဖိတ်ကြားခံရသည့် နိုင်ငံ(၄၀)အနက် (၁၀)နိုင်ငံခန့်ကသာ တက်ရောက်ကြတော့မည်ဟု သိရသည်။

၎င်းအတောအတွင်း ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (AAPP)ကလည်း မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ မတရားဖမ်းဆီးထောင်ချခံနေရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံနေရခြင်းနှင့် ပတ်သက်သော၊ အစီရင်ခံစာထုတ်ဝေရန် စီစဉ်လျက်ရှိသည်။

ဗုဒ္ဓဘာသာထိပ်သီး ပထမညီလာခံကို (၁၉၉၈)တွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့ပြီး၊ (၂၀၀၀)တွင် ထိုင်းနိုင်ငံ၌ ဒုတိယအကြိမ် (၂၀၀၂)တွင် ကမ္ဘောဒီးယားနိုင်ငံ၌ တတိယအကြိမ် အသီးသီးကျင်းပခဲ့ကြသည်။

ကမ္ဘာ့ထိပ်သီး ဗုဒ္ဓဘာသာခေါင်းဆောင်များ မတက်ရောက်တော့သော်လည်း ကမ္ဘာ့ထိပ်သီးညီလာခံကို ယခင်အစီအစဉ်အတိုင်း ကျင်းပသွားမည်ဟု အင်္ဂါနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားသော်လည်း တိုကျိုမြို့ရှိ နအဖသံရုံးအရာရှိများသည် ဂျပန်ဗုဒ္ဓဘာသာအဖွဲ့နှင့် သွားရောက်တွေ့ဆုံပြီး ညီလာခံတက်ရောက်ရန် ဆွေးနွေးနေကြောင်း ဒီဗွီဘီသတင်းအရ သိရသည်။ ❖

စာမျက်နှာ(၉)မှ အဆက်...

ဒေါ်မေသန်းဆီသွားပြီး 'ဂျိုးဖြူယိမ်း'အတွက် အကူညီသွားတောင်းခဲ့ကြတာတွေ။ ပြီးတော့ ....

– တက္ကသိုလ်ရဲ့ အထိမ်းအမှတ်နေ့ များစွာ ....

– အမျိုးသားနေ့၊ ဗိုလ်အောင်ကျော်နေ့၊ အာဇာနည်နေ့၊ လွတ်လပ်ရေးနေ့၊ ကမ္ဘာ့ကျောင်းသားများနေ့၊ ဟီရိုရှီးမားနေ့၊ စသည်များ....များ....များ....

– ခုတော့သူက နှုတ်ဆိတ်လို့

– သူ့ရင်ဘတ်ပေါ်မှာ၊ သူ့ခန္ဓာကိုယ် ပေါ်မှာတော့ စပယ်ပွင့်ဖြူဖြူများ၊ နှင်းဆီပွင့်ဖတ်၊ ပွင့်ချပ်၊ ပွင့်လွှာနီနီရဲရဲများက ပြန့်ကြဲလို့ အဖြူနဲ့အနီရဲရဲ လိုက်ဖက်လို့ပါပဲ။

– အဖြူနဲ့အနီ၊ အနီနဲ့အဖြူ ကိုညိုဝင်း

သင်္ဂြိုဟ်ချိန်နီးပြီမို့ သူ့ရုပ်အလောင်းကို အအေးခန်းကနေ သတ်မှတ်ထားတဲ့ခန်းမဆီတွန်းယူလာတော့ သူ့ဇနီးနဲ့မိသားစုကစောင့်ကြိုပြီး ရုပ်အလောင်းကို ဝိုင်းကူတွန်းယူကြပါတယ်။ ခန်းမထဲမှာတော့ လွမ်းသူ့ပန်းခွေများ၊ လွမ်းသူ့ပန်းခြင်းများ၊ လွမ်းသူ့ပန်းစည်းများနဲ့အတူ မိတ်ဆွေအပေါင်းအသင်းများ ရဲဘော်ရဲဘက်များက စောင့်ကြိုနေကြပါတယ်။ ညှိုးနွမ်းတဲ့မျက်နှာ ကြေကွဲတဲ့နှလုံးသားများနဲ့၊ ရုပ်အလောင်းကို နောက်ဆုံးအနေနဲ့ ဝိုင်းဝန်းအသုဘရှုကြပါတယ်။

လူတယောက်ကတော့ ချိတ်ဆွဲထားတဲ့ ပန်းခွေ၊ ပန်းခြင်းများမှာရေးထားတဲ့ စာတန်းတွေကို လိုက်လံဖတ်ရှု တခုချင်းကြည့်နေပါတယ်။ အဲဒီလူက တချိန်တုန်းက'ရကသ'ရန်ကုန်ခရိုင် ကျောင်းသားများသမဂ္ဂ) ခေါင်းဆောင်တယောက်၊ သူ့မျက်နှာကတည်ငြိမ် မှုန်မှိုင်းလို့။ သူ့မျက်ဝန်းတွေကစူးစိုက်ပြီး အလေးအနက် ခံစားထိခိုက်နာကျည်းနေပုံရတယ်။ 'ကျောင်းသားသမဂ္ဂရဲဘော်ဟောင်း များ'စာတန်းပါတဲ့ နှင်းဆီနီနီပန်းခွေရှေ့မှာ အကြာကြီးရပ်ကြည့်နေတယ်။ စကားတခွန်းမှမပြောနိုင်ဘဲ ကြေကွဲနေရှာတယ်။ အခုတော့ သူလည်းမရှိရှာတော့ပါဘူး။ ခန်းမကြီးတခုလုံး တိတ်ဆိတ်ငြိမ်သက်လို့နေတယ်။ တိတ်ဆိတ်ငြိမ်သက်ခြင်းဟာ မကြာပါဘူး။

'အဖေရေ.... အရင်ကဆို အဖေတနေ့ပြန်လာနိုးနဲ့ သမီးတို့စောင့်မျှော်နေနိုင်သေးတယ်နော်။ အခုတော့ အဖေ့ကိုသမီးတို့ မျှော်လို့မရတော့ဘူးပေါ့ အဖေ့ရဲ့....

တဦးတည်းသော သမီးဖြစ်သူရဲ့ လှိုက်လှိုက်လှဲလှဲ အော်ဟစ်ငိုကြွေးသံက ငြိမ်သက်ခြင်းကို လှုပ်နှိုးလိုက်ပါတယ်။ သမီးဖြစ်သူရဲ့ မချိတင်ကဲငိုကြွေးသံက ကြားရသူအပေါင်းရဲ့ ရင်ကို ထိမှန်ကြေကွဲစေတာ အမှန်ပါပဲ။

ကိုညိုဝင်းဆုံးတဲ့နေ့မှာ ဒီကဗျာလေးကို ခံစားရေးမိပါတယ်။

'ဦးပန်းခင်း'

တပွင့်ချွေလည်း နှစ်ပွင့်ဝေမြဲ

တဖူးချွေလည်း နှစ်ဖူးဝေမြဲ

ဖူးပွင့်ငုံဝေ ဘယ်လိုချွေလည်း

ကြွေပျက်မကုန်

ပွင့်လန်းထုံသင်း တို့ပန်းခင်းသည်

ကမ္ဘာတည်သရွေ့ မွှေးလိမ့်မည်....

အမှန်ပါပဲ ကမ္ဘာလောကကြီးကို အလှဆင်မည့် မွှေးရနံ့ပျံ့သင်းသော 'ဒို့ပန်းခင်း'ဟာ သိန်းသန်းကုဋေဆက်လို့ဆက်လို့ ဖူးပွင့်ဝေဆာနေပါလိမ့်မယ်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းဆောင်ဗီစု ထုတ်ဝေသည်

# စက္ကူဖြင့် နှင်းဆီ



အဖြူစင်ဆုံး
ပန်းခင်းရဲ့လက်ထဲမှာ
ညှီစို့စို့ဘိန်းနံ့မပါဘူး။

ခေါင်းတခါ
လည်တမော့
ကြော့လွင့်နေတဲ့ ပန်းတချို့
ပွင့်ဖတ်တို့ပွင့်ချပ်တို့
တချပ်ခြင်း၊ တထပ်ခြင်း
တဖုတ်ဖုတ်နဲ့အထက်ငင်၊ အသက်ငင်
ဗိုင်းရပ်စ်ဝင်နေတဲ့ စက္ကူပန်း
လွမ်းစရာမရှိ။

ရဲရင့်တိကျ၊ နက်ဖြန်အလှ
သတိတရ၊ အသိကျကျ
သိက္ခာလှ
ဘဝနဲ့နှင်းဆီ
ဆူးနဲ့နှင်းဆီ
နီလွင်နှင်းဆီ
ထာဝရသင်းကြည်
ဂါရဝနှင်းဆီဆိုတာ
........ ။　　။

စိုးကျော်

## အမျိုးသားညီလာခံကို လာမည့်ဇန်နဝါရီလတွင် ပြန်လည်ကျင်းပဖွယ်ရှိကြောင်း နအဖပြောဆို

ယခုနှစ်ဇူလိုင်လက ရပ်နားထားရသည့် အမျိုးသားညီလာခံကို လာမည့်နှစ်ဆန်းပိုင်း ဇန်နဝါရီလတွင် ပြန်လည်ကျင်းပနိုင်ဖွယ်ရာရှိကြောင်း ညီလာခံကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံခြားသတင်းထောက်များအား ပြောကြားလိုက်သည်။

နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားအပြီး (၃)ရက်အကြာတွင်ပြုလုပ်သည့် နိုင်ငံရေးအခြေအနေရှင်းလင်းပွဲ၌ ရန်ကုန်ရှိ နိုင်ငံခြားသတင်းထောက်များ နှင့်တွေ့ဆုံစဉ် ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး နအဖက ကြေညာထားသည့် လမ်းပြမြေပုံ (၇)ချက်နှင့် အမျိုးသားညီလာခံသည် လူတဦးတယောက်က ချမှတ်ထားသော မူဝါဒမဟုတ်ဘဲ နအဖစစ်အစိုးရ၏ မူဝါဒသာဖြစ်သည်ဟု ၎င်းက ပြောဆိုကြောင်း ရိုက်တာသတင်းက ဆိုသည်။

ဒု ဗိုလ်ချုပ်ကြီးသိန်းစိန်က လက်နက်ကိုင် လူမျိုးစုအဖွဲ့များနှင့် ပတ်သက်၍ နအဖတွင် မူဝါဒပြောင်းလဲခြင်း မရှိကြောင်းကိုလည်း မိမိတို့ ရှင်းပြထားပြီးဖြစ်ကြောင်း နှင့် အမျိုးသားညီလာခံ ဆက်လက်ကျင်းပသည့်အခါ ပါဝင်တက်ရောက်ရေးကိုလည်း ထိုအဖွဲ့များနှင့် ညှိနှိုင်းပြီးဖြစ်သည်ဟု ပြောဆိုကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

နအဖသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက အချက်(၇)ချက်ပါ နိုင်ငံရေးလမ်းပြမြေပုံကို ကြေညာခဲ့ပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို မေလ(၁၇)ရက်နေ့တွင် စတင်ခဲ့သည်။ သို့ရာတွင် အဆိုပါညီလာခံသို့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒုတိယနေရာမှ အနိုင်ရသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့က တက်ရောက်ခြင်းမပြုခဲ့ပေ။

နအဖက ညီလာခံကို ဦးတည်ချက်(၆)ရပ်နှင့် အခြေခံရမည့်မူများအဖြစ် အချက်(၁၀၄)ချက် ချမှတ်ထားရာ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်ကြီး (၃)ရပ်တွင် စစ်တပ်က ၂၅–ရာခိုင်နှုန်းပါဝင်ခွင့်ပြုရေးနှင့် တပ်မတော်သည် အနာဂတ်နိုင်ငံတော်တွင် အမျိုးသားနိုင်ငံရေး၌ ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ရမည်ဟု ဆိုထားသည်။

အပစ်အခတ်ရပ်စဲထားသည့် ငြိမ်းချမ်းရေးအဖွဲ့များကို ညီလာခံပြန်လည်ကျင်းပရေးနှင့် ပတ်သက်၍ ယခုအချိန်အထိ တရားဝင် အကြောင်းကြားထားခြင်းမရှိသေးကြောင်း သိရသည်။

အမျိုးသားညီလာခံတွင် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ အစုံအလင် တက်ရောက်ခွင့်ပြုရေးနှင့် လွတ်လပ်စွာပြောဆိုဆွေးနွေးနိုင်ခွင့်ပြုရေးတို့ကို ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက တောင်းဆိုထားသော်လည်း စစ်အုပ်စုက လူပုဂ္ဂိုလ်တဦးအတွက်ဖြစ်စေ၊ ပါတီတခုအတွက်ဖြစ်စေ လုပ်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံတော်အကျိုးအတွက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဆိုထားသည်။ ❖

## အာဏာလုပွဲမတိုင်မီ ဗိုလ်ချုပ်မှူးကြီးကတော် ယတြာချေပွဲလုပ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်

ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှ မဖယ်ရှားမီ (၁၄)ရက်နေ့က နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးနှင့် သမီးများသည် ပဲခူးမြို့သို့ အရေးပေါ်လျှို့ဝှက်သွားရောက်ကာ ငွေသိန်းပေါင်းများစွာ အကုန်ကျခံ၍ ယတြာချေပွဲတခု ပြုလုပ်ခဲ့ကြောင်း မြို့ခံတဦး၏ အဆိုအရသိရသည်။

ဗိုလ်ချုပ်မှူးကြီးကတော် ဒေါ်ကြိုင်ကြိုင်နှင့် သမီးများသည် အဆိုပါနေ့က ပဲခူးမြို့ရှိ ဘုရားတဆူတွင် ထိုယတြာချေပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဘုရားဂေါပကဝင်တဦးက ထုတ်ဖော်ပြောဆိုခဲ့သည်ဟု ဆိုသည်။

ယတြာချေပွဲတွင် ဒေါ်ကြိုင်ကြိုင်ကို မယ်တော်ဟုခေါ်ဆိုရန် ညွှန်ကြားခဲ့ကြောင်းနှင့် သမီးဖြစ်သူများကို သမီးတော်ဟု ခေါ်ရန် ညွှန်ကြားခဲ့သည်ဟု ဆိုသည်။

ပဲခူးမှအပြန်တွင် ကုန်းမြင့်သာယာအိမ်မှ လုံခြုံရေးအပြည့်ဖြင့် အရေးပေါ် နေအိမ်ပြောင်းရွှေ့ခဲ့ကြောင်းလည်း မျက်မြင်သက်သေတွေ့ရှိသူများ၏ အဆိုအရသိရသည်။

အမည်မဖော်လိုသူ စစ်ရုံးချုပ်မှ အရာရှိတဦးကလည်း ဗိုလ်ခင်ညွန့် ဘက်သားများက ဝင်ရောက်စီးနင်းတိုက်ခိုက်မည်ဟု ကြိုတင်သတင်းပေါက်ကြားသွားသည့်အတွက် ယခုလိုအရေးပေါ် နေအိမ်ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

နအဖစစ်အုပ်စုအတွင်း သဘောထားကွဲလဲမှုများအကြီး အကျယ်ပေါ်ပေါက်နေသည်ဟု သတင်းများထွက်ပေါ်နေချိန်နှင့် တပြိုင်တည်းတွင် ဒေါ်ကြိုင်ကြိုင်နှင့် ဗိုလ်ချုပ်ခင်ညွန့်ကတော် ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ကြားတွင်လည်း နှစ်ဘက်အားပြိုင်မှုများ ဖြစ်ပေါ်နေကြောင်း စောစောပိုင်းသတင်းများအရ သိရသည်။

ယခုအခါ ဗိုလ်ချုပ်ခင်ညွန့် ကိုးကွယ်နေသည့် ဘိုးတော်တီကြားသန်းလှနှင့် ဘုန်းတော်ကြီးများကိုပါ တပ်က ခေါ်ယူထိန်းသိမ်းထားပြီး စစ်ဆေးမှုများပြုလုပ်နေကြောင်း အခြားသတင်းများအရ သိရသည်။

❖

## အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု လုံခြုံရေးကောင်စီတွင် ပထမဆုံးအကြိမ် ဆွေးနွေး

နအဖ စစ်တပ်က နိုင်ငံအနှံ့အပြားရှိ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေသည့်ကိစ္စကို အောက်တိုဘာ (၂၈)ရက်နေ့က ကျင်းပသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သတင်းများအရ သိရသည်။

မြန်မာအမျိုးသမီးများအပေါ် စစ်တပ်က အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအစည်းအဝေး၌ ယခုအကြိမ်သည် ပထမအကြိမ်ဆွေးနွေးခြင်းဖြစ်ပြီး ထိုကိစ္စကို အီးယူနိုင်ငံများက ဦးဆောင်တင်ပြခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် ဂျာမဏီနိုင်ငံကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ သီးသန့်ထပ်မံ ဆွေးနွေးခဲ့သည်ဟု ဆိုသည်။ လုံခြုံရေးကောင်စီ၏ (၂၀၀၀)ခုနှစ်ဆုံးဖြတ်ချက်အရ အမျိုးသမီးများဘဝ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ယခုလိုဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး မြန်မာ၊ အီရတ်၊ ဟေတီနှင့် အာဖဂန်နိုင်ငံများတွင် ဖြစ်ပေါ်နေမှုများအပေါ် အလေးအနက်ဆွေးနွေးသွားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် စစ်တပ်က တိုင်းရင်းသူ (ရှမ်း နှင့် ကရင်)အမျိုးသမီးများကို ဆယ်စုနှင့်ချီ၍ လိင်မှုဆိုင်ရာ စော်ကားမှုများပြုလုပ်ခဲ့သည်ဟူသော အစီရင်ခံစာများထွက်ပေါ်ခဲ့သော်လည်း ထိုကိစ္စကို စုံစမ်းရန်လွတ်လပ်သည့် ကော်မရှင်တရပ် ယခုအချိန်အထိ ပေါ်ပေါက်လာခြင်း မရှိသေးသည့်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် ပင်ဟေးရိုးကလည်း ပြီးခဲ့သည့်လကကျင်းပသည့် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ တင်သွင်းသည့်အစီရင်ခံစာတွင်လည်း ဖော်ပြခဲ့သည်။

❖

## ဗိုလ်ခင်ညွန့် ဇနီး ဒေါ်ခင်ဝင်းရွှေ ရာထူးမှဖယ်ရှားခံရ



အမျိုးရေးရာ ဥက္ကဋ္ဌဟောင်း ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ

ယနေ့ကျင်းပသည့် အမျိုးသမီးရေးရာ အဖွဲ့အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေကို ၎င်းယူထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ခလေးစောင့်ရှောက်ရေး ဥက္ကဋ္ဌ ရာထူးနေရာမှ ဖယ်ရှားလိုက်ကြောင်း သိရသည်။

အမျိုးသမီးရေးရာ ဥက္ကဋ္ဌနေရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်သစ်၏ဇနီး ဒေါ်သန်းသန်းနွဲ့ကို ခန့်အပ်လိုက်ပြီး မိခင်နှင့် ခလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနေရာတွင် နအဖအတွင်းရေးမှူး(၁)၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အစားထိုးလိုက်သည်ဟု ဆိုသည်။

ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ဗိုလ်မှူးကြီးတင်လှိုင်၏ဇနီးဒေါ်ခင်လှလှကိုလည်း လူမှောင်ခိုမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်ရာထူးမှဖယ်ရှားလိုက်ပြီး နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင်၏ဇနီးဒေါ်စံယုံကိုလည်း အမျိုးသမီးရေးရာအပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအကြံပေးနေရာမှ ထုတ်ပယ်လိုက်သည်။

အလားတူစစ်ထောက်လှမ်းရေး အရာရှိများ၏ ဇနီးအားလုံးကို အမျိုးသမီးရေးရာအဖွဲ့များမှ ဖယ်ရှားလိုက်ပြီး တနိုင်ငံလုံးရှိ အမျိုးသမီးရေးရာရုံးများမှ ဒေါ်ခင်ဝင်းရွှေ၏ ဓာတ်ပုံများ၊ ပြောကြားခဲ့သည့်မိန့်ခွန်းများအာလုံးကိုလည်း မီးရှို့ဖျက်ဆီးပစ်ရန် ထိုအစည်းအဝေးက ဆုံးဖြတ်လိုက်ကြောင်း အမည်မဖော်လိုသူ တဦး၏အဆိုကို ကိုးကား၍ ဒီဗွီဘီသတင်းတွင် ထုတ်လွှင့်သွားသည်။

## ဒေါ်ခင်ဝင်းရွှေ၏ကိုင်းဖျားကိုင်းနားများပါ ဖိအားပေးခံနေရ

**နိုဝင်ဘာ။(၂)ရက်။**

ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ဖမ်းဆီးခံရပြီးနောက် ဒေါ်ခင်ဝင်းရွှေနှင့်နီးစပ်သူ အောက်ခြေအဆင့် တပ်ရင်းမှူးကတော်များပါ လုပ်ပိုင်ခွင့်များပိတ်ပင်ပြီး ဖိအားပေးခံနေရကြောင်း သိရသည်။

ကမ်းရိုးတန်း တိုင်းစစ်ဌာနချုပ် စကခ (၈)လက်အောက်ခံ တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်အခြေစိုက် ခမရ(၄၀၆)မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးထွန်းဝင်း၏ဇနီး ဒေါ်ဝင်းဝင်းသန်းသည် ယခင်က ဒေါ်ခင်ဝင်းရွှေနှင့် အလွန်ရင်းနှီးသည့်အတွက် ကမ်းရိုးတန်းတိုင်း၊ တိုင်းတာဝန်ရှိသူများက မပြောရဲမဆိုရဲဖြစ်ခဲ့ကြသူဖြစ်ရာ ယခုအခါ ဒေါ်ဝင်းဝင်းသန်းကို အမျိုးသမီးရေးရာကိစ္စများမှလွဲ၍ တပ်ရင်းစီးပွားရေးလုပ်ငန်းများကို လုံးဝဝင်ရောက် ဖက်စွက်ခွင့်မလုပ်ရန် စကခ(၈) တိုင်းမှူးကတော်က တားမြစ်ထားသည်ဟု သိရသည်။

ယခင်က ဒေါ်သန်းသန်းဝင်းသည် ခမရ (၄၀၆)၏ တပ်ရင်းမှူးကတော်ဖြစ်သည့် အားလျော်စွာ နအဖတပ်တွင်း ထုံးစံအတိုင်း တပ်ပိုင် စီးပွားရေးလုပ်ငန်းများသာမက တပ်သားများ ရှေ့တန်းထွက်ရေး၊ မထွက်ရေးကိစ္စများတွင်ပါ စီမံခန့်ခွဲခဲ့သူဖြစ်သည်ဟု ဆိုသည်။ ယခုအခါ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါ်ခင်ဝင်းရွှေတို့ ဖမ်းဆီးခံရပြီးနောက်ပိုင်း ၎င်းကို အမျိုးသမီးရေးရာကိစ္စနှင့် မေစကြာဝတ်အသင်းနှင့် တပ်ရင်းစည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးတို့တွင်သာ တာဝန်ယူရန် ခေါ်ယူတားမြစ်ခံခဲ့ရကြောင်း အဆိုပါစစ်တပ်နှင့် နီးစပ်သူများ အဆိုကို ကိုးကား၍ ဒီဗွီဘီသတင်းတွင် ထုတ်လွှင့်သွားခဲ့သည်။

❖

ပုံ

# အလွမ်းကဗျာ အလွမ်းစာ (၅)



မတ်လ တပေါင်းလရောက်ပြီမို့ နေက အတော်ပူနေပြီ။ တပေါင်းလဟာ မြန်မာပြည်အတွက် မမေ့ကောင်းတဲ့ သမိုင်းဝင်အမှတ်တရ လတလ၊ ဖက်ဆစ်ကို တော်လှန်တဲ့လ၊ တမျိုးသားလုံး စည်းလုံးညီညွတ်ခဲ့တဲ့လ၊ မတ်လ။ ဒီလမှာ အမှတ်ရစရာတခု ထပ်တိုးလာခဲ့ပြီ။ ဒါကတော့ ဦးညိုဝင်းနဲ့ ပတ်သက်ပါတယ်။ လွန်ခဲ့တဲ့ ၁၃ နှစ် ၁၉၉၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ဦးညိုဝင်း ကွယ်လွန်ခဲ့တယ်။ နအဖ စစ်အစိုးရရဲ့ နိုင်ငံရေးအကျဉ်းသမားဘဝနဲ့ အင်းစိန်အကျဉ်းထောင်မှာ ချုပ်နှောင်ခံထားရာက ကွယ်လွန်ခဲ့တာဖြစ်တယ်။

အခု ၂၀၀၄ ခုနှစ်၊ မတ်လ ၈ ရက်နေ့ဆိုရင် ဦးညိုဝင်းကွယ်လွန်တာ ၁၃ နှစ်ပြည့်ခဲ့ပြီ။ ဦးညိုဝင်းအတွက် အလွမ်းစာ အလွမ်းကဗျာဖွဲ့ရ ဝေရပါမယ်။ ဦးညိုဝင်းဟာ ဒီမိုကရေစီရရှိရေးအတွက် တိုက်ပွဲဝင်ရင်း ကွယ်လွန်သွားခဲ့တာဖြစ်တယ်။ ဦးညိုဝင်းက ရွှေကျင်မြို့ ဇာတိ။ အဖ ဦးကျင်စွမ်း၊ အမိ ဒေါ်စန်းရင်တို့ကနေ ၁၉၃၂ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့က ရွှေကျင်မြို့မှာ မွေးဖွားတယ်။ မွေးချင်းသုံးယောက်ထဲမှာ အကြီးဆုံးသားဖြစ်တယ်။ ရွှေကျင်မြို့ အစိုးရအထက်တန်းကျောင်းကနေ သတ္တမတန်း အောင်မြင်ခဲ့တယ်။ နောက် ပဲခူးမြို့ကို ပြောင်းရွှေ့ခဲ့ပြီး၊ ပဲခူးမြို့ အမျိုးသားအထက်တန်းကျောင်းမှာ ပညာဆက်လက်သင်ကြားတယ်။ ၁၉၅၃ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်မှာ ဆက်လက်ပညာဆည်းပူးခဲ့တယ်။ ရန်ကုန်တက္ကသိုလ် ‘အင်းဝ’ ကျောင်းဆောင်မှာနေထိုင်ခဲ့တယ်။ အဆောင် ‘သဟာယနှင့် စာဖတ်အသင်း’ အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့တယ်။ ‘တကသ’အတွင်းရေးမှူးတာဝန်ကိုလည်း ယူခဲ့ဖူးတယ်။

ကိုညိုဝင်းကို အသက်ရှင်လျက် နောက်ဆုံးတွေ့ခဲ့တာဟာ ‘အင်းစိန်’ဆေးရုံကြီးမှာဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့၊ ကိုညိုဝင်း ဆေးရုံရောက်လာပုံက မထူးဆန်းလှပါ။ ရောဂါကျွမ်းမှ အင်းစိန်ဆေးရုံကို ထုတ်လာတာဖြစ်တယ်။ အဲဒီနေ့မှာပဲ ကိုညိုဝင်းကို မြင်တွေ့သိရှိဖူးသူ ဆေးရုံဝန်ထမ်း ဆရာဝန်လေးတယောက်က သူ့မိသားစုကို အကြောင်းကြားပေးခဲ့တယ်။ စစ်အစိုးရရဲ့ ‘တာဝန်ရှိသူ’ ဆိုသူများက ဘယ်သောအခါကမှ တာဝန်သိသိ အကြောင်းကြားပေးတာ မရှိခဲ့ပါဘူး။ ပြည်သူ့အကျိုးဆောင်သူတွေကို ပြည်သူများက ကူညီလေ့ရှိပါတယ်။ တာဝန်သိသူတယောက်ရဲ့ ကူညီမှုကြောင့် သူ့မိသားစုက သိခွင့်ရခဲ့သည်။ ကိုညိုဝင်းရဲ့ နောက်ဆုံးနေ့ကို လက်မတင်လေး၊ အချိန်မီလေး အသက်ရှင်လျက် နောက်ဆုံးဆုံတွေ့ခွင့်ရခဲ့ပါတယ်။ ကံကောင်းတယ်လို့ ပြောရမလား မသိ။

သူ့မိသားစုက အင်းစိန်ဆေးရုံကိုသွားပြီး အာဏာပိုင်အစောင့်တွေကို အတင်းအကြပ်ပြောဆိုပြီးမှ တွေ့ဆုံခွင့်၊ ပြုစုခွင့်တောင်းခဲ့ရတယ်။ ‘ဘယ်လိုသိတာလဲ၊ ဘယ်သူပြောတာလဲ’ဆိုတဲ့မေးခွန်းတွေနဲ့ စစ်ဆေးကြသေးတယ်။ မိသားစုကလွဲလို့ တွေ့ဆုံခွင့်မပြုကြောင်း၊ တကြိမ်ကို တဦးသာတွေ့ဆုံနိုင်ကြောင်း ဘာညာနဲ့ နောက်ဆုံး မလွှဲသာတော့မှ တွေ့ဆုံခွင့်ပေးခဲ့ပါတယ်။ ကျနော်ကံကောင်းစွာ မိသားစုဝင်အဖြစ်နဲ့ တကြိမ်တွေ့ဆုံခွင့် ရရှိခဲ့ပါတယ်။

ကျနော့်ကိုတွေ့တွေ့ချင်း ကိုညိုဝင်း အံ့သြဝမ်းသာသွားပုံရတယ်။ ကျနော်ကတော့ ဝမ်းမသာနိုင်ပါဘူး။ ခြေထိပ်၊ လက်ထိပ်ခတ်ခံထားရတဲ့ ကျောင်းသားခေါင်းဆောင်တယောက်ရဲ့ပုံရိပ်က ကြေကွဲစရာကောင်းလှပါတယ်။ ကျနော့်ကိုမြင်တော့ လှဲနေရာက အားယူ ထရှာတယ်။ သူ မထနိုင်ရှာပါဘူး။ ကျနော်က ဖေးမတွဲထူပြီး ထိုင်ပေးရတယ်။ ခေါင်းက မထူနိုင်တော့။ ဇက်က ကျိုးကျနေပြီ။ ပါးစပ်က ချွဲသလိပ်နဲ့ သွားရည်တွေ ယိုစိမ့်ကျနေတယ်။ စက္ကူနုနုလေးတွေနဲ့ ဒလစပ် တို့သုတ်ပေးနေရတယ်။ စကားကို ကျယ်ကျယ် မပြောနိုင်ရှာပါ။ စကားလုံးတွေ သဲကွဲပီသမှု မရှိတော့ဘူး။ သူ့လျှာကို မထိန်းသိမ်းနိုင်တော့ဘူး။ တံတွေးနဲ့ရေကိုတောင် မျိုမချနိုင်။ အစာနဲ့ရေကို နှာခေါင်းပိုက်နဲ့ သွင်းပေးနေရပြီ။ မြင်ကွင်းက ကြည့်မကောင်းတော့။ အဆိုးဝါးဆုံး အခြေအနေကို ဖော်ပြနေတယ်။ တချိန်က ဝင်းလက်တောက်ပခဲ့တဲ့ မျက်လုံးအစုံဟာ မှုန်ရီဖျော့တော့ အားနည်းနေကြပြီ။ မပွင့်တပွင့် အပြုံးချိုချိုလေးတွေ မဖူးပွင့်နိုင်တော့။ ငယ်ရုပ်ပျောက်ပြီး အသားအရည်က ပွယောင်းယောင်း၊ ဖြူဝါဝါ၊ ဆံပင်တွေက ဖွေးဖွေးလှုပ်လို့။ လူချောတယောက်ဖြစ်ခဲ့တဲ့ ကိုညိုဝင်းလို့ပြောရင် ယုံနိုင်စရာ မရှိ။ ရှိရင်းစွဲအသက်နဲ့ ရုပ်ရည်က မလိုက်ဖက်၊ အိုစာလွန်းနေတယ်။ ရင်ထဲမှာနင့်နေအောင်၊ မချိအောင်ခံစားနေရတဲ့ကြားက ကျနော် အားတင်းဟန်ဆောင်ပြီး ပြုံးပြမိတယ်။ အပြုံးတုက ပီပြင်မှာမဟုတ်ပါဘူး။ လက်နက်ကိုင် အစောင့်စစ်သားတွေက ကိုညိုဝင်းကို စောင့်ကြပ်နေရာကနေ ကျနော်တို့ပြောစကားတွေကို အာရုံစိုက်နားထောင် မှတ်သားနေကြတယ်။

ကိုညိုဝင်းက သူ့ကျန်းမာရေးအကြောင်း မပြောဘဲ ‘စိန်ဝင်းဘယ်ရောက်သွားလဲ သိလား’ ဆိုတဲ့မေးခွန်းနဲ့ စတင်ခဲ့တယ်။

ကျနော်က ဒေါက်တာစိန်ဝင်း နိုင်ငံခြားထွက်သွားပြီလို့ ကြားရတဲ့အကြောင်း ဖြေတော့ ....

‘ဟာ အဲဒီ ဒေါက်တာစိန်ဝင်းကို ပြောတာမဟုတ်ဘူး။ တို့စိန်ဝင်း၊ ရန်ကြီးအောင်ကိုပြောတာ’လို့ အလိုမကျဟန်နဲ့ ပြန်ပြောပါတယ်။

တကယ်တော့ ကျနော်က သုံးခွကိုစိန်ဝင်း ဆုံးသွားတာ သူ့ကိုမသိစေချင်လို့ လှီးလွှဲပြောလိုက်တာဖြစ်ပါတယ်။ သူကတော့ ဖြစ်ရပ်အားလုံးကို သိပြီးနေပါပြီ။ ‘တို့စိန်ဝင်း ဟောဒီဆေးရုံ၊ ဟောဒီနေရာမှာတက်ပြီး သေသွားပြီ။ အဲဒါ မင်းသိလား။ သူ့ကို ဘာလုပ်လိုက်လဲ’.... တဲ့။ ဖုံးကွယ်ဖို့ ကျနော် မကြိုးစားတော့ပါ။

‘ဟုတ်ကဲ့ သိပါတယ်။ သူ့ကို ကြံတောမှာသင်္ဂြိုဟ်ပြီး သူ့မြို့သုံးခွမှာ အရိုးအိုးဂူသွင်းထားပါတယ်’လို့ပဲ ဖြေရပါတော့တယ်။

သူနဲ့ စကားပြောတဲ့အခါမှာ သူ့ပါးစပ်နားကပ်ပြီး မနည်း နားစိုက်ထောင်ခဲ့ရပါတယ်။ သူက ဆက်ပြီး ....

‘ငါ တပတ်အတွင်း ဒီလိုဖြစ်သွားတာပဲ။ လည်ချောင်းနာပြီး ပါးစောင်မှာ အကျိတ်ဖြစ်တယ်။ ရေ၀၀ မချိုးရ၊ မသုံးရတော့ အပူတွေအောင်းပြီး ဖြစ်တာ။ ဘာဆေးဝါးမှ မရှိဘူး။ အကျိတ်က အနာဖြစ် ပြည်တယ်၊ အစာရေ မဝင်တော့ ဒီကိုရောက်လာတာပဲ’

ကိုညိုဝင်းတယောက် ရေတိမ်နစ်ရှာတော့မယ်ဆိုတာကို ကျနော်သဘောပေါက်လိုက်ပါပြီ။ ခုအခြေအနေရောက်မှတော့ ဘာမှ မတတ်နိုင်တော့ပါ။

‘ငါ့ရင်ထဲ၊ ဝမ်းထဲက ပူလိုက်တာ။ ဖရဲသီး ချိုချိုအေးအေးလေး စားချင်လိုက်တာ။ ဟောဒီလောက် အလုံးကြီးကို စားချင်တာ’ လက်နဲ့ ပုံသဏ္ဌာန်လုပ်ပြရှာသည်။ မတ်လနွေအပူထက် သူ့ရင်ထဲကအပူက ပိုပြီး ပြင်းထန်နေလိမ့်မယ်။

ကိုညိုဝင်းဘဝ နေဝင်တော့မှာကို သိပေမယ့် ကြိုးစားအားပေးပြီး ပြန်ခဲ့ရပါတယ်။ အဲဒီမြင်ကွင်းကို ကျနော့်အနေနဲ့ ဒီတသက် မေ့နိုင်တော့မှာ မဟုတ်ပါဘူး။

သူ့မိသားစုကတော့ သူ့ကွယ်ရာမှာ ကျိတ်ပြီး မျက်ရည်ကျနေကြပြီ။ ကိုစိန်ဝင်းဆုံးတဲ့သတင်းကြားထဲက သူ့မိသားစုက သူ့အတွက် စိုးရိမ်စိတ်နဲ့ ကျိတ်ငိုနေကြရတာပါ။ ကိုညိုဝင်းကို ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ ဖမ်းခေါ်သွားကြတယ်။ အဲဒီအချိန်ကစပြီး တွေ့ခွင့်မရခဲ့ပါဘူး။ ထောင်ထဲမှာ ထည့်ထားပြီး ထောင်ဝင်စာတွေ့ခွင့်မရှိ။ တလတကြိမ် အင်းစိန်ထောင်ဘူးဝမှာ ပါဆယ်သွားပို့ရပါတယ်။ ကျန်းမာရေးအခြေအနေလည်း သိခွင့်မရှိ။ ဘာဆေး၊ ဘာအစားအစာ လိုအပ်မှန်းမသိ။ ကောင်းနိုးရာရာ မှန်းဆပြီးသာ ပါဆယ်ပို့ခဲ့ရတယ်။ ၁၉၉၁ ခုနှစ်၊ မတ်လ (၁)ရက်နေ့ အင်းစိန်ဆေးရုံ ထုတ်လာမှပဲ တွေ့ခွင့်ရပါတော့တယ်။ အုတ်ကျင်းအိမ်ကနေ ခေါ်သွားတုန်းက ကျန်းမာရေးကောင်းနေသေးတဲ့ ကိုညိုဝင်းဟာ လပေါင်း ၂၀ လောက်အကြာမှာ ဆေးရုံရောက်လာပြီး သေဆုံးသွားရတော့တယ်။ ရောဂါကတော့ အသားဝါနဲ့ ပါးစောင်ကင်ဆာပါတဲ့။ ပုဒ်မကတော့ ၁၀(က)ပါတဲ့။

ကိုညိုဝင်းဟာ ကျနော့်ထက် နှစ်အများကြီးစောပြီး တက္ကသိုလ်ရောက်နေသူဖြစ်တယ်။ အစ်ကိုကြီးနဲ့ ညီငယ်သဖွယ် ဆက်ဆံရေးရှိသလို ကျနော်တို့ရဲ့ ကျောင်းသားခေါင်းဆောင်လည်း ဖြစ်တယ်။ ကျနော် တက္ကသိုလ်ရောက်တော့ ကိုညိုဝင်းက ထင်ရှားတဲ့ခေါင်းဆောင်တဦး ဖြစ်နေပြီ။ ထိုစဉ်က ‘တကသ’ (ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ)နဲ့ ကိုညိုဝင်းက ဆက်စပ်နေတယ်။ ကိုလိုနီပညာရေးစနစ် ဆန့်ကျင်ရေး၊ ကမောက်ကမ ပညာရေးစနစ် ဖျက်သိမ်းရေး၊ အမျိုးသားပညာရေးစနစ် ပေါ်ထွန်းရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်တွင်းစစ်ရပ်စဲရေးကို ကျောင်းသားထုက တခဲနက်တောင်းဆိုနေတဲ့အချိန်၊ ‘တကသ’ ကို ကိုညိုဝင်းတို့ဦးဆောင်မှု ပေးနေချိန်ဖြစ်တယ်။

ကိုညိုဝင်းဟာ ၁၉၅၄ ခုနှစ်က စပြီး ၁၉၆၀ ခုနှစ်အထိ ‘ဗကသ’(ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်) အမှုဆောင်ဖြစ်ခဲ့တယ်။ ‘တကသ’ အထွေထွေအတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးတယ်။ ကိုညိုဝင်းတို့ ‘တကသ’ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တဲ့နှစ်က သူတို့အောင်နိုင်ရေးအတွက် ကျနော်တို့က ကူညီကြိုးပမ်းပေးခဲ့ကြတယ်။ ‘SUF’ ကျောင်းသားညီညွတ်ရေးတပ်ဦး ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့ဖူးတယ်။ ထိုခေတ်က ကျောင်းသားလှုပ်ရှားမှုများမှာ ကိုညိုဝင်းဟာ ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ခဲ့တဲ့သူဖြစ်ပါတယ်။ ကျောင်းသားလှုပ်ရှားမှုများ၊ တိုက်ပွဲများမှာ အတွေ့အကြုံကြီးသူ၊ အစဉ်အလာကြီးသူတယောက်ဖြစ်တယ်။ ဆက်ဆံရေးပြေပြစ်ပြီး စိတ်ရှည်သည်းခံတတ်သူတယောက်လည်း ဖြစ်တယ်။ ဒါကြောင့်ပဲ ကျောင်းသားများရဲ့ ချစ်ခင်လေးစားမှုကို ခံယူရရှိသူဖြစ်တယ်။ သူ့သွင်ပြင်က ရည်မွန်ယဉ်ကျေး ပျော့ပျောင်းဟန်ရှိပေမယ့် လက်တွေ့မှာ ‘တုံးဆို တိုက်–ကျားဆို ကိုက်’မယ့် လူစားမျိုးဖြစ်တယ်။

၈၈ အရေးတော်ပုံကာလမှာ ‘စစ်ပြီးခေတ်နှင့်လွတ်လပ်ရေးခေတ် ကျောင်းသားဟောင်းများ’အဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့တယ်။ ကျောင်းသားတွေရဲ့ ဒီမိုကရေစီတောင်းဆိုမှုကို ထောက်ခံအားပေးခဲ့တယ်။ ရပ်ကွက်တွေမှာ စစ်အာဏာရှင်ဆန့်ကျင်ရေးတရားပွဲတွေ လှည့်လည်ဟောပြောခဲ့တယ်။ နိုင်ငံရေးပါတီတွေ ဖွဲ့ခွင့်ရတဲ့အခါမှာ ‘ပြည်သူ့တိုးတက်ရေးပါတီ’ တွဲဘက်အတွင်းရေးမှူးနဲ့ ‘ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (ဒမဖ)’ ရဲ့ အထွေထွေအတွင်းရေးမှူးတာဝန်တွေကို ထမ်းဆောင်ခဲ့တယ်။

၁၉၉၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှာ ကိုညိုဝင်းကို နောက်ဆုံးတွေ့မြင်ခဲ့ရတယ်။ ကြံတောသင်္ချိုင်း ရေခဲတိုက်မှာဖြစ်ပါတယ်။ အသက်ရှင်လျက်တော့မဟုတ်။ ရုပ်အလောင်းကို သွားရောက်ပြင်ဆင်ပေးခြင်းသာ။ ရှပ်ဖြူလက်ရှည်၊ တိုက်ပုံ၊ ယောပုဆိုးအညို၊ သားရေဖိနပ်တို့နှင့် ကိုညိုဝင်းဟာ တည်ငြိမ်ခန့်ညားသပ်ရပ်နေပါတယ်။ သူ့ချစ်ဇနီး ဒေါ်စန်းနွဲ့ (စာရေးဆရာမ မစန်းပွင့်)ရဲ့ ဆန္ဒအရ အလွမ်းပန်းပွင့်တွေကို သူ့ရုပ်ခန္ဓာပေါ် ဖြန့်ကြဲ ချွေချပေးခဲ့ရတယ်။ ကြွေလွင့်ရှာသူရဲ့ ရုပ်အလောင်းပေါ်ကို စပယ်ပွင့်ဖြူဖြူတွေနဲ့ နှင်းဆီ ပွင့်ဖတ်၊ ပွင့်ချပ်တွေ ချွေချဖြန့်ကြဲရင်း သူ့မျက်နှာကို နောက်ဆုံးအနေနဲ့ တဝကြီး စူးစိုက်ကြည့်နေမိတယ်။ သူကတော့ မသိရှာတော့။ သူနဲ့ ကျနော်နဲ့ နှစ်ယောက်ထဲသာ ကြံတောအအေးခန်းထဲမှာ။ လိမ့်ဆင်းလာတဲ့မျက်ရည်တပေါက်ကို သိမ်းဆည်းရင်း ကျောင်းသားခေါင်းဆောင်ဘဝတုန်းက အာဏာပိုင်အုပ်စိုးသူများကို စိန်ခေါ်တဲ့ ရဲရဲတောက်မိန့်ခွန်းတွေပြောခဲ့တဲ့ ကိုညိုဝင်း ပုံရိပ်တွေကို မြင်ယောင်လာမိပါတယ်။ ပုံရိပ်တွေက အပြေးအလွှားဝင်ရောက်လို့....။

– ၁၉၅၈ ခုနှစ် ‘ပညာရေးနှီးနှောဖလှယ်ပွဲ’ မြင်ကွင်း ....

– ဒိုးပတ်သံမြိုင်မြိုင်နဲ့ တကသ ရွေးကောက်ပွဲမြင်ကွင်း ....

– တက္ကသိုလ်ကောင်စီလူကြီး ရွေးကောက်ပွဲမြင်ကွင်း ....

– မော်လမြိုင်ကောလိပ်ပေါင်းစုံ ဆွေးနွေးပွဲမြင်ကွင်း ....

– ၁၉၆၀ ခုနှစ် (၆) ကြိမ်မြောက် ‘ဗကသ’ ညီလာခံမြင်ကွင်း ....

– ၁၉၆၁ ခုနှစ် ‘တကသ’နှစ် ၃၀ ပြည့်နဲ့ ပဥ္စမအကြိမ်ကျောင်းသားပွဲတော်မြင်ကွင်းများ ....

သည်တုန်းက ကိုညိုဝင်းက ပွဲတော်အတွက် ‘ကပွဲကော်မတီ’ဥက္ကဋ္ဌ။ အေဝမ်း

စာမျက်နှာ (၇) ကော်လံ (၄)သို့ ...

# ၈၈ မတ်လကျောင်းသားအရေးအခင်းနှင့် ရှစ်လေးလုံးအရေးတော်ပုံကိုဦးဆောင်ခဲ့သူ ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်ပြန်လည်လွတ်မြောက်

သာယာဝတီ အကျဉ်းထောင်အတွင်း နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော ကိုဌေးကြွယ် (ဒု–ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးကော်မတီ မ–က–သ–ဖ) သည် အောက်တိုဘာလ (၂၆) ရက်နေ့ နေ့လည်ပိုင်းတွင် အင်းစိန်ဗဟို အကျဉ်းထောင်ကြီးမှ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်းကို သတင်းရရှိသည်။

ကိုဌေးကြွယ်သည် ၁၉၈၈ ခုနှစ်မတ်လ (၁၆)ရက် ရန်ကုန်ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ် ကျောင်းသားဆန္ဒပြမှုနှင့် တံတားနီအရေးအခင်းကို ဦးဆောင်ခဲ့သူတဦးဖြစ်ပြီး၊ မတ်လ(၁၇)ရက် ရန်ကုန်တက္ကသိုလ်တွင် သပိတ်စခန်းဖွင့်ကာ မဆလအစိုးရအား သပိတ်မှောက်မှုကိုဦးဆောင်ခဲ့သည့် တိုးတက်သော တက္ကသိုလ်ကျောင်းသားများအဖွဲ့ (တတဖ)၏တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။

၁၉၈၈–မတ်လ (၂၂) ရက်နေ့တွင် စစ်ထောက်လှမ်းရေး တို့၏ ဖမ်းဆီးခြင်းခံရပြီး ဇူလိုင် (၇)ရက်တွင် ပြန်လည်လွတ်မြောက်လာပြီး နိုင်ငံလုံးကျွတ် အထွေထွေ သပိတ်ဆင်နွှဲနိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရေစီရေးလှုပ်ရှားမှုအစည်းအရုံး (မကဒ)ကို ၁၉၈၈ ဇူလိုင် (၂၈)ရက်နေ့တွင်ဖွဲ့စည်းကာ မကဒ၏ ဒုဥက္ကဋ္ဌအဖြစ် ရှစ်လေးလုံးအရေးတော်ပုံအတွက် တိုင်းပြည်ကို လှုံ့ဆော်စည်းရုံးခဲ့သည်။

ထို့နောက် ကျောင်းသားထု ညီညွတ်ရေးနှင့်အရေးတော်ပုံအရှိန်မြှင့် လုပ်ဆောင်နိုင်ရေးအတွက် ကျောင်းသားခေါင်း ဆောင် ၁၁၉ ဦး ကော်မတီဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ ဦးဆောင်အဖွဲ့ဝင်တဦးအဖြစ် အမျိုးသားကြားဖြတ်အစိုးရဖွဲ့စည်းရေး ဆောင်ရွက်မှုတွင် ဦးဆောင်ပါဝင်ခဲ့သည်။

စက်တင်ဘာလ (၁၈)ရက် စစ်တပ်က




နှစ်ရှည်ထောင်ဒဏ်ကျခံခဲ့ရသော ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်

အာဏာသိမ်းပြီးနောက် ဒီဇင်ဘာလ (၂၈) ရက်တွင်ပြုလုပ်သည့် နဝတနှင့် ကျောင်းသားများတွေ့ဆုံပွဲတွင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၈၉ ဇန်နဝါရီလတွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့ စည်းရေးကော်မတီ (All Burma Students' Union Re-establishment Committee) ပြန်လည်ဖွဲ့စည်းရာတွင် ဒုဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။၁၉၈၉ အာဏာဖီဆန်ရေး လူထုတိုက်ပွဲများ၊ ၁၉၉၀ စစ်မှန်သောရွေးကောက်ပွဲ ဖြစ်မြောက်ရေးနှင့် ဒီမိုကရေစီအင်အားစုများ အောင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၁၉၉၁ ဇွန်လတွင် စစ်အုပ်စု၏ ဖမ်းဆီးခြင်းကိုခံရပြီး ဒီဇင်ဘာ (၃၀)တွင် ပုဒ်မ ၅(ည)၊ ၁၉(က) ဖြင့် ထောင်ဒဏ် (၁၅)နှစ် အပြစ်ပေးခံခဲ့ရသည်။ ၁/၉၃ အရ ထောင်ဒဏ်(၁၀) ပြောင်းလဲခဲ့၍ ၁၉၉၉ ဧပြီလ (၃၀) ရက်နေ့တွင် လွတ်မြောက်ရမည် ဖြစ်သော်လည်း နိုင်ငံတော်လုံခြုံရေး ဥပဒေ ပုဒ်မ၁၀(က)ဖြင့် ငါးနှစ်ခွဲထပ်မံ ကျခံခဲ့ရသည်။

ကိုဌေးကြွယ်သည် သာယာဝတီ ထောင်တွင် အကျဉ်းကျနေစဉ်အတွင်း ယခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့က သာယာဝတီဆေးရုံကြီးသို့ အရေးပေါ်တက်ရောက်ကာ (အစာအိမ်၊ အူမကြီးနှင့် အူအတက်တို့ကို အချက်ပေါင်းရာကျော် ခွဲစိတ်ကုသမှုခံခဲ့ရပြီး၊ အခြေအနေပိုမို ဆိုးရွားလာသဖြင့် ဖေဖော်ဝါရီ (၂၈) ရက်တွင် အင်းစိန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသခဲ့ရသူ ဖြစ်သည်။

ကျန်းမာရေးအခြေအနေ ဆိုးရွားနေစဉ် ကိုဌေးကြွယ်၏မိသားစုက စစ်အုပ်စုကို ပြန်လွှတ်ပေးရန် မေတ္တာရပ်ခံခဲ့သော်လည်း မည်သို့မှဆောင်ရွက်ခြင်းမပြုဘဲ ပုဒ်မ ၁၀(က) ဖြင့် ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

ယခုအခါ ပုဒ်မ ၁၀(က) ဥပဒေအရ ထောင်ဒဏ်နှစ်စေ့၍ ပြန်လည် လွတ်မြောက်လာကြောင်း သိရသည်။

ကိုဌေးကြွယ်သည် ၁၉၈၈ မတ်လ တံတားနီ အရေးအခင်းနှင့် စပ်လျဉ်း၍ ဘီဘီစီ သတင်းထောက်ခရစ္စတိုဖာဂါးနက်နှင့် တွေ့ဆုံကာ မဆလအာဏာရှင်တို့၏ယုတ်မာကြမ်းကြုတ်ပုံတို့ကို ရေဒီယိုမှတဆင့် ပြည်သူလူထုကို အသိပေးတင်ပြခဲ့သူလည်း ဖြစ်သည်။

# ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ (၄၂)နှစ်ပြည့်မွေးနေ့ နိုင်ငံတကာတွင်ကျင်းပ

နအဖ အကျဉ်းထောင်အတွင်း (၁၅) နှစ်ကြာ အကျဉ်းချထားခြင်းခံထားရသော ဗမာနိုင်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌကိုမင်းကိုနိုင် (ခေါ်) ကိုပေါ်ဦးထွန်း၏ (၄၂)မြောက်မွေးနေ့ကို အောက်တိုဘာ (၁၈) ရက်နေ့က ကမ္ဘာ့နိုင်ငံအသီးသီးရှိ အဖွဲ့အစည်းအသီးသီးတို့တွင် အမှတ်တရခမ်းနားစွာ ကျင်းပခဲ့ကြကြောင်း သိရသည်။ ကိုမင်းကိုနိုင်သည် ၁၉၈၈ စက်မှုတက္ကသိုလ်၌ စတင်ပေါ်ပေါက်ခဲ့ သောမတ်လ ဖုန်းမော်အရေးတော်ပုံ အပြီး ဆက်တိုက်ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေး အခင်းများတွင် ကျောင်းသားထုတရပ်လုံးကို ရဲရင့်တက်ကြွစွာ ခေါင်းဆောင်ပါဝင်လှုပ်ရှားခဲ့သူတဦးဖြစ်သည်။



ကျောင်းသားများသမဂ္ဂ
ဥက္ကဋ္ဌမင်းကိုနိုင်

၁၉၈၈ အရေးတော်ပုံပေါ်ပေါက်ချိန်တွင် ကိုမင်းကိုနိုင်သည် ရန်ကုန်တက္ကသိုလ် သတ္တဗေဒ တတိယနှစ် ကျောင်းသားတဦးဖြစ်ပြီး ပထမအကြိမ်ပြန်လည်ဖွဲ့စည်းသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ တပါတီအာဏာရှင်စနစ်ဖြုတ်ချရေးနှင့် ဒီမိုကရေစီရှင်သန်ဖော်ဆောင်ရေးတိုက်ပွဲများကို အဓိက ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။

ကိုမင်းကိုနိုင်အား စစ်အုပ်စုက ၁၉၈၉ မတ်လ(၂၃)ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ပုဒ်မ (၁၂၄)ဖြင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့သည်။ ထို့နောက် ယခုအချိန်အထိ ပုဒ်မ ၁၀–က ဖြင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် အကျဉ်းထောင်တွင် ဆက်လက် ဖမ်းဆီးထားဆဲဖြစ်သည်။

မင်းကိုနိုင်သည် ယနေ့အချိန်အထိ နိုင်ငံတကာမှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဆု (၄)ဆုကို ရရှိထားသည်။

❖

# နိုင်ငံရေးအကျဉ်းသားကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်ကို အင်္ဂလန်နိုင်ငံက ဂုဏ်ပြု




ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်၏ ဂုဏ်ပြုပွဲအမှတ်တရမှတ်တမ်းဓာတ်ပုံ

နအဖ စစ်အကျဉ်းထောင်တွင် မတရားဖမ်းဆီးခံနေရသည့် ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်ကို ဂုဏ်ပြုသည့်အနေဖြင့် အင်္ဂလန်နိုင်ငံ ရီဒင်းယူနီဗာစီတီက အောက်တိုဘာ(၂၈)ရက်နေ့တွင် အခမ်းအနားတရပ် ကျင်းပခဲ့ကြောင်းသိရသည်။

ထိုအခမ်းအနားတွင် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအတွက် စွန့်လွှတ်အနစ်နာခံတိုက်ပွဲဝင်ခဲ့သည့် ကိုသက်ဝင်းအောင်အား ဂုဏ်ပြုသည့်အနေဖြင့် ရီဒင်းယူနီဗာစီတီ၏ ကျောင်းသားသမဂ္ဂ ဒု–ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ အခမ်းအနားတွင် ယူနီဗာစီတီ ကျောင်းသားသမဂ္ဂ အဆောက်အဦးနံရံ၌ ကိုသက်ဝင်းအောင်၏ပုံတူပန်းချီကားကြီးကို ပုံဖော်ရေးဆွဲထားပြီး တရားဝင်ဖွင့်လှစ်ခဲ့သည်။

ယူနီဗာစီတီမှ ဒေါက်တာရှအိုဝလီက ယခုလိုဂုဏ်ပြုရခြင်းမှာ ဒီမိုကရေစီအရေးတိုက်ပွဲဝင်နေသူများအား ကမ္ဘာက လျစ်လျူရှုထားခြင်းမရှိသည်ကို ပြသမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ တက္ကသိုလ်မှ ပါမောက္ခများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးလှုပ်ရှားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုသက်ဝင်းအောင်သည် ၉တန်း ကျောင်းသားအရွယ် ၁၉၉၈ စက်တင်ဘာ ကျောင်းသားလှုပ်ရှားမှု၌ ရွေးကောက်ပွဲအနိုင်ရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲပေးရန်နှင့် အမျိုးသားညီလာခံကို ဆန့်ကျင်သည့် စာရွက်စာတမ်းများ ဖြန့်ဝေမှုတို့ဖြင့် ထိုနှစ်အောက်တိုဘာတွင် အဖမ်းခံခဲ့ရပြီး ထောင်ဒဏ်အနှစ်(၆၀ ) ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။❖

ရှေ့ဖုံးစာမျက်နှာ(၁)မှ အဆက်...

မလျော်ကန်သောနည်းလမ်းဖြင့် ဩဇာလွှမ်းမိုးခြိမ်းခြောက်ခြင်းတို့ မလုပ်နိုင်ရန် ဖြစ်သည်ဟုဆိုခဲ့ပြီး အမျိုးသားညီလာခံ အပါအဝင် နအဖကရေးဆွဲထားသည့် ဒီမိုကရေစီဖော်ဆောင်ရေး မူဝါဒလမ်းစဉ် (၇) ရပ်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။ ထို့အပြင် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း မူဝါဒပြောင်းလဲခြင်းမပြုဘဲ ဆက်လက်လက် တွဲသွားမည်ဟု ထည့်သွင်းပြောကြား ခဲ့သည်။

ဝန်ကြီးချုပ်အသစ်ခန့်အပ်ပြီး စစ်ကောင်စီအတွင်း ရာထူးနေရာအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သော်လည်း နအဖ၏ နိုင်ငံခြားရေးမူဝါဒကို ပြောင်းလဲခြင်းမရှိ ဆက်လက်ကျင့်သုံးသွားမည်ဟု ဆိုသည်။

ဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း နအဖစစ်အစိုးရကို ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲဖော်ပြန်မှုနှင့် လာဘ်ပေးလာဘ်ယူမှုများနှင့် ပြည်သူအပေါ်ဖိနှိပ်မှုများ မကျူးလွန်သည့် သန့်ရှင်းထက်မြက်သည့် အစိုးရတရပ်အဖြစ် ဦးတည်အကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။

ယခုလို စစ်အုပ်စုအတွင်း အကွဲအပြဲကြီးမားစွာဖြစ်ပေါ်လာပြီး ဝန်ကြီးချုပ် အပြောင်းအလဲ ဖြစ်ခဲ့သည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က 'အကြမ်းဖျင်းပြောလို့ရှိရင်တော့ ဒါကတော့ အစိုးရရဲ့ပေါ်လစီ၊ အစိုးရရဲ့ရည်ရွယ်ချက် စသဖြင့် ဒါတွေအပေါ်မှာ အခြေခံတာပါ။ လူပုဂ္ဂိုလ်အပေါ်မှာ အခြေမခံပါဘူး။ ဒါပေမယ့်လို့ အခု တိုင်းရင်းသားတွေနဲ့ ပတ်သက်လို့ဆိုလို့ရှိရင်လည်း လူပုဂ္ဂိုလ်အပေါ်မှာ အခြေခံတဲ့ အပိုင်းတွေရှိတယ်။ သူတို့က သိပ်ပြီးတော့ အစွဲအလန်းကြီးတယ်။ ဒါသူတို့နဲ့ ခင်မင်ရင်းနှီးပြီးတော့ အလုပ်ဖြစ်နေတဲ့ အပိုင်းကနေပြီးတော့ လူစားတယောက်ဝင်လာရင် လွယ်လွယ်နဲ့ပြရနာရှင်းနိုင်တဲ့ အပိုင်းတွေလည်းရှိသလို၊ ရှင်းလို့မလွယ်တာတွေလည်း ရှိရင်ရှိမယ်။ အထာသိဖို့လိုတာပေါ့။ သူ့ဘက်ကိုယ့်ဘက်ကို၊ အဲဒါ အထာပျက်သွားတဲ့အပိုင်းပါ 'ဟု ပြောကြားခဲ့သည်။ ထို့ပြင် နအဖ ထိပ်ပိုင်းဗိုလ်ချုပ်များဖြစ်လာသူ ဗိုလ်ချုပ်ရွှေမန်း၊ ဗိုလ်ချုပ် စိုးဝင်း၊ ဗိုလ်ချုပ် သိန်းစိန်၊ ဗိုလ်ချုပ် တင်အောင်မြင့်ဦး၊ ဗိုလ်ချုပ် ကျော်ဝင်းနှင့် ဗိုလ်ချုပ် တင်အေးတို့သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ စိတ်ကြိုက်လက်ရုံးများဖြစ်သည့်အတွက် သူခိုင်းသမျှလုပ်ကြမည့်သူများသာဖြစ်ကြောင်း သတင်းအေဂျင်စီများနှင့် မေးမြန်းခန်းတွင် ပြောကြားသွားသည်။

ဝန်ကြီးချုပ်သစ်ဖြစ်လာသူ ဗိုလ်ချုပ်ကြီးစိုးဝင်း၏ နအဖအတွင်းရေးမှူး (၁) နေရာတွင် အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီး သိန်းစိန်ကို တာဝန်ပေးလိုက်ကြောင်း နအဖအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

❖

# သံလွင်ရေကား စီးမြဲပင်

ရဲထွန်း

**"မကဒတသည် တော်လှန်ရေးတည်းဟူသော ပန်းပဲဖိုတွင် တစထက်တစ၊ ထုသားပေသားကျလျက် သံမဏိအသွင် ကူးပြောင်းလာခဲ့သည်။"**

ဆယ်နှစ်ကျော် ဝေးကွာနေရသည့် သံလွင်ကိုတွေ့ရတော့ ကျနော့်နှလုံးခုန်သံ ပိုလို့မြန်လာသည်။ ကမ်းစပ်သို့ ခပ်သွက်သွက်ကလေးလှမ်းသွားခါ လက်ခုပ်ဖြင့် သံလွင်ရေကို အားရပါးရခပ်ယူပြီး မျက်နှာဆီသို့ အပ်လိုက်မိသည်။ နှစ်ရှည်လများ ကွဲကွာနေသည့် ဆွေမျိုးရင်းခြာတဦးနှင့် ပြန်တွေ့ရသည့် ရင်ခုံမှုမျိုး ခံစားလိုက်ရသည်။ ပါးပြင်တလျှောက် အေးမြမှုနှင့်အတူ နှလုံးသားမှာ နွေးလာနေသည်ကို သတိထားမိသည်။ ဝဲယာတလျှောက် သံလွင်၏ အဆုန်နှင့် အဆန်ကို လှမ်းမျှော်ကြည့်မိသည်။ သံလွင်ကတော့ စီးမြဲစီးနေပါလားဆိုသည့်အသိက မှတ်မှတ်ထင်ထင် ရှိရသည်။

နိုဝင်ဘာလ (၁)ရက်နေ့မှာ ကျောင်းသားတပ်မတော် ဖွဲ့စည်းတည်ထောင်သည့် (၁၆) နှစ်မြောက်နေ့ ဖြစ်သည်။ လှူ့ဘောင်သစ်ပါတီသည့် ဘော်ငွေရောင်ရေပြင်က သံလွင်ကို ပိုမိုလို့ နုပျိုစေသည်ဟု ထင်ရသည်။ အဲဒါ ရန်သူစခန်းပဲဟု ရဲဘော်တဦးက ပြောလာတော့ မြစ်ဆိပ်တွင်ရေချိုးနေသည့် အရာရှိဖြစ်ဟန်တူသူတဦးနှင့် သူ့ကိုစောင့်နေသည့် သေနတ်လွယ်ထားသည့် စစ်သားတဦးကို လှေပေါ်မှ အတိုင်းသားလှမ်းမြင်နေရသည်။ နုပျိုမှုနှင့်အတူ အကျည်းတန်တာတွေလည်း ရှိနေပါပေါ့လားဟု တွေးမိသည်။

စက်လှေကားရေပြင်မှာ ရှပ်တိုက်၍ ပြေးဆဲ။ ယခင်ကျောင်းသား တပ်မတော် ဌာနချုပ် ဒေါင်းဂွင်၊ အဲန်အယ်လ်ဒီ အလယ်ပိုင်းတိုင်း ခမောက်တောင်စခန်းတို့ကား လူသူနေထိုင်ခဲ့ဖူးသည်ဆိုသည့် သရုပ်သကန် အမှတ်အသား ဘာတခုမှမကျန်တော့။ တောအတိ ပြန်ဖြစ်နေပြီ။ ကိုမောင်မောင်တိတ်က အတိတ်ကရုပ်ပုံလွှာတွေကို ရေရွတ်ကြောင့်ပါလားဟု လေ့လာအတုယူရသည်။ ဤခရီးကား အဖိုးတန်လှသည်။ သည်လို ရဲဘော်တွေတည်ရှိနေမှုက တော်လှန်ရေး အောင်ပွဲရဲ့ အာမခံချက်ဖြစ်တယ်လို့လည်း အခိုင်အမာယုံကြည်နေမိသည်။ ညဘက် ဝိုင်းဖွဲ့စကားပြောကြတော့ မာနယ်ပလော မှာ အတူနေခဲ့ဖူးတဲ့ ရဲဘော်တဦးက ဦး သည်ရောက်တော့ ဘယ်လိုခံစားရသလဲလို့ မေးလာသည်။ သူဟာသူမေးရင်း၊ သူဟာသူ ဖြေသည်။ ကျနော်တို့မှာ မာနယ်ပလောတွေ အများကြီးပါ။ မာနယ်ပလောတခုကျရင် နှစ်ခုဖြစ်အောင် လုပ်မယ်။ နောက်ဆုံးမှာ တနိုင်ငံလုံးကို မာနယ်ပလော ဖြစ်စေရမယ် ပြောနေခိုက်မှာ သူ့မျက်နှာက တည်ကြည်ပြီး လေးနက်နေသည်။

ညဘက်အိပ်ရာဝင်တော့ ခရီးဦးပန်းလာပေမယ့် တော်တော်နဲ့အိပ်မပျော်၊ မိုင်းထိမှ ကိုယဉ်ထွေး၊ ကိုငွေလင်းတို့နှင့်အတူ မွေးနေ့အခမ်းအနားတက်ရောက်ဖို့ ကျောင်းသားတပ်မတော်ဌာနချုပ်သို့ သံလွင်မြစ်ကို ကျနော်တို့ ဆန်တက်ကြရသည်။ လွန်ခဲ့သော ဆယ်စုနှစ်ကျော်က ဒီနေရာမှာ လှုပ်ရှား သွားလာခဲ့ကြတာတွေကို သတိမရဘဲမနေနိုင်။ မာနယ်ပလော၊ မြစ်ဆုံ၊ တော်လဲထ၊ ဒေါင်းဂွင်၊ ခမောက်တောင်စခန်း ဝဲကြီး စသည် စသည်။ တချို့လုပ်ဖော်ကိုင်ဖက်များလည်း မရှိတော့ ကျဆုံးကုန်ပြီ။ ကိုလှဖေ (ပျော်ဖွယ်အမတ်)၊ ကိုမြင့်ဇော် (လူ့ဘောင်သစ်ဥက္ကဋ္ဌ) တို့နှင့် အတူ ဝဲကြီးကို ကလလတ ဒုဥက္ကဋ္ဌနှင့် သွားတွေ့တာ မှတ်မှတ်ထင်ထင် ရှိလှသည်။ ကိုလှဖေက ဘန်ကောက်မှာကျဆုံးပြီး၊ ကိုမြင့်ဇော်က မယ်ကော့မိုင်မှာ ကျဆုံးသည်။ ကလလတ ဒုဥက္ကဋ္ဌကတော့ လွိုင်ကော်မှာ နအဖနှင့် အပစ်အခတ်ရပ်စဲရေးကို ဦးဆောင်နေသည်။ တချိန်က ရဲဘော်ရဲဘက်များပေမယ့် ဘဝတွေကခြားသွားပြီ။ တချို့က ရှင်ကွဲ၊ တချို့က သေကွဲ။

သံလွင်ရဲ့ရေဆန်လမ်းလေးတလျှောက် လှေစီးရသည်က သက်တောင့် သက်သာ ရှိစမြဲ။ နေပူရှိန်ပြင်းပေမယ့် ညင်းညံ့ညံ့ လေပြေအေး၏ စွဲမက်ဖွယ်အထိအတွေ့က ယခင်ကလို ယစ်မူးစေနိုင်တုန်းပင်။ ဝဲယာတလျှောက် စိမ်းစိုနေသည့်တောအုပ်များ၊ ရစ်သိုင်းကွေ့ဝိုင်းနေသည့် မြစ်တရိုး၊ ရေအကျတွင် ပေါ်လာစပြုနေပြီဖြစ်သည့် ကျောက်ဆောင်ကျောက်တန်းနှင့် နေရောင်ခြည်အောက်တွင် တလက်လက်တောက်ပနေ မြည်တမ်းနေခိုက်မှာ မကဒတဆက်သွယ်ရေးတာဝန်ခံ ကိုဟန်ဝင်းအောင်က ကျနော့်အနား ပြုံးပြုံး၊ ပြုံးပြုံးနှင့် တိုးလာသည်။ တခုခု ပြောချင်မှန်းသိ၍ ကိုဟန်ဝင်းအောင်ဘာ ပြောချင်လို့လဲဟု မေးမိသည်။ အကိုကြီးဟိုမှာ ကြည့်စမ်းဆိုလို့ လှမ်းကြည့်လိုက်တော့ ဇမာ ဘက်ကမ်းသောင်ပြင်ပေါ်မှာ ဝါးလုံးတိုလေးများကိုင်ပြီး ပြေလွှားစစ်တိုက်တမ်းကစားနေကြတဲ့ ကလေးတသိုက်ကို တွေ့လိုက်သည်။ မဲဆောက်တို့၊ ချင်းမိုင်တို့မှာ ကလေးတွေက တီဗွီဂိမ်းကစားတယ်။ ဒီမှာတော့ ဝါးလုံးနဲ့စစ်တိုက်တယ်ဟုပြောပြီး ချက်ချင်းပဲ ပြန်လှည့်ထွက်သွားသည်။ ကိုဟန်ဝင်းအောင်က ၁၉၉၁ ခုနှစ်က တပ်မဟာ (၃) နွားလေးခိုစခန်းမှာ ကျနော်နဲ့အတူ တာဝန်ကျဖူးသည့်ကို မမေ့၊ သူ့ဆက်ဆံရေးက နွေးထွေး လှိုက်လှဲလှသည်။

မကဒတ ဗဟိုရောက်တော့၊ မာနယ်ပလော နေထိုင်မှုဘဝကို မလွမ်းဘဲ၊ မတမ်းတဘဲ မနေနိုင်။ နွေးထွေးပျူငှာသော၊ ဟန်ဆောင်မှုကင်းသော၊ လှိုက်လှဲပွင့်လင်း သောဆက်ဆံရေးတွေက ခွန်အားသစ်များ တိုးပွားလာစေသည်။ ဘယ်သူတွေ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် သူတို့တတွေက လက်တွေ့ကိုယ်ကျိုးစွန့်အနစ်နာခံနေသည်။ စက္ကန့်တိုင်းမိနစ်တိုင်းမှာ သူတို့ရဲ့တော်လှန်ရေးဘဝက အဓိပ္ပာယ်ရှိနေသည်။ ဤအချက်များက သူတို့တတွေရဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှုကို တိုးပွားစေသည်။ သည်လို လုပ်ဆောင်နိုင်နေမှုများမှာ ပြည်သူကိုချစ်မြတ်နိုးစိတ်ပြီးခြေပြတ်နေတဲ့ မကဒတ ရဲဘော်လေးများပြောစကားကို သတိရနေမိသည်။ ၁၉၉၂ ခုနှစ်က နော်တေးခံစစ်ကြောင်းမှာ ခြေတဖက်ပေးလိုက်ရတဲ့ ၂၁၂ တပ်ရင်းက ရဲဘော်ကမ်ပူးချားခေါ် မောင်မောင်သန်း၊ ၁၉၉၇ ဒေါင်းခွင်တိုက်ပွဲမှာ ရဲဘော်မိုးမင်း။ ၂၀၀၂ ဧပြီလမှာ ရဲဘော်ရန်နိုင်စိုး။ ပူပူနွေးနွေး အခုနှစ် ၂၀၀၄ မတ်လမှာ ခြေဖြတ်လိုက်ရတဲ့ တပ်ရင်း(၈)က အသက် (၁၉)သာရှိသေးတဲ့ ရဲဘော်လေးအောင်သူရ။ သူတို့လေးတွေ၏ စဉ်ဆက်မပြတ်အနစ်နာခံမှု၊ ကိုယ်ခန္ဓာပေးလှူမှုက ကျောင်းသားတပ်မတော်၏ ကိုယ်ကျိုးစွန့်အနစ်နာခံသော သူရဲကောင်းပီသသော ပိုင်းဖြတ်မှုရှိသော သင်္ကေတအမှတ်အသားများ ဖြစ်သည်။ အခက်အခဲ ဘယ်လောက်ကြီးမားပါစေ။ ယုံကြည်မှုကို မစွန့်လွှတ်။ ဖိအားဘယ်လောက်များပါစေ ကြံ့ကြံ့ခံရပ်တည်ဆဲ။ မကဒတသည် တော်လှန်ရေးတည်းဟူသော ပန်းပဲဖိုတွင် တစထက်တစ ထုသားပေသားကျလျက် သံမဏိအသွင် ကူးပြောင်းလာခဲ့သည်။ ယူအဲန်လျှောက်တဲ့ကိစ္စတွေဆီ စကားရောက်သွားတော့ စိုင်းထီးဆိုင်ရဲ့ မနေချင်သွားပေါ့ မတားပါဘူး ဆိုတာလိုပါပဲတဲ့။ ဘယ်သူ့ကိုမှ မကန့်ကွက်ပါဘူးတဲ့။ သူတို့ကတော့ သူတို့လုပ်နိုင်တဲ့ဘက်က ဆက်လုပ်နေဦးမယ်ဟု ဆိုသည်။ တပ်မဟာ(၂) အထူးဒေသ အခြေခံဒေသဖော်ထုတ်ရေးမှာ ၁၉၉၆ ခုနှစ်က ရန်သူဖမ်းမိသွားပြီးရက်ရက်စက်စက် အသတ်ခံခဲ့ရတဲ့ ရဲဘော် ကြည်စန်း၊ ၁၉၉၇ခုနှစ်မှာ ဒီဒေသမှာပဲ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရတဲ့ ရဲဘော် ဆန်းလင်းအောင်နှင့် ရဲဘော်ဝင်းကျော်တို့ကို ကျနော်မမေ့မရ။ ငယ်ပျိုရွှယ်နုသော သူတို့မျက်နှာလေးတွေ တရေးရေးပေါ်လာနေသည်။ ထို့ပါးဘွီးကျိုး တိုက်ပွဲကာလတုန်းက သင်္ဂြိုလ်ခဲ့သည့် မကဒတအလံတော် လွှမ်းခြုံထားတဲ့ သူတို့ရုပ်ကလပ်များ၏ သန့်စင်မွန်မြတ်မှုကိုလည်း အလေးအမြတ်ပြုရသည်။ မကဒတ (၁၆)နှစ်သက်တမ်းအတွင်း ကျဆုံး/သေဆုံး/ဒဏ်ရာရသူပေါင်း(၉၄၂)ဦး ရှိပြီ။ နက်ဖြန်ကျင်းပမည့် အခမ်းအနားမှာ သူတို့လေးတွေရဲ့ ဝိညာဉ်တွေဟာ ရောက်လေရာအရပ်က ပျံသန်းလာကြပြီး မကဒတ အလံတော်ကိုလွှင့်ထူကြရာမှာ သစ္စာအဓိဋ္ဌာန်ပြုရာမှာ ချီတက်အလေးပြုကြရာမှာပါဝင်နေကြမှာအမှန်ပါပဲဟု ယုံကြည်နေမိသည်။

နံနက် အခမ်းအနားစတော့ နှင်းမကွဲသေး။ စဉ်မြင့်ပေါ်က ခွပ်ဒေါင်းအလံကားလေမှာတလူလူဝဲလျက်။ စစ်ရေးပြကွင်း ဝဲယာတလျှောက်မှာ မဟာမိတ်များရွာ သူရွာသားများ၊ ရဲဘော်ရဲမေများဖြင့် ပြည့်နေသည်။ အထူးသဖြင့် ဖြူနီပြာဝါ သင်တိုင်းကိုယ်စီနှင့် ကရင်ပျိုဖြူတို့၏ လှုပ်ရှားဟန်က အခမ်းအနားကို ပိုမိုသစ်လွင်တောက်ပစေသည်။ ဆေးတံကိုခဲပြီး လွယ်အိတ်ဘေးတစောင်းလွယ်ထားသော ဖထီးတို့ အင်အားမှာလည်း မနည်း။ ကွမ်းတမြုံ့မြုံ့ဝါးနေတတ်သော အမိုးတို့နှင့် အပြိုင်အဆိုင် ရောက်နေကြသည်။

ဂုဏ်ပြုတပ်ဖွဲ့က မကဒတအထွေထွေအတွင်းရေးမှူး ရဲဘော်ကျော်ကိုအား ချီတက်အလေးပြုတော့ ကျနော်က ကင်မရာတလုံးဖြင့် အခမ်းအနားကို မှတ်တမ်းတင်နေမိသည်။ ဂုဏ်ပြုတပ်ဖွဲ့မှူးက သစ္စာဓိဋ္ဌာန် (၄) ချက်ဆိုရန် တပ်ကိုအမိန့်ပေးလိုက်သည်။

၁။ ငါတို့သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာရှိပါမည်။

၂။ ငါတို့သည် ဒီမိုကရေစီတော်လှန်ရေးတွင် ကျဆုံးသွားသော အာဇာနည်သူရဲကောင်းများအပေါ် သစ္စာရှိပါမည်။

၃။ ငါတို့သည် ဒီမိုကရေစီတော်လှန်ရေးအပေါ် သစ္စာရှိ၍ အထက်မှပေးအပ်သောအမိန့်နှင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

၄။ ငါတို့သည် ဒီမိုကရေစီတော်လှန်ရေး အောင်မြင်သည်အထိ အသက်စွန့်တိုက်ပွဲသွားရန် သစ္စာအဓိဋ္ဌာန်ပြုပါသည်။

သတိဆွဲရင်း သစ္စာဓိဋ္ဌာန်ဆိုနေသော ရဲဘော်လေး၏ မျက်နှာပေါ်ရှိ ခိုင်မာပြတ်သားမှု၊ တည်ကြည်လေးနက်မှုများက ကျနော့် အာရုံအားလုံးကို စုစည်းထားလိုက်သလို ရှိသည်။ သူ့မျက်နှာကွက်ကွက်ကို မိမိရရချိန်ယူရင်း ကင်မရာခလုတ်ကို နှိပ်ချလိုက်မိသည်။

ခွပ်ဒေါင်းကားလေမှာ ဝဲနေဆဲ
သံလွင်ရေကား စီးနေဆဲ။

ရဲထွန်း
(၃-၁၁-၂၀၀၄)



# ကျနော်တို့လေထုရဲ့ ရနံ့

လှိုင်းတွေကို
ငေးရင်းနဲ့သာ
ကမ်းပါးဟာ
နှစ်ဆ မြင့်လာခဲ့တယ်။

ဩော်
ကံငင်ပုံများ
ဂလုပ်ဘယ်လိုက်ဇေးရှင်း ဝင်းပချိန်မှ
လူဖြစ်ခဲ့တဲ့ကောင်
"မွန်မြတ်တဲ့ အထီးကျန်ဆန်မှု"နဲ့ နေတယ်။

အဟောင်းအမြင်းကြီးပါ ဆိုတဲ့
ယုံထင်ကြောင်ထင်အကြည့်
ချစ်သူတောင် မွေးတတ်လာတယ်။

မိတ်ဆွေ
ဟောဒီဘဝမှာ
နေရင်းထိုင်ရင်း
အစော်ကားခံခဲ့ဖူးပါသလား
ဒီ တတိယလှိုင်းခေတ်က
သိပ်လွယ်တယ် ကိုယ့်လူ။

ဟောဒီကာလမှာ
ပြောချင်သလိုပြောပြီး
နက်ကတိုင် စီးတတ်တာက
မိုးစီးရေတွေပါ။ ။

ပွင့်သစ် (ကရိန်ကန်)

# နိုင်ငံတကာ

## သတင်းတိုထွာ

### အီရက်စစ်ပွဲအတွင်း အကျအဆုံးစာရင်း

၂၀၀၄ ခုနှစ်၊ အောက်တိုဘာ(၃၀)ရက်နေ့အထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း(၁၂၆၁)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁၁၂၀)ဦး၊ ဗြိတိသျှစစ်သား (၆၉)ဦး၊ အီတလီစစ်သား (၁၉)ဦး၊ ပိုလန်စစ်သား(၁၃)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ယူကရိန်းစစ်သား(၉)ဦး၊ ဘူဂေးရီးယားစစ်သား(၇)ဦး၊ ဆလိုဗက်စစ်သား(၃)ဦး၊ ထိုင်းစစ်သား(၂)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ ဒိန်းမတ်စစ်သား(၁)ဦး၊ အက်စ်တိုး နီးယားစစ်သား(၂)ဦး၊ ဟန်ဂေရီစစ်သား(၁)ဦး၊ လတ်ဗီးယန်းစစ်သား(၁)ဦး၊ ဆာလဗေဒိုးစစ်သား(၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန် သတင်းဌာန အရစစ်ပွဲအတွင်း ဒဏ်ရာရရှိသော အမေရိကန်စစ်သားဦးရေမှာ (၈၁၅၀)ဦး ရှိပြီးဖြစ်သည်။ **[စီအဲန်အဲန်]**

### ထိုင်းစီးပွားရေး

ထိုင်းစီးပွားရေး နယ်ပယ်အသီးသီး၌ ရှင်သန်ကြီးထွားနေမှုအား ထောက်ပြပြောဆိုပြီး ၎င်း၏ စီးပွားရေးဆိုင်ရာမူဝါဒများအတွက် ထိုင်းဝန်ကြီးချုပ်ထပ်စင်၏ စီးပွားရေးအမြင်အား နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ချီကျူးခဲ့သည်။ တိုင်းပြည်၏ဥပဒေနှင့် စီးပွားရေး အဆောက်အအုံတခုလုံးအား ပြင်ဆင်ရန်အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်ရန်ကိုလည်း တောင်းဆိုလိုက်သည်။ထို့ပြင် အိုင်အမ်အက်ဖ် ဘုတ်အဖွဲ့က ငွေကြေးဖောင်းပွမှုမရှိဘဲ ထိုင်းစီးပွားရေး ပုံမှန်တပြေးညီတိုးတက်မှုကို အာမခံရေးအတွက် စီးပွားရေး အဆောက်အအုံများနှင့် ဥပဒေများကို တိုးတက်စေရန် အစိုးရ၏ကြိုးပမ်းမှုကိုလည်း အကြံပြုခဲ့သည်။

### ဟေနန်ပြည်နယ်အကြမ်းဖက်မှု

တရုတ်ပြည်၊ ဟေနန်ပြည်နယ်၏ ဒေသအချို့၌ လူမျိုးစု အဓိကရုဏ်းများဖြစ်ပွားရာ အောက်တိုဘာ(၃၁)ရက်နေ့က စစ်ဥပဒေ ထုတ်ပြန်လိုက်ရသည်။ လူအများသေဆုံးကြောင်း မျက်မြင်သက်သေများက ပြောဆိုသည်။ အဓိကရုန်းဖြစ်ပွားမှုမှာ လူများစုဖြစ်သည့် ဟန်လူမျိုးများနှင့် မွတ်စလင် ဟွေလူမျိုးစုများအကြား ဖြစ်ပွားခြင်းဖြစ်သည်။ ဤကြမ်းဖက်မှုများအတွင်း နေအိမ်များ မီးရှို့ခံရသည်။ အခင်းဖြစ်ပွားပုံမှာ မွတ်စလင်ဟွေ တိုင်းရင်းသား ကားမောင်းသမားတဦးက ဟန်မိန်းကလေးတဦးအား သတ်ဖြတ်ပစ်ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ **[ဘီဘီစီ]**

### ချေချန်ခေါင်းဆောင်၏ ခြိမ်းခြောက်မှုအသစ်

ရုရှနိုင်ငံ၊ ဘက်စလန်မြို့ရှိ စာသင်ကျောင်းတကျောင်းကို သိမ်းပိုက်ခဲ့သူ ချေချင်အစွန်းရောက်ခေါင်းဆောင်က ရုရှားပြည်သူများအား နောက်ထပ်တိုက်ခိုက်မှုများ ပြုလုပ်မည်ဟု ထပ်မံခြိမ်းခြောက်လိုက်သည်။ စက်တင်ဘာလအတွင်းက ဤစာသင်ကျောင်းအတွင်း ဝင်ရောက်စီးနင်း တိုက်ခိုက်မှုက ကလေး၊ လူကြီးပေါင်း (၃၃၀)ကျော် သေဆုံးခဲ့သည်။ ခေါင်းဆောင် ရှာမီလ်ဘာဆာယက်သည် ရုရှနိုင်ငံက ဝရမ်းထုတ်ထားသော အလိုချင်ဆုံးသူတဦးဖြစ်သည်။ စစ်သွေးကြွများက ချက်ညာသမတနိုင်ငံလွတ်လပ်ရေးကို တောင်းဆိုနေသည်။ ဘာဆာယက်အားဖမ်းဆီးပေးနိုင်သူအား ဆုငွေဒေါ်လာ(၁၀)သန်းပေးမည်ဟု အာဏာပိုင်များက ကြေညာထားသည်။ **[ဘီဘီစီ]**

### နီပေါအရေးအခင်း

အနောက်မြောက်ပိုင်း၊ မူဂူးခရိုင်ရှိမော်ဝါဒီပြောက်ကျားများ၏ အဓိကတိုက်ခိုက်မှုကြီးတခုကို လုံခြုံရေးတပ်ဖွဲ့များက တွန်းလှန်လိုက်သည်ဟု နီပေါအာဏာပိုင်များက ပြောဆိုသည်။ တိုက်ပွဲအတွင်း ထိခိုက်ကျဆုံးမှုများကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း အစိုးရရုံးအများအပြား ပျက်ဆီးခဲ့သည်။ ဤသည်မှာ လွန်ခဲ့သည်အပတ်က ကုန်ဆုံးခဲ့သည့် (၉)ရက်ကြာ အပစ်အခတ်ရပ်စဲရေး အပြီးနောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ပြောက်ကျားတို့၏ ပထမဆုံး အဓိကတိုက်ခိုက်မှုကြီးဖြစ်သည်။ ဝေးလံသောတောင်ပေါ်ခရိုင်ဒေသရှိ အုပ်ချုပ်ရေးရုံးစိုက်ရာနေရာများကို ရာပေါင်းများစွာသော ပြောက်ကျားများက မုန်တိုင်းဆင်တိုက်ခိုက်ခဲ့ကြောင်း အာဏာပိုင်များက ပြောဆိုသည်။ (၈)နှစ်ကြာ နီပေါပြည်တွင် စစ်အတွင်းအရပ်သား (၉၀၀၀)ကျော် သေဆုံးခဲ့သည်။ **[ဘီဘီစီ]**

## ထိုင်းနိုင်ငံတောင်ပိုင်းအကြမ်းဖက်မှုများအပေါ် အမေရိကန်မှ စိုးရိမ်

**အေအက်ဖ်ပီ။**



ကားပေါ်တွင် အသက်ရှူမွန်းကြပ်ကာ သေဆုံးခဲ့ရသော ထိုင်းမွတ်စလင်များ

ထိုင်းမွတ်စလင် (၇၈)ဦး သေဆုံးခဲ့ပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအနေဖြင့် စိုးရိမ်မိကြောင်းနှင့် ဘန်ကောက်ရှိ ထိုင်းအာဏာပိုင်များအနေနှင့် အခြေအနေများကို အေးဆေးတည်ငြိမ်စွာ ထိန်းချုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အောက်တိုဘာ(၂၉)ရက်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာ (၂၅) ရက်နေ့က ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းတွင် ထိုင်းမွတ်စလင် (၈၀)သေဆုံးခဲ့ပြီး၊ (၃)ဦးမှာ ပစ်ခတ်မှုကြောင့်ဖြစ်ပြီး ကျန်(၇၈)ဦးမှာ စစ်တပ်က ကားများဖြင့်ဖမ်းဆီးခေါ်ဆောင်သွားစဉ်အတွင်း ကားပေါ်တွင် အသက်ရှူမွန်းကြပ်ကာ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဤအဖြစ်အပျက်နောက်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုများစွာနှင့် ပစ်ခတ်မှုမြောက်မြားစွာ ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုများအတွင်း အရပ်သား (၃) ဦး သေဆုံးခဲ့ပြီး (၄၀)ခန့် ဒဏ်ရာရခဲ့သည်။

ဥပဒေပြင်ပရှိ ခွဲထွက်ရေးအုပ်စု တစုဖြစ်သည့် ညီညွတ်သော ပတ်ထနီလွတ်မြောက်ရေးအဖွဲ့က ကမ္ဘာလှည့်ခရီးသည်များအား ရဲစခန်းများ၊ ကပွဲရုံများ၊ ကော်ဖီဆိုင်များ၊ အရက်ဆိုင်များနှင့် ညကပွဲများသို့ မသွားရန်လည်း ၎င်းတို့၏ ဝက်ဆိုဒ်ပေါ်တွင် သတိပေးထားသည်။ ထို့ပြင် ရဲဌာနသို့ ရောက်ရှိလာသည့် လက်မှတ်ထိုးမထားသည့်စာများတွင်လည်း ဒေသအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ အမြန်ဆုံးထွက်သွားရန်ကိုလည်း တောင်းဆိုထားသည်။

ထိုင်းနိုင်ငံ လူဦးရေ၏ (၉၀%)မှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး တောင်ပိုင်းပြည်နယ် (၃)ခု၌ နေထိုင်သူများမှာ မွတ်စလင်များဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း ပုန်ကန်ထကြွမှုမှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီလက ပုန်ကန်သူများက အစိုးရ တပ်မတော်စစ်စခန်းတခုအား ဝင်ရောက်စီးနင်းကာ လက်နက်များယူဆောင်သွားသည်မှစ၍ ပြန်လည်ထကြွလာခဲ့ခြင်းဖြစ်သည်။

❖

## အမေရိကန်မဟာဗျူဟာအပေါ် တရုတ်ပြည်အမြင် ဒု ဝန်ကြီးချုပ်ဟောင်းမှ ထုတ်ဖော်ပြောဆို



ဝန်ကြီးချုပ်ဟောင်း ချန်ချင်း

အမေရိကန်၏မဟာဗျူဟာ ဆိုးဆိုးဝါးဝါးမှားယွင်းနေကြောင်း တရုတ်ပြည်၏ ဒု-ဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်းတဦးဖြစ်သူ ချန်ချင်းက တရုတ်ပြည် နေ့စဉ်သတင်းစာတွင် အောက်တိုဘာ(၁)ရက်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။ စစ်အေးခေတ်အပြီးတွင် အမေရိကန်ပြည်ထောင်စုသည် ၎င်း၏အဓိက စွမ်းအားများကို လက်နက်သစ်များ တိုးချဲ့ထုတ်လုပ်ခြင်းနှင့် ၎င်း၏ပြိုင်ဖက်များအပေါ် အင်အားသာလွန်ရန် ဒုံးပျံကာကွယ်ရေးတံတိုင်းများ တည်ဆောက်ထားမှုအပေါ်တွင် အလေးထား လုပ်ဆောင်နေသည်ဟုလည်း ဝေဖန်လိုက်သည်၊ ထို့ပြင် စက်တင်ဘာ(၁၁) ရက် အဖြစ်အပျက်နောက်ပိုင်း၌ အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာကို ပြောင်းလဲကာ မိစ္ဆာနိုင်ငံ၊ လူဆိုးနိုင်ငံ စသည်ဖြင့်အမည်တပ်ပြီး လှုပ်ရှားလာပြန်ကြောင်း ဤပြောဆိုမှုအောက်တွင် (၂)နှစ်အတွင်း အာဖဂန်နစ္စတန်နှင့် အီရန်တွင် စစ်ရေးအရ ကျူးကျော်ဝင်တိုက်ခဲ့သည်၊ ပင်လယ် ရပ်ခြား၌ အင်အားများ ဖြန့်ကျက်လာသည်။ အလယ်အာရှ၊ အရှေ့တောင်အာရှ၊ အာရှအရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းစသည်တို့တွင် ၎င်း၏ ထိန်းချုပ်မှုကို တင်းတင်းကျပ်ကျပ် လုပ်လာသည်ဟု အမေရိကန်၏ မဟာဗျူဟာ အပြောင်းအလဲကို ထုတ်ဖော်ပြောဆိုခဲ့သည်။

ဥပမာ၊ ပင်လယ်ကွေ့စစ်ပွဲ၊ ကိုဆိုဗိုစစ်ပွဲများကိုပြန်ကြည့်မည်ဆိုလျှင် သဘောထားလုံးဝ ပြောင်းလဲခြင်းမရှိကြောင်း၊ ဘုရှ်၏ အဘိဓမ္မာမှာ အင်အားသာလျှင် အဓိကဖြစ်ပြီး ကမ္ဘာကြီးကိုလွှမ်းမိုးရန် အလုံးစုံအင်အား အထူးသဖြင့် စစ်ရေးအင်အားကိုသာ သုံးရေးဖြစ်ကြောင်းကို ထောက်ပြပြောဆိုလိုက်သည်။

ထို့ပြင် ဤရာစုနှစ်၌ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် စစ်ရေးနည်းလမ်းများအစား ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့်သာ ပြိုင်ဆိုင်သင့်ကြောင်း ထပ်မံထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

## အီရတ်မှထွက်ခွာရန် ပိုလန်အားစာခံများက ၎င်းတို့၏အစိုးရအား တောင်းပန်

**အေအက်ဖ်ပီ။**

အောက်တိုဘာလ (၃၀)ရက်နေ့က အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားအစီအစဉ်တခု၌ အီရတ်ခုခံသူများ၏ ပြန်ပေးဆွဲထားခြင်းခံနေရသည့်ပိုလန် အမျိုးသမီး ဓားစာခံတဦးဖြစ်သူ အသက်(၅၄)နှစ်အရွယ်ရှိ ပိုလန်နှင့်အီရတ် နှစ်နိုင်ငံသားဖြစ်သူ ထရက်ဇာ ဘော့ခါလီဖာက သူမ၏ ဤသက်ချမ်းသာရေးအတွက် အီရတ်မှ ပိုလန်စစ်သည်များကို ဖယ်ရှားပေးပါရန် ပိုလန်အစိုးရအား ပန်ကြားခဲ့သည်။

"ကျမ အသက်ကိုကယ်ဖို့ နောက်ထပ်တကြိမ်ပန်ကြားပါတယ်၊ ကျမအသက် အန္တရာယ်တွေ့နေရပါတယ်၊ ကျမကို ကယ်ဆယ်နိုင်မယ့် အရာတခုကတော့ အီရတ်တွေ တောင်းဆိုသမျှကို လိုက်လျော ပေးဖို့ပါပဲ၊ ပထမက အီရတ်ကနေ ပိုလန်စစ်သားတွေ ထွက်ခွာဖို့၊ ဒုတိယက အီရတ်မှာရှိတဲ့ အမေရိကန် အကျဉ်းထောင်တွေထဲက အီရတ်အမျိုးသမီးအကျဉ်းသားတွေကို လွှတ်ပေးဖို့ပါပဲ"ဟု ၎င်းက ပြောဆိုခဲ့သည်။ "ပိုလန်အစိုးရနဲ့ ပိုလန်ပြည်သူတွေကို ဒုတိယအကြိမ် အကူအညီတောင်းခံပါတယ်၊ ကျမဟာ ပိုလန်နိုင်ငံသူတဦးပါ၊ ဘယ်လိုပဲဖြစ်ဖြစ် အီရတ်မြေပေါ်မှာ ပိုလန်စစ်သားတွေ ရှိနေတဲ့အတွက် ကျမတို့မှာ တာဝန်ရှိနေပါတယ်" ဟု ၎င်းကပြောကြားခဲ့သည်။ အီရတ် အလယ်ပိုင်း၌ ပိုလန်စစ်သား (၂၄၀၀)အပါအဝင် (၁၅)နိုင်ငံမှ စစ်သည် (၆၀၀၀)ခန့်အား ပိုလန်က အမိန့်ပေးကွပ်ကဲနေသည်။

❖

# နိုင်ငံတကာ

## အလယ်အလတ်သဘောထားရှိသည့် မွတ်စလင်နိုင်ငံဖြစ်ရေး အားပေးမည်ဖြစ်ကြောင်း အင်ဒိုသမတသစ်က ပြောကြား

**အောက်တိုဘာ(၃၀)။ [အေအက်ဖ်ပီ]**

ငြိမ်းချမ်းရေးမြှင့်တင်ပြီး ကမ္ဘာနှင့်လိုက်လျောညီထွေဖြစ်မည့် အလယ်အလတ်သဘောထားရှိသည့် အစ္စလာမ်နိုင်ငံဖြစ်လာရေးကို စဉ်းစားမည်ဟု အသစ်ရွေးချယ်ခံရသည့် အင်ဒိုနီးရှားသမတ ဆူဆီလိုဘန်ဘမ်းက ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် ကမ္ဘာ့အကြီးဆုံးအစ္စလာမ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံကို အလယ်အလတ်လမ်းလိုက်သည့် စံပြအစ္စလာမ် ဒီမိုကရေစီနိုင်ငံဖြစ်လိုကြောင်း သမတသစ်က ထပ်လောင်း ပြောကြားလိုက်သည်။



သမတသစ် ဆူဆီလိုဘန်ဘမ်း

ထို့ပြင် လုံခြုံရေးစာချုပ်သစ်ချုပ်ဆိုရေးအတွက် ဩစတြေးလျအစိုးရ၏ ကမ်းလှမ်းချက်ကိုလည်း သမတသစ်က ပယ်ချခဲ့သည်။ သို့သော် ဩစတြေးလျအစိုးရနှင့် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်လိုကြောင်းကိုမူ ပြောကြားခဲ့သည်။ ၁၉၉၉ ခုနှစ်၊ အရှေ့တီမောသို့ စစ်သားများစေလွှတ်သည့်အချိန်က ပျက်ပြယ်သွားခဲ့သည့် သဘောတူညီချက်ကို အစားထိုးရန်အတွက် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာက ဩစတြေးလျ–အင်ဒိုနီးရှား စာချုပ်သစ်တခု ပြန်လည်ချုပ်ဆိုရေးကို လွန်ခဲ့သည့်အပတ်က ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျနော်တို့ အခုလိုနေတာကတော့ လုံခြုံရေးကိစ္စတွေနဲ့ဆိုင်တဲ့ ပြဿနာတွေကို ဆွေးနွေးနိုင်မယ့် ညှိနှိုင်းဆွေးနွေးပွဲမျိုးပါ" ဟု သမတသစ်က ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။ ❖

## ကျူးဘားအပေါ် ပိတ်ဆို့မှုကိုအဆုံးသတ်ရန် အမေရိကန်အား ကုလသမဂ္ဂတောင်းဆို

**အောက်တိုဘာ(၂၈)။ [အေပီ]**

ဖီဒယ်လ်ကစ်ထရိုသည် ကျူးဘား နိုင်ငံသားများ၏ အခြေခံ လူ့အခွင့်အရေးကို ငြင်းပယ်သည့် ရက်စက်သူတယောက်ဖြစ်သည်ဆိုသည့် ပြောဆိုမှုကို ပယ်ချလိုက်ပြီး ကျူးဘားအပေါ် နှစ်(၄၀) ကျော်ကြာ ကုန်သွယ်ရေး ပိတ်ဆို့အရေးယူမှုအား အဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက အမေရိကန်အား တခဲနက်တောင်းဆိုခဲ့သည်။ ပိတ်ဆို့မှုအား မြန်နိုင်သမျှမြန်မြန် ပယ်ဖျက်ရန်တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲ(၁၇၉)မဲ၊ ကန့်ကွက်မဲ (၄)မဲနှင့် မဲမပေးသူ(၁)မဲဖြင့် အတည်ပြုခဲ့သည်။ ယမန်နှစ်ကလည်း ထောက်ခံမဲ (၁၇၉)မဲ၊ ကန့်ကွက်မဲ(၂)မဲနှင့် မဲမပေးသူ (၂)မဲဖြင့် အတည်ပြုခဲ့သည်။ "အမေရိကန်ပြည်ထောင်စုအတွင်းမှာ ဒီလိုပိတ်ဆို့တာကို တိုးတိုးပြီး ဆန့်ကျင်လာနေတယ်"ဟု ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖယ်လီပဲရက်ဝိုးခ်က ပြောကြားခဲ့သည်။ လောလောဆယ်တွင် အမေရိကန်သည် ကျူးဘားအပေါ် ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်သည့် ကန့်သတ်မှုများ၊ အိတ်စ်ရေဂါကုသရေး ဆေးနှစ်မျိုး တင်ပို့ခြင်းကို တားမြစ်ထားခြင်းနှင့် ငွေမများ မရှိရေးလုပ်ရှားမှုအဖွဲ့တခုကိုလည်း ထူထောင်ကာ လုပ်ဆောင်နေသည်။ ထို့ကြောင့် ပြည်တွင်း၌ အမေရိကန်ဒေါ်လာအစား ကျူးဘား ပီဆိုဖြင့် အစားထိုးသုံးစွဲရန် ကစ်ထရိုက ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။



နိုင်ငံခြားရေးဝန်ကြီး ဖယ်လီပဲရက်ဝိုးခ်

ညီလာခံတွင် အမေရိကန်နှင့်အတူ အစ္စရေး၊ မာရှယ်ကျွန်းနှင့် ပါလောက်နိုင်ငံများက ကန့်ကွက်မဲပေးခဲ့ကြပြီး မိုက်ခရိုနီးရှားက မဲမပေးဘဲနေသည်။ အဓိက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် တရုတ်နိုင်ငံကို ကိုယ်စားပြုသည့် (၇၇) နိုင်ငံအုပ်စု၏ ဥက္ကဋ္ဌဖြစ်သူ၊ ကာတာနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး အဗ္ဗဒူလာဇစ်အယ်လ်နက်ဆားက ပိတ်ဆို့မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ပြီး လွတ်လပ်စွာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို ပြင်းထန်စွာပိတ်ပင်တားဆီးခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့သည်။❖

## ဥရုဂွေးရွေးကောက်ပွဲ ရလာဒ် တောင်အမေရိကတိုက် လက်ဝဲယိမ်းသွားပြီလော

**ဘီဘီစီ။**

ဥရုဂွေး အထွေထွေရွေးကောက်ပွဲ၌ ဆိုရှယ်လစ်ပါတီမှ ဒေါက်တာ တာ့ဘရေဗားကွက်ဇ် အနိုင်ရရှိကာ သမတ ဖြစ်လာခဲ့သည်။ ဤသည်မှာ တောင်အမေရိကတိုက်တွင် လက်ဝဲယိမ်း ခေါင်းဆောင်များ လွှမ်းမိုးလာခြင်းဖြစ်ကြောင်း အကဲခတ်များက ထောက်ပြကြသည်။ ဘရာဇီးလ်၊ အာဂျင်တီးနားနှင့် ဗင်နီဇွဲလား စသည့် စီးပွားရေးအင်အားကြီးနိုင်ငံများတွင်လည်း လက်ဝဲယိမ်း သမတများ အာဏာရနေကြပြီး ယခု ဥရုဂွေးကပါ ဆိုရှယ်လစ်တဦးက သမတ ဖြစ်လာသောကြောင့် တောင်အမေရိက တတိုက်လုံးတွင်း လက်ဝဲနိုင်ငံရေး လွှမ်းမိုးသည့် အနေအထားသို့ ရောက်ရှိနေပြီဟု အများက ပြောဆိုနေကြသည်။ ထိုအထဲ၌ ကိုလမ်ဘီယာ သမတတဦးသာ ခြွင်းချက်အနေနှင့် ကျန်နေပြီး ၎င်းမှာ အမေရိကန်လိုလားသူတဦးဖြစ်ပြီး၊ လွတ်လပ်သည့် ဈေးကွက်မူဝါဒကို ကျင့်သုံးသူလည်း ဖြစ်သည်။

ဥရုဂွေးသည် အိမ်နီးချင်း အာဂျင်တီးနားကဲ့သို့ လိုက်ပါလုပ်ဆောင်နိုင်ကြောင်း အကဲခတ်အများစုက ပြောဆိုကြသည်။ ဥရုဂွေးနိုင်ငံ၏ နိုင်ငံရေးတွင် ဆယ်စုနှစ်ကြာ လွှမ်းမိုးနေသည့် ကော်လိုရာဒိုနှင့် ဘလန်ကိုဟုခေါ်သည့် အစဉ်အလာ နိုင်ငံရေးပါတီကြီး (၂)ခုရှိပြီး ဤပါတီကြီးများကို ဗားကွက်ဇ်အနေဖြင့် အလွယ်တကူအနိုင်ရသည့် အကြောင်းတချက်မှာ လူထုက ထိုပါတီကြီးများကို မကျေနပ်၊ မနှစ်သက်ကြသောကြောင့် ဖြစ်သည်။ ဗင်နီဇွဲလားတွင် ဟူးဂိုးအနိုင်ရခဲ့ခြင်းမှာလည်း ဤအကြောင်းကြောင့်ပင်ဖြစ်သည်။

ဥရုဂွေး၊ ဗင်နီဇွဲလား၊ ဘရာဇီးလ်၊ အာဂျင်တီးနားနှင့် အီကွေဒေါ နိုင်ငံများရှိ မကြာသေးမီကပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် အနိုင်ရသူအားလုံး၌ တူညီသည့် အချက်တခုမှာ လက်ရှိအစိုးရများက ကျောထောက်နောက်ခံပြုထားသည့် အမေရိကန် အထောက်အပံ့ခံ လွတ်လပ်သည့်ဈေးကွက်မူဝါဒအား ပြတ်သားစွာ ကန့်ကွက်လိုက်ခြင်းပင်ဖြစ်သည်။

❖

## ဂျပန်စားစာခံနှင့်တူသည့် ရုပ်အလောင်း အီရတ်၌ ပြန်လည်တွေ့ရှိ

**ရိုက်တာ။**

အီရတ်ရှိ ဂျပန်စစ်သည်များအား ပြန်လည်ရုပ်သိမ်းပေးရန် ဖမ်းထားသူများ၏တောင်းဆိုမှုအား ဂျပန်အစိုးရက ငြင်းပယ်ပြီးနောက်ပိုင်း၌ ခေါင်းဖြတ်အသတ်ခံလိုက်ရသည့် ဂျပန်လူမျိုးဓားစာခံတဦး၏ ရုပ်အလောင်းကို အီရတ်၌တွေ့ရှိပြီး အတည်ပြုရန်အတွက် ကာတာသို့ ပို့ဆောင်ခဲ့ကြောင်း အောက်တိုဘာ (၃၀)ရက်နေ့က ဂျပန်အရာရှိများက ပြောဆိုခဲ့သည်။ အောက်တိုဘာ (၂၇)ရက်နေ့က အင်တာနက်တွင် အီရတ်မှ ဂျပန်စစ်သည်များ မဆုတ်ခွာလျှင် ဖမ်းဆီးထားသူ အသက်(၂၄)နှစ်အရွယ်ရှိ ရှိုးဆေးကိုဒါအား (၄၈)နာရီအတွင်း ခေါင်းဖြတ်ပစ်မည်ဟု အယ်လ်ခိုင်ဒါအဖွဲ့၏ မဟာမိတ် အဘူမူဆဘ်အယ်လ်ဇာကာဝီ၏ ခုခံရေးအဖွဲ့က ပြောကြားခဲ့သည်။ ဤဓားစာခံအဖြစ်အပျက်သည် ဝန်ကြီးချုပ် ကိုအိဇုမိအတွက် စိန်ခေါ်မှုတရပ်ဖြစ်သည်။ ၎င်းသည် အမေရိကန်သမတ ဂျော့ဘုရှ်၏ ရင်းနှီးသည့်မဟာမိတ်တဦးဖြစ်ပြီး ပြည်သူအများက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အီရတ်သို့ တိုက်ခိုက်ရေးအတွက် မဟုတ်သည့် စစ်သည်များ စေလွှတ်ခဲ့သူ ဖြစ်သည်။ ကိုဒါအသတ်ခံရမှုက အီရန်၌ ဂျပန်စစ်သည်များ ဆက်လက်ထားရှိရေးနှင့် ပတ်သက်၍ ဒီဇင်ဘာလလယ်တွင် ပြုလုပ်မည့်အစိုးရ၏ ဆုံးဖြတ်ချက်ကို ရှုပ်ထွေးစေနိုင်သည်။ အလောင်းကို ဘဂ္ဂဒက်နှင့် တီကရစ်အကြား၌ အမေရိကန်စစ်တပ်က တွေ့ရှိခြင်းဖြစ်ပြီး ကိုဒါ ဟုတ်မဟုတ်ဆိုသည်ကိုမူ ပြောဆိုခဲ့ခြင်းမရှိချေ။ ကိုဒါနှင့်ပတ်သက်၍ ဂျပန်အစိုးရက အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အရှေ့အလယ်ပိုင်း နိုင်ငံများအပါအဝင် နိုင်ငံ(၂၅) နိုင်ငံသို့ အကူအညီများတောင်းခံခဲ့ပြီး ဂျော်ဒန်သို့လည်း အထူးသံတမန်တဦး စေလွှတ်ခဲ့သည်။ ပြီးခဲ့သည့် ဧပြီလမှစ၍ အီရတ်ရှိ ခုခံရေးအုပ်စုများက နိုင်ငံခြားသားများအားပြန်ပေးဆွဲပြီး အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များနှင့်နိုင်ငံခြားသား အလုပ်သမားများ တိုင်းပြည်မှ ထွက်ခွာသွားရန် ဖိအားပေးသည့် လှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။ ဘဂ္ဂဒက်တောင်ဘက် မိုင်(၁၇၀) အကွာရှိ ဆမားဝါတွင် ဂျပန်စစ်သည်(၅၅၀) ခန့်သည် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်။ ၂၀၀၃ ခုနှစ်မတ်လမှ စတင်ခဲ့သည့် အမေရိကန်၏ အီရတ်ကျူးကျော်စစ်ကာလ



ဂျပန်ဓားစာခံ ရှိုးဆေးကိုဒါ

အတွင်း အီရတ်၌ ဂျပန်လူမျိုး သံအမတ် (၂)ဦးနှင့် သတင်းထောက်(၂)ဦး အသတ်ခံရပြီးဖြစ်သည်။ ဧပြီလတွင် သတင်းထောက်နှင့် ကူညီရေးလုပ်သားများ အပါအဝင် ဂျပန်အရပ်သား(၅)ဦးပြန်ပေးဆွဲ ခံခဲ့ရသည်။ ဂျပန်စစ်သည်များ မရုပ်သိမ်းလျှင် ၎င်းတို့အထဲမှ (၃)ဦးကို သတ်ပစ်မည်ဟု အီရတ်ခုခံသူများက ခြိမ်းခြောက်ခဲ့သည်။ သို့သော် ခုခံသူများက ဂျပန်ဓားစာခံ အားလုံးကို ပြန်လွှတ်ပေးခဲ့သည်။

❖

## ဩစတြေးလျ အစိုးရ လွှတ်တော်နှစ်ရပ်လုံးတွင် ထိန်းချုပ်

**ဘီဘီစီ။**

အောက်တိုဘာ(၂၈)ရက်နေ့၊ ရွေးကောက်ပွဲနောက်ဆုံးရလဒ်အရ ဂျွန်ဟောင်းဝပ်ဒ်သည် (၂၄)နှစ်အတွင်း ပါလီမန်လွှတ်တော်(၂)ရပ်စလုံးတွင် အများစုအနိုင်ရခဲ့သည့် ပထမဆုံး ဝန်ကြီးချုပ်တဦးဖြစ်လာသည်။

၎င်းသည် ဩစတြေးလျနိုင်ငံ၏ (၄) ကြိမ်ဆက်တိုက် ဝန်ကြီးချုပ်အဖြစ်အရွေးခံရသူလည်းဖြစ်သည်။ အထက်လွှတ်တော်၏ အမတ်(၇၆)နေရာတွင် ဟောင်းဝပ်ဒ်၏ လစ်ဘရယ်ပါတီသည် (၃၉)နေရာ အနိုင်ရရှိခဲ့သည်။ ပြီးခဲ့သည် အာဏာရသက်တမ်း (၃)ကြိမ်က ၎င်း၏ကွန်ဆာဗေးတစ် မဟာမိတ်ညွန့်ပေါင်းများသည် အထက်လွှတ်တော်၌ အမတ်နေရာအများစု မရခဲ့သောကြောင့် ၎င်း၏ ဦးစားပေးလုပ်ငန်းများ ပိတ်ပင်ခံခဲ့ရသည်။ သို့သော် ယခုအောင်ပွဲက ၎င်း၏ စီမံကိန်းများထဲမှ အမျိုးသားကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းကြီးတခုဖြစ်သည့် တဲလ်စ်ထရာရှိ အစိုးရ၏ ဒေါ်လာသန်းပေါင်း (၂၂ ဒသမ ၄)ဘီလျံ တန်ဖိုးရှိသည့် ပိုင်ဆိုင်မှုအားရောင်းချရေးမှာ အောင်မြင်ရန်များလာပေသည်။ အတိုက်အခံဥပဒေပြုသမားများက ဤရောင်းချမှုကို ဝန်ဆောင်မှု လုပ်ငန်းများ ဆုတ်ယုတ်ပျက်ပြားစေမည် ဟု စောဒက တက်ပြောဆိုပြီး ဆန့်ကျင်နေသည်မှာ ကာလကြာပြီဖြစ်သည်။ အထက်လွှတ်တော်တွင်း ၎င်းတို့အမတ်များ အများစုဖြစ်လာခြင်းကြောင့် ဩစတြေးလျ မီဒီယာများအား နိုင်ငံခြားသားပိုင်ဆိုင်မှုအပေါ် ကန့်သတ်ချက်များ လျှော့ချရေးကို အထက်လွှတ်တော်တွင်း ဆက်လက်တားဆီးနိုင်တော့မည် မဟုတ်ချေ။ စာနယ်ဇင်းပိုင်ဆိုင်မှုဥပဒေများကိုလည်း လျှော့ချခဲ့သည်။ ယခင်အစိုးရသက်တန်း(၃)ကြိမ်က လုပ်သားဈေးကွက်ဆိုင်ရာဥပဒေများ ဖျက်သိမ်းခြင်းနှင့် လုပ်ငန်းငယ်လေးများအပေါ် ထိန်းချုပ်မှုများ လျှော့ချခြင်းကို အထက်လွှတ်တော်က ပယ်ချခဲ့သည်။

ဤသည်မှာ ၁၉၇၀ စုနှစ်များကစိုးမိုးခဲ့သည့် မယ်လ်ခိုအစိုးရလက်ထက်မှစ၍ ယခုထိယခုကဲ့သို့ လွှတ်တော် နှစ်ရပ်စလုံးတွင် အစိုးရက လွှမ်းမိုးနိုင်သည်မှာ ပထမဆုံး အကြိမ်ဖြစ်လိမ့်မည်။

❖

# မြားမမှန်နိုင်တဲ့ ကဗျာဆရာ

ရှန်မိုင်း



(၁)

‘မိုးချုပ်စ မြင်လိုက်ရတာ
ရေကြည်ကြည် ဖန်တဂေါင်းထဲ
မင်နက်တွေ မှောက်ချလိုက်သလိုမျိုး
မည်းနက်သထက် မည်းနက်
လုံးဝမှောင်သွားရော။’

မင်နက်တွေမှောက်ချလိုက်သလိုမျိုး လုံးလုံးကြီးမှောင်ပိန်းနေတဲ့အရပ်မှာ ဆရာ့ကို ကျနော်စတွေ့ခဲ့ရတာပါ။ မြူတွေဆိုင်းနေတဲ့ တမနက်မှာပေါ့။ ‘အင်းစိန်ထောင်ပြောင်းတွေ ရောက်နေလို့’တဲ့၊ ‘အခု ဘူးရှေ့မှာ ရှာဖွေရေး လုပ်နေတယ်၊ ၅(ည) တွေ’တဲ့။ တကယ်ဆိုရင် ကျနော်တို့နေရာဟာ ညှော်သည်ကိုကြိုဆိုကောင်းတဲ့နေရာမှ မဟုတ်တာ။ ဒါပေမယ့် လို့လည်း ညှော်သည်တွေဟာ မကြာမကြာ ရောက်ရောက်လာတတ်တယ်။

ထောင်ဖွင့်တာနဲ့ ကျနော်တို့လည်းအပြေးအလွှားထွက်လာပြီး ကျနော်တို့ တိုက်ဝင်းတံခါးကြားကဘူးဆီကို ချောင်းကြည့်ကြတယ်။ နံပါတ်တုတ်ကိုင် ထောင်ဝါဒါတွေရဲ့အလယ်မှာ ဖြူညစ်ညစ်လူတအုပ်ကို တွေ့ရတယ်။ အဲဒီထဲမှာမှ ရှာဖွေရေးအလုပ်ခံနေရင်း ထောင်ရဲ့အခင်းအကျင်းသစ်ကို ခပ်ငေးငေးလိုက်ကြည့်နေတဲ့ လူတယောက်။ အင်းစိန်ထွက် ထောင်ပိုစ်အင်္ကျီ ပုံမကျ၊ ပန်းမကျကြီးကို ဝတ်ထားပြီး သူ့ခြေထောက်ကခြေကျင်းကြီးကို စိတ်မသက်မသာနဲ့ ငုံ့ကြည့်နေသူ။

‘အဲဒါ မောင်အောင်ပွင့်၊ အိပ်မက်ဖူး လုပ်တဲ့ ကဗျာဆရာ မောင်အောင်ပွင့်လေ’

နာရီဝက်လောက် အကြာမှာတော့ ခြေကျင်းသံတချွင်ချွင်နဲ့ ကျနော်တို့ တိုက်ဖက်ဆီကို လျှောက်လာနေကြပြီ။ ခြေကျင်းခတ်ထားတဲ့ ကဗျာဆရာတွေ . . .

ဆရာ မောင်အောင်ပွင့်ရယ်၊ ဆရာ မောင်လွင်မွန်(ကသာ)ရယ်၊ ဆရာ ဒေါင်းဝေဇော်ရယ်။

(၂)

‘လရောင်ကို စုထုပ်
ပီဘိ အမှောင်ကြီးကျနေတဲ့
ပုရွက်ဆိတ်တွင်းတွေထဲ
လရောင်ကို ကဲ့ကဲ့ပြီး
ထည့်ထည့် ပေးချင်တယ်။’

ပုရွက်ဆိတ်တွင်းလို မှောင်နေတဲ့ ကျနော်တို့တိုက်ဟာ ဆရာပွင့် ကဲ့ကဲ့ပြီးထည့်ပေးလိုက်တဲ့ လရောင်တွေနဲ့ ကဗျာတွေ ဖူးပွင့်လာကြတယ်။ ကဗျာတွေရေးကြ၊ ကဗျာတွေ ရွတ်ကြ၊ ကဗျာဝိုင်း၊ စာဝိုင်းတွေဖွဲ့ကြနဲ့ သာယာဝတီထောင်ဟာ လေထန်ကုန်းဖြစ်သွားပါတော့တယ်။ ဆရာနဲ့ စကားတွေပြောရင်း ပြောရင်းနဲ့ ဆရာရဲ့ကဗျာဗေဒကို မြည်းစမ်းခွင့် ရလာတယ်။

‘ကျနော့် အလုပ်က Documentary Video (မှတ်တမ်း ဗွီဒီယို) လိုက်ရိုက်ရတဲ့ အလုပ်ဆိုတော့ ခရီးတွေအများကြီးထွက်ရတယ်။ ရောဝတီမြစ်ရိုးတလျှောက် စုန်ချည်ဆန်ချည်နဲ့ အကြိမ်ကြိမ်သွားရတယ်။ ပုဂံဆိုလည်း အခေါက်ခေါက်ပဲ၊ ဒီလိုနဲ့ ဒီကဗျာကို ရေးဖြစ်ခဲ့တယ်။’

ရွှေစည်းခုံ ဘုရားပွဲကို ဆရာခံစားပြပုံကလည်း ကြည့်ပါဦး။

‘အလို .... အညာသူ အပျိုပေါက်မလေးပါလား
ခြသေ့ကြီး လက်နှစ်ဖက်ကြား
ခွေခွေလေး အိပ်နေလိုက်တာ ။
သမီး လုံမငြိမ်းချမ်းရေ ....
ဒီမှာ သမီးအရွယ် မိန်းမသားလေး
တယောက်
ဒုက္ခဆိုက်ပုံတော့
တောရိုင်းသံမဏိ လက်သီးချက်
တရစပ် ဖွတ်ဖွတ်ချေ
အဝတ်နွမ်းတစ ပုံချထားတဲ့အတိုင်း’

ဒီအညာသူ အပျိုပေါက်မလေးဟာ ဘာကြောင့်များ ဒီနေရာမှာအိပ်ပျော်နေရရှာပါလိမ့်။ အဝတ်နွမ်းတစ်စ ပုံချထားသလိုမျိုး၊ မင်းဟာ သမီးလုံမငြိမ်းချမ်းအရွယ်ကလေးပါပဲလား။ ဘယ်လိုဒုက္ခမျိုး တွေနဲ့များကြုံဆုံနေရသလဲကွယ်။

‘သမီးလေးရေ ....
ထထ အရှုးမသားမွေးတယ်
ထထ ကလေးရယ် ’

အရူးမတောင် ဒုက္ခများသွားနိုင်တဲ့ ဒီခေတ်ရိုင်းကြီးအတွင်းမှာ အိပ်ပျော်နေတဲ့ ဒီအညာသူမလေးကို ဆရာဘယ်လိုမှ စိတ်မချနိုင်တော့ဘူး။

Documentary (မှတ်တမ်းဗွီဒီယို) ရိုက်ရင်း ရှမ်းပြည်တောင်ပိုင်းကိုရောက်တော့ အမှတ်မထင် မသာလှည်းတစီးနဲ့ကြုံဖြစ်တယ်။ အဲဒီမှာ ဆရာ့ရင်ထဲ မေးခွန်းတွေပြည့်ကြပ်လာတာနဲ့ ဒီကဗျာကို ရေးဖြစ်ခဲ့ပါသတဲ့။

‘.......................
သိမ်တောင်လို အေးစက်တောင့်ခဲနေတဲ့
သက်ကြီးပု ဆေးရုံလေးထဲကနေ
လမ်းပေါ်ထွက်ကျလာတာ
ပစ်တင်လိုက်ပုံရတဲ့ အလောင်း
လှည်းပေါ်မှာ စွေစောင်းစောင်းကြီး
စောင်ကြမ်းနှစ်ထည်နဲ့
ခြေဆုံးခေါင်းဖျား
ခြုံပတ်ထားတဲ့ ဒီအလောင်းဟာ
ကျားလား၊ မလား
လူငယ်လား၊ လူကြီးလား
ရှမ်းလား၊ ဓနုလား
တောင်ရိုးလား ပလောင်လား
မိဝေး ဖဝေး၊ ဆွေဝေး မျိုးဝေး
အိမ်ပြေးလား ဘာပြေးလဲ ....

ပိုင်ရှင်မဲ့ ဒီအလောင်းကို မဲလေးလို့ခေါ်တဲ့ မသာလှည်းလေးပေါ်တင်ပြီး အရက်မူးမူးနဲ့ဆွဲလာတဲ့ မြင်းကွင်း။

လူတယောက်ရဲ့ သေခြင်းဟာ ဒီလောက်ပဲ ခမ်းနားသင့်ပါသလား။ ဘဝတခုရဲ့တန်ဖိုးဆိုတာက ဘာလဲ၊ သူက ဘာကြောင့် ပြေးနေရတာလဲ၊ သူ့ကို ဘယ်သူက သဲသဲမဲမဲလိုက်ပြီး ဒုက္ခပေးနေရတာလဲ၊ ဆရာ့ရင်ဟာ အသက်ရှူလို့မရလောက်အောင် တင်းကြပ်ပြည့်သိပ်လာတယ်။

ဆရာဟာ သူ့ကဗျာတွေကို ရွတ်ပြ၊ ကဗျာတွေကို ခံစားပြနဲ့ သူကိုယ်တိုင်ကိုက ကဗျာဖြစ်သွားပါတော့တယ်။

(၃)

‘ဟောဒီလူဟာ
ကလေးဘဝ အစကတည်းက
အမေလို့ ခေါ်မယ်ကြုံကာရှိသေး
အဝေး .... ပျောက်ဆုံးသွား
ရည်းစားဦးနဲ့ ကွဲဖူး
အောင်မြင်မှုတွေနဲ့ အခါခါလွဲဖူး
ဆယ်နှစ်တစ်ကြိမ်
အိမ်သတိရ ခရီးရှည်
ပုံမှန်ထွက်ခဲ့ရ’

ဆရာဟာ သူ့ဘဝအကြောင်း အမေနဲ့ အခမ်းအနားတခုမှာ ဒီလိုပြောပြပါတယ်။ ‘ကျနော် သုံးလေးနှစ်သားမှာ ပြည်တွင်းစစ်ကြီး စဖြစ်တယ်။ ကျနော်တို့ ပုသိမ်က ပြည်တွင်းစစ် တော်တော်သည်းသန်တယ်။ တနေ့မှာ ပုဆိုးစုတ်ကလေး ခေါင်းပေါ်တင်ပြီး ဈေးဝယ်ထွက်သွားတဲ့ အမေ။ ညနေထိပြန်မလာဘူး။ နောက်နေ့လည်း ပြန်မလာဘူး။ နောက်တစ်နေ့လည်း ပြန်မလာဘူး။ ကျနော်တို့လည်း နှံ့နေအောင်ရှာကြ၊ ဘယ်မှာမှရှာလို့ မတွေ့တော့ဘူး။ ဗုံးထဲများ ပါသွားလေသလား။ မိုင်းနင်းမိပြီး တစစီ တဖွဲ့စီဖြစ်သွားလေသလား။ ဘက်နက်ဒဏ်ရာ၊ သေနတ်ဒဏ်ရာနဲ့ ငဝန်မြစ်ထဲပဲ မျောပါသွားလေသလား။ ကျနော့်အမေ ဘယ်ရောက်သွားတာလဲ။ ကျနော်နဲ့ အမေဟာ သေကွဲကွဲတာလား၊ ရှင်ကွဲ ကွဲတာလား။ ပြည်တွင်းစစ်ကြီး ရပ်စေချင်လှပါပြီ။ ရပ်ကြပါတော့၊ ငြိမ်းကြပါတော့။’

‘ကျနော် ၁၀ နှစ်သားလောက်မှာ ကျနော် သူငယ်ချင်းလေးနဲ့ ငဝန်မြစ်ထဲ ရေကူးနေခဲ့ကြတယ်။ ကလေးတွေဆိုတော့ လူကြီးတွေ ပူနေလို့ ပူနေမှန်းမသိ၊ နေ့လယ်ကြီးကတည်းက ကူးနေလိုက်ကြတာ။ ညနေစောင်းရောက်လာတော့ ကျနော်နဲ့ ရေကူးနေတဲ့ သူငယ်ချင်းရဲ့အမေ လိုက်လာတယ်။ သူ စိတ်ပူနေရတဲ့အကြောင်း၊ မသိတတ်တဲ့အကြောင်း ဆူပူငေါက်ငန်းပြီး သူ့သားကို လက်ထဲက အသင့်ပါလာတဲ့ ဝါးခြမ်းပြားကလေးနဲ့ ရိုက်ပြီးခေါ်သွားတယ်။ ဒီကောင်ကလည်း ကျနော့်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ငိုပြီး သူ့အမေနောက်ကို လိုက်သွားတယ်။ ကျနော်လေ.... ဘယ်လိုနေလို့ နေခဲ့ရမှန်း မသိတော့ဘူး။ ကျနော့်ကို ပူပန်မယ့်၊ ဆူမယ့်၊ ငေါက်ငမ်းမယ့်၊ ဝါးခြမ်းပြားနဲ့ ရိုက်မယ့် အမေ .... ဘယ်မှာလဲ၊ ဘယ်မှာလဲဗျာ။ ကျနော် အရိုက်ခံချင်လိုက်တာ။ ကျနော့်ကိုရိုက်မယ့်အမေ ဘယ်မှာလဲ။ ကျနော် ဘယ်လိုမှ စဉ်းစားလို့မရတော့တဲ့နောက် ငဝန်မြစ်ထဲခုန်ချ၊ ရေအောက်ငုတ်ပြီး အမေရေလို့ အသံကုန်အော်ဟစ်ပစ်လိုက်မိတယ်။ ဘယ်နှစ်ကြိမ် အော်လိုက်မိမှန်းတောင် မသိနိုင်တော့ဘူး။’

ပြီးတော့ ဆရာက ဆက်ပြောပြပြန်ပါတယ်။

‘ကျနော့် ပုသိမ်ကအိမ်ရဲ့ ခြေရင်းပျဉ်ထောင်မှာ မြေဖြူနဲ့ ရေးထားတဲ့ နေ့စွဲနှစ်ခုရှိတယ်၊ ၂၂–၈–၆၇ နဲ့ ၆–၈–၇၈၊ ကျနော်က ၆၇ ခုနှစ်မှာ တခါ၊ ၇၈ ခုနှစ်မှာ တစ်ခါ အထဲကိုရောက်ခဲ့ရတယ်။ အိမ်နဲ့ ဝေးခဲ့ရတဲ့ ရက်တွေပေါ့ဗျာ။ နောက်ရှစ်ဆယ့်ရှစ် စစ်တပ်က အာဏာသိမ်းလိုက်တဲ့အခါ အိမ်နှင့်တခါဝေးခဲ့ရပြန်တယ်။ အခုလည်း ၉၈၊ ၉၉ အိမ်နှင့် ဝေးခဲ့ရပြန်ပြီ။’

‘ကြာတော့လည်း ဒီလူ့အသည်း
တဲတဲလေးမှ တဲတဲလေးရယ်
မျက်လုံးအိမ်ဟာ
အလွမ်းဖွဲ့စိမ်
အချိန်တိုင်းရီဝေလို့’

ဒီအလွမ်းတွေနဲ့ပဲ ဆရာဟာ အလွမ်းပင်တောတွေ ဖြစ်ခဲ့၊ ဝါကျင့်ကျင့် နေ့ခင်းရှည်တွေဖြစ်ခဲ့၊ မိုးရိပ် လေရိပ်နဲ့ မတ်လအရိပ်တွေဖြစ်ခဲ့၊ ကောင်းကင်တော် တမ်းချင်းတွေဖြစ်ခဲ့ရပါတယ်။

ဆရာဟာ ခံစားစရာရှိရင် သူများထက် ပိုပြီးခံစားတတ်ပြီး လွမ်းစရာရှိရင် သူများထက် ပိုလွမ်းတတ်တယ်။ တနေ့မှာ ဆရာ ဆီးချိုစစ်ဖို့ ကျနော်တို့ ဆေးရုံလိုက်ဖြစ်ကြတယ်။ ကျနော်တို့က တပတ်ကိုနှစ်ကြိမ် အခြေအနေဆိုးရင်ဆိုးသလို ဆရာဝန်နဲ့ ပြခွင့်ရှိပါတယ်။ ကျနော်တို့ ဆရာဝန်နဲ့ တွေ့ရမယ့်နေရာနဲ့ မလှမ်းမကမ်းမှာ အိုနာဆောင် ဆိုတာရှိတယ်။ အိုနာဆောင်ဆိုတာက အသက်(၇၀)ဝန်းကျင် အကျဉ်းသားတွေထားတဲ့ အဆောင်ပါ။ ထောင်ဝင်စာကလည်း မလာကြ၊ ရောဂါကလည်းသည်း၊ ထောင်ကလည်း တာဝန်မယူနိုင်ဆိုတော့ တကယ့်ကို ဂီလာနဆောင်ကြီး ဖြစ်နေတာပါ။

‘ကြည့်စမ်းပါဦးဗျာ၊ ကမ္ဘာကျော် ဒါရိုက်တာ စတီဗင်စပီးဘတ်သာတွေ့ရင် ရုပ်ရှင်မရိုက်ဘဲ နေနိုင်မှာမဟုတ်ဘူး။ သေနေ့မစေ့ဘဲစောပြီး တဝက်သေနေကြတဲ့သူတွေ၊ ဘယ်သူ့အဖေတွေများ ဖြစ်လေမလဲ။’

အဲဒီ့ အချိန်လေးမှာမှ ဇာတ်တိုက်ထားသလို မိလ္လာစဥ့်အိုးထမ်းလာတဲ့ လူနှစ်ယောက် ကျနော်တို့ဘေးက ဖြတ်သွားကြတယ်။ အချိန်အစိတ်ဝင်စဥ့်အိုးကို သွပ်ဆူးကြိုးနဲ့သိုင်းပြီး သုံး–နှစ် ထမ်းပိုးနဲ့ လျှိုပြီးထမ်းလာကြတာ။ အိုးထဲမှာက မိလ္လာအပြည့်နဲ့။ ဒီအထိက ထောင်ထဲမှာ သိပ်ဆန်းလှတာ မဟုတ်သေးပါဘူး။ ထမ်းလာတဲ့ လူနှစ်ယောက်ကမှ ဆန်းတာ။ တယောက်မှာက ဘယ်ဖက်ခြေထောက် မရှိဘူး။ နောက်တယောက်မှာက ညာဖက်ခြေထောက်မရှိဘူး။ ထောင်ကလုပ်ပေးတဲ့ မသပ်မရပ် ဂျိုင်းထောက်ကိုယ်စီနဲ့။

ဆရာကို ကျနော်လှည့်ကြည့်လိုက်တော့ ကျနော်ခန့်မှန်းထားတာထက်တောင် ဆရာ့မျက်နှာပျက်နေပြီ။ အဲဒီနောက်ပိုင်းမှာ ဆရာ့ကို ဆေးရုံခေါ်လို့မရတော့ဘူး။

သာယာဝတီ အကျဉ်းထောင်ထဲမှာ မကြားချင်လည်း ကြားရ၊ မမြင်ချင်လည်း မြင်နေကြရတဲ့ ဒီမြင်ကွင်းတွေကနေ ဆရာ့ကို ကဗျာတွေထပ်ပေးပြန်ပါတယ်။ ဒီရင်ခုန်သံတွေကြောင့် ‘မဟာကာလ ငရဲ’ ကဗျာရှည်ကြီးကို ရေးဖြစ်တယ်။ ‘ပြည်လမ်း’ကို ရေးဖြစ်တယ်။ ‘နွားကျောင်းသား’ကို ရေးဖြစ်တယ်။ ‘မက်တာမက်ဖောဆစ်’ကိုရေးဖြစ်တယ်။ ‘မြစ်’ကို ရေးဖြစ်တယ်။ ‘မဟာကာလ ငရဲ’နဲ့ ‘မြစ်’ ကတော့ဆရာ ရဲ့ Master Piece (အပြောင်မြောက်ဆုံး လက်ရာ)တွေ ဖြစ်ခဲ့ရပါပြီ။

(၄)

‘ကျနော်
ကျနော့် အရိပ်ထက် လွတ်လပ်
ကျနော့် အရိပ်လောက် မငတ်မွတ်
ကျနော့် အရိပ်ထက် ပြောဆိုနိုင်ရဲ့။’

ဆရာဟာသူ့ရဲ့ Documentary (မှတ်တမ်းဗွီဒီယို) ရိုက်ရတဲ့ အတွေ့အကြုံကို ပြောပြပါတယ်။ တခါတခါ သူ့ကို ထောက်လှမ်းရေးလို့ အထင်ခံရတတ်ပြီး မကြာမကြာ ထောက်လှမ်းရေးရဲ့ ဒုက္ခပေးတာ ခံရတတ်ပါသတဲ့။ အင်းဝသား ကဗျာဆရာနှစ်ယောက်ကို မှတ်တမ်းဗွီဒီယိုရိုက်နေတုန်းမှာတော့ ဘာအကြောင်းပြချက်မှမပေးဘဲ ရိုက်နေတဲ့ ဆရာကိုရော၊ မြို့ခံ ဆရာကြည်အောင်နဲ့ ကိုလေး (အင်းဝဂုဏ်ရည်)တို့ကိုပါ ဖမ်းဆီးခဲ့ပါတယ်။ ဗွီဒီယိုရိုက်စက်ကိုပါ သိမ်းပြီး တံတားဦးအချုပ်ခန်းမှာ သုံးယောက်သား ထည့်ချုပ်ထားပါတယ်။ သုံး၊ လေးလ ချုပ်ထားပြီး ထောင်ချပစ်ဖို့ တဲတဲလေးမှာမှ အမေလူထုဒေါ်အမာဝင်ကယ်လို့ လွတ်မြောက်လာခဲ့ရတဲ့အကြောင်း အမေမာ့မွေးနေ့ အမှတ်တရစကားဝိုင်းမှာ ဆရာကပြောပြခဲ့ပါတယ်။

ဆရာရဲ့ ကမကထပြုမှုတွေနဲ့ပဲ ကျနော်တို့ စနေဆွေးနွေးပွဲတွေ၊ တနင်္ဂနွေစကားဝိုင်းတွေ ပုံမှန်လုပ်နိုင်ခဲ့ပါတယ်။ ဒီစကားဝိုင်းတွေကနေ ကဗျာတွေ ဖြစ်လာတယ်၊ ဝတ္ထုတိုတွေ ဖြစ်လာတယ်။ ဆောင်းပါးတွေ ဖြစ်လာတယ်။

လွတ်လပ်ငြိမ်းချမ်းစွာကွဲလွဲခွင့်ကို ပိုပြီးချစ်တတ်၊ ပိုပြီး တန်ဖိုးထားတတ်လာတယ်။ ဆရာရှိနေတဲ့နေရာဟာ မှောင်ချင်မှောင်မယ်၊ လင်းချင်လင်းမယ်။ ဘယ်လိုအနေ အထားမှာဖြစ်ဖြစ်ဆရာဟာ အောင်မြင်စွာပဲ ကဗျာသာသနာ ပြုနိုင်ခဲ့ပါတယ်။

‘ဘာပဲဖြစ်ဖြစ်
ချစ်တဲ့ နန်းရေ ....
စိတ်ဓာတ်ကို မြားမမှန်နိုင်ဘူးလေ။’

ဟုတ်ပါတယ်ဆရာ။ ဆရာရဲ့ လူထုကြီးကိုချစ်တဲ့၊ ငြိမ်းချမ်းရေးကို ချစ်တဲ့၊ လွတ်လပ်မှုကိုချစ်တဲ့ စိတ်ဓာတ်ကို ဘယ်လိုမြားမျိုးမှ မမှန်နိုင်ဘူးဆိုတာ သေချာခဲ့ပါပြီ။❖

# အမျိုးသားထောက်လှမ်းရေးအဖွဲ့ ပြိုလဲ

လွန်ခဲ့သည့် နှစ်(၂၀)ခန့်ကစတင် ဖွဲ့စည်းခဲ့သည့် အမျိုးသားထောက်လှမ်းရေး အဖွဲ့ 'အဲန်အိုင်ဘီ'ကို ဆက်လက်ထား ရှိရန် မလိုအပ်တော့သည့်အတွက် ဖျက်သိမ်းလိုက် ကြောင်း နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်း ရွှေက အောက်တိုဘာ(၂၂)ရက်နေ့တွင် အမိန့် ထုတ်ပြန်လိုက်သည်။

လက်ရှိအခြေအနေအရ ထောက်လှမ်း ရေးအဖွဲ့ကို ဆက်လက်ထားရှိရန် မလိုအပ် တော့သည့်အတွက် ယခုလို ဖျက်သိမ်းလိုက် ခြင်းဖြစ်သည်ဟု နအဖ၏ကြေညာချက်တွင် ဖော်ပြထားသည်။ ၁၉၈၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ သည့် 'အဲန်အိုင်ဘီ' ဥပဒေအရ စစ်ဘက် ထောက်လှမ်းရေးကို အာဏာကုန်ပေးအပ် ကာ 'အဲန်အိုင်ဘီ'၏ လက်အောက်တွင် ရဲ၊ အထူးသတင်းတပ်ဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းကာ ဝန်ကြီးများရုံးတွင် ရုံးစိုက်ခဲ့ သည်။

ယခုလို အဲန်အိုင်ဘီ ခေါ် အမျိုးသား ထောက်လှမ်းရေးအဖွဲ့ကိုဖျက်သိမ်းလိုက်ခြင်း နှင့်ပတ်သက်၍ ဗိုလ်တထောင်သတင်းစာ အငြိမ်းစား အယ်ဒီတာချုပ် ဦးထိန်လင်းက 'အဲန်အိုင်ဘီ'မရှိသော်လည်း စစ်အာဏာရှင် စနစ်ရှိနေလျှင် ဒီမိုကရေစီမရသမျှ ကာလ ပတ်လုံးဆိုးကျိုးများ ဖြစ်နေဦးမည် ဖြစ်သည် ဟု ဝေဖန်ပြောဆိုခဲ့သည်။ ပြည်ပ အခြေစိုက် အမျိုးသားဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီ သုတေ သနဌာနမှ မြန်မာ့စစ်ရေးလေ့လာသူ ဒါရိုက် တာဦးဌေးအောင်က နအဖ အနေနှင့် ကက (လှမ်း)နှင့် ကက (ကြည်း)တို့အကြားဖြစ် ပေါ်နေသောပြဿနာများကြောင့် အဲန်အိုင်ဘီ ကို အသစ်ပြန်လည်ဖွဲ့စည်းရန် လိုအပ်နေ၍ ဖျက်သိမ်းလိုက်ခြင်းဖြစ်နိုင်ကြောင်း ဝေဖန် ခဲ့သည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ကမူ ဗိုလ်ခင်ညွန့်၏ဩဇာအရှိန်အဝါနှင့် ဩဇာခံများကိုချုပ်ရန် အမျိုးသားထောက် လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းခြင်းဖြစ်သည်ဟု သုံးသပ်ခဲ့သည်။

၁၉၈၃ ခုနှစ် မဆလလက်ထက်က ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးချုပ် တင်ဦး အား လာဘ်စားမှုဖြင့် ဦးနေဝင်းကအကြောင်း ပြ ဖမ်းဆီးကာ ထောက်လှမ်းရေးအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း ယခု နအဖ လက်ထက်တွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ရာထူး မှဖယ်ရှားကာ တနိုင်ငံလုံးရှိ ထောက်လှမ်း ရေးအဖွဲ့ဝင်များအား ဒေသဆိုင်ရာစစ်တပ် ကဖမ်းဆီးမှုများပြုလုပ်၍ အမျိုးသားထောက် လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ခြင်းဖြစ် သည်။ 'အဲန်အိုင်ဘီ'သည် ဦးနေဝင်းလက် ထက် တပါတီစနစ်ထူထောင်ရာတွင် အလွန် ဩဇာကြီးသည့် အဖွဲ့အစည်းဖြစ်သည်။ ❖

# ရန်ကုန်မြို့လယ် ပုဇွန်တောင်ကြံ့ဖွံ့ရုံး မီးတင်ရှို့ခြင်းခံရ

အောက်တိုဘာ(၃)ရက်နေ့ ညက ရန်ကုန်မြို့လည် ပုဇွန်တောင်မြို့နယ် ရပ်ကွက် (၁၈)ရှိ ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံးကို အမည်မသိ လူငယ်တစုက မီးတင်ရှို့သွားကြောင်း ပြည် တွင်းသတင်းများအရ သိရသည်။

ထိုနေ့ည ၁၀ နာရီနှင့် ၁၁ နာရီကြား အချိန်ခန့်က အဆိုပါ ကြံ့ဖွံ့ရုံးအနောက် ဘက်ခြမ်းကို အမည်မသိလူငယ်တစုက မီးတင်ရှို့ခဲ့သည့်အတွက် ရပ်ကွက်အတွင်းရှိ လူများက ဝိုင်းဝန်းငြိမ်းသတ်လိုက်ရကြောင်း မျက်မြင်သက်သေတဦး၏ အဆိုကို ကိုးကား ၍ ဒီဗွီဘီအသံလွှင့်ဌာနက ထုတ်လွှင့်သွား ခဲ့သည်။

ထိုသို့ဖြစ်ပွားရခြင်းမှာ ကြံ့ဖွံ့အဖွဲ့ ဝင်များသည် ရပ်ကွက်အတွင်းရှိ ပြည်သူ များအပေါ် တလွဲအခွင့်အာဏာသုံးနေခြင်း ကြောင့် မကျေနပ်မှုများဖြစ်ပွားနေရမှ ယခု လိုဖြစ်ပွားရခြင်း ဖြစ်နိုင်ကြောင်းကိုလည်း အဆိုပါ မျက်မြင်သက်သေက ပြောကြားခဲ့ သည်။

ယခုလို ကြံ့ဖွံ့ရုံးတရုံး မီးတင်ရှို့ခံ ရ ခြင်းမှာ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေး အ သင်းခေါ် ကြံ့ဖွံ့အသင်းဖွဲ့စည်းခဲ့သည့် (၁၀) နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်ပြီး ပြည်သူများက အဆိုပါအသင်းအ ပေါ် မလိုလားမှုများကို ထင်ထင်ရှားရှား ပြသလာခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာ သူများက ဆိုသည်။

ကြံ့ဖွံ့အသင်းကို ၁၉၉၃ ခု စက်တင်ဘာ (၁၅)ရက်နေ့က နအဖဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် စတင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး စစ်အာဏာတည်မြဲရေး အတွက် လက်ကိုင်တုတ်အဖြစ် အသုံးချခံနေရ သည့် အဖွဲ့ဖြစ်သည်။ ၂၀၀၃ ခုနှစ်စာရင်း များအရ အဖွဲ့ဝင် (၁၉)သန်း ခန့်ရှိသည်ဟု ဆိုသော ထိုအဖွဲ့တွင် ကိုယ်ကျိုးစီးပွားအတွက် အသင်းဝင်ဖြစ်လာသူများနှင့် ဖိအားပေးမှု အမျိုးမျိုးခံခဲ့ရ၍ ဝင်ရောက်သူများက ပိုများ ပြားကြောင်း လေ့လာစောင့်ကြည့်နေသူများ က ဆိုသည်။

ကြံ့ဖွံ့အဖွဲ့သည် နအဖကရေးဆွဲထား သည့် နိုင်ငံရေးလမ်းညွှန်မြေပုံ (၇)ချက်အရ အသစ်ပြန်လည်ကျင်းပမည့် ရွေးကောက်ပွဲ တွင် နိုင်ငံရေးပါတီအဖြစ် ရွေးကောက်ပွဲဝင် ရန်လှုပ်ရှားမှုများ ပြောင်ပြောင်တင်းတင်း ပြုလုပ်နေကြောင်း သတင်းများထွက်ပေါ် လာနေပြီး ပြည်သူလူထုကို ဖြားယောင်းမှု နည်းလမ်း အမျိုးမျိုးသုံး၍ စည်းရုံးရေး လုပ်ဆောင်နေသည့်အပြင် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများကို အစီ အစဉ်ရှိရှိ နှောင့်ယှက်နေသည့် အဖွဲ့အစည်း လည်းဖြစ်သည်။ ထို့ပြင် ၂၀၀၃ ခုမေလတွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းလုပ်ကြံမှုကြီးတွင် အဓိကအခန်းက ပါဝင်ခဲ့သည့် အဖွဲ့အစည်း လည်းဖြစ်သည်။

အဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က နိုင်ငံရေး မပါဝင်သည့် လူမှုရေးသက်သက် လုပ်ငန်း များသာ လုပ်ဆောင်မည်ဟု ကြေညာခဲ့သည့် အဖွဲ့လည်း ဖြစ်သည်။

❖

# လက်နက်ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲပေါင်းစပ်အောင်ပွဲခံမည့်ကျောင်းသားတပ်မတော်(၁၆)နှစ် မြောက်မွေးနေ့ကျင်းပ



မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၏ အထွေထွေအတွင်းရေးမှူး ရဲဘော်ကျော်ကိုပြောကြားစဉ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား ဒီမိုကရက်တစ်တပ်ဦး မကဒတဖွဲ့စည်းမှု၏ (၁၆)နှစ်မြောက် အခမ်းအနားများကို မက ဒတဌာနချုပ် အပါအဝင်တပ်ဖွဲ့ တပ်စခန်း အသီးသီး၌ သက္ကရာဇ် ၂၀၀၄ခုနှစ် နိုဝင် ဘာလ(၁)ရက်နေ့၌ကျင်းပရာ လက်နက် ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲ ပေါင်းစပ်လျက် အောင်ပွဲခံရေးလုပ်ငန်းစဉ်အပေါ်တွင် မကဒတမှ အခိုင်အမာရပ်တည်လျက်ရှိ ကြောင်း တပ်ဦး၏ဥက္ကဋ္ဌ ရဲဘော်သံခဲမှ ထုတ် ဖော်ပြောဆိုခဲ့သည်။

ဥက္ကဋ္ဌမှ 'လတ်တလောအာဏာနှင့် ကိုယ်ကျိုးစီးပွားအားပြိုင်မှုအပေါ် အခြေခံတဲ့ နအဖ စစ်ခေါင်းဆောင်တွေကြားက ပြောင်း လဲမှုတွေရှိခဲ့ပေမယ့် ကိုင်စွဲထားတဲ့ နိုင်ငံရေး ဦးတည်ချက်တွေကတော့ နဂိုအတိုင်းပဲ။ ဒါဟာ တိုင်းပြည်နဲ့လူထုကို အာဏာရှင်စနစ် ပုံစံနဲ့ ဆက်လက်သွားမယ်ဆိုတာကို အခိုင် အမာပြနေတာဖြစ်တယ် 'ဟု ယနေ့အခြေ အနေနှင့်စပ်လျဉ်း၍ ရဲဘော်ထုတရပ်လုံးသို့ အသိပေး ပြောကြားခဲ့သည်။

ပြည်တွင်းပြည်ပမှ မြန်မာပြည်သူလူထု ကြီးတရပ်လုံးအနေဖြင့် တိုက်ပွဲဝင်နိုင်ရေး အတွက်လည်း မကဒတမှ နိုးဆော်တိုက်တွန်း ချက်တရပ်ကို ယင်းနေ့၌ပင် ထုတ်ပြန်ခဲ့ ကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား



မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (၁၆)နှစ်မြောက်အခမ်းအနားကျင်းပနေစဉ်

ဒီမိုကရက်တစ်တပ်ဦးကို လွန်ခဲ့သော (၁၆) နှစ်ကာလက (၈) လေးလုံးအရေးအခင်း ကြီး၏ မပြီးဆုံးသေးသော ဒီမိုကရေစီ တိုက်ပွဲ၏ ဆက်တွဲတာဝန်ထမ်းဆောင်ရေးကို ရည်ရွယ်၍ လူငယ်ကျောင်းသားအများစုဖြင့် ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို ချမှတ်ကျင့်သုံးခဲ့သည့် တခု တည်းသော ဒီမိုကရေစီအင်အားစု ဖြစ် သည်။ (၁၆)နှစ်ကာလ လက်နက်ကိုင်တော် လှန်ရေးအတွေ့အကြုံအတွင်း၌ ဒဏ်ရာရသူ (၃၇၇)ဦးနှင့် ကျဆုံး/သေဆုံးသူပေါင်း (၅၆၅)ဦး ရှိသည်ဟုသိရသည်။ မက ဒတ အထွေထွေအတွင်းရေးမှူး ရဲဘော် ကျော်ကိုက မကဒတ ဖြတ်သန်းမှုအတွင်း အကောင်းဆုံး လုပ်ကိုင်ခဲ့တာကတော့ အမျိုးသားသွေးစည်းညီညွတ်ရေး လုပ်ငန်း ပင်ဖြစ်ကြောင်း ကျောင်းသားများက ဗမာ လူမျိုးစုများနှင့် တိုင်းရင်းသားများအကြား လူမျိုးရေးအရက္ခာဟမှုကို လျှော့ပါး အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြော ကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လွတ်မြောက်နယ်မြေ၏ အဖွဲ့ဝင် တဦးကမူ အမျိုးသားသွေးစည်းညီညွတ်ရေး လမ်းကြောင်းကို ဒီဘက်မှာ တောထွင်လမ်း ဖောက်တာ ကျောင်းသားတွေပါ။ ကျနော်တို့ က နောက်ကလိုက်ပြီး လျှောက်ရတာပါ ဟု ပြောကြားခဲ့သည်။

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဒု ဥက္ကဋ္ဌ ကိုယဉ်ထွေးကမူ လူ့ဘောင်သစ်နှင့် မကဒတဆိုတာ ခွဲမရတဲ့အစိတ်အပိုင်းပါ။ အခုလည်း ကျနော်တို့ လုပ်ငန်းတွေကို တသားတည်း လုပ်ကိုင်နေပါတယ်ဟု မိုးကြိုး သို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ❖

New Promotion on VCD Making
Mini - DV & Handy CAM



ကိုယ်တိုင်ရိုက်ကူးမှတ်တမ်းတင်၊
တည်းဖြတ်ခြင်း၊ စာတမ်းထိုးခြင်း၊
နောက်ခံစကားပြောနှင့်
တေးဂီတထည့်သွင်းခြင်းတို့ကို
အရည်အသွေးကောင်းမွန်စွာဖြင့်
ဗီစီဒီနှင့် ဒီဗီဒီများ အလျင်အမြန်ဂရုတစိုက်
ပြုလုပ်ပေးနေပါပြီ

P.O.Box (91)
63110, Mae Sot,
Tak, Thailand
လူထုလက်ရုံး စတူဒီယို
EMail - mojo_professional@yahoo.com
Mobile - 061180177
- 071729803

